# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက် | ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၅ ရက်၊ သောကြာနေ့ | အတွဲ (၅၈)၊ အမှတ် (၂၇၈)


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

# ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၁၉)ကျင်းပ



**နေပြည်တော် ဇူလိုင် ၄**

လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၁၉)ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးများကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ယင်းလွှတ်တော်အစည်းအဝေးများတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း ဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြု ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးကိစ္စရပ်များ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး လွှတ်တော်အသီးသီးတွင် ဆောင်ရွက်နေဆဲဖြစ်သည့် ဥပဒေကြမ်းနှင့် အခြားသော လွှတ်တော်ဆိုင်ရာ လုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ✽

**ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၁၉) တွင် အမှာစကားပြောကြားစဉ်။**

သတင်းစဉ်



## လူ့အခွင့်အရေးကောင်စီ၏ (၄၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူနှင့် အပြန်အလှန်ဆွေးနွေးပွဲ၌ မြန်မာအမြဲတမ်းကိုယ်စားလှယ်က ရှင်းလင်းပြောကြား

စာမျက်နှာ - ၄


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

**မြန်မာ့အလင်း**

# ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြဖို့

ဒီမိုကရေစီစနစ်အုတ်မြစ်ခိုင်မာရေး၊ ဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ပြည်သူတို့ဘဝ လုံခြုံချောင်ချိစွာ နေထိုင်ရှင်သန်ရေး အစရှိသည့် ရည်မှန်းချက်များကို ဦးတည်၍ ပြောင်းလဲချိန်တန်ပြီဟူ၍ ကြွေးကြော်ကာ ပြည်သူ့ကိုယ်စားလှယ်များ၊ ခေါင်းဆောင်များ ပြည်သူတို့နှင့်အတူ ရုန်းကန်လှုပ်ရှား ဆောင်ရွက်လာခဲ့ကြသည်မှာ နှစ်အတော်အတန်ရခဲ့ပြီဖြစ်သည်။

အောင်မြင်ခဲ့သည်များ ရှိသလို၊ အစဉ်အဆက်ကပါလာသည့် အရှုပ်အထွေးများကို မရှင်းနိုင်ဘဲ ဒရေသောပါး သွားနေရသည်တို့ကလည်း မနည်းလှ။ အဓိကကျ အရေးပါသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ကဲ့သို့သော လုပ်ငန်းကြီးများအတွက် လွှတ်တော်များနှင့် ပြည်သူ့ကိုယ်စားလှယ်များက စည်းဝေးဆွေးနွေးနေကြသည်များကိုလည်း သတင်းများအရ သိရပါသည်။

သည်လိုဆောင်ရွက်နေကြသည့်ကြားထဲတွင် ပိုမိုထိထိရောက်ရောက် ကိုင်တွယ်ထိန်းကွပ်ရန်လိုအပ်လာသည့် ရာဇဝတ်ပြစ်မှုများကလည်း ကျေးလက်ဒေသများရော မြို့ကြီးများပေါ်တွင်ပါ ထင်ထင်ရှားရှားရှိနေပါသည်။ လွယ်လွယ်ထိန်းကွပ်နိုင်မည်ဟု ပြည်သူတို့ယူဆခဲ့ကြသော လမ်းဘေးဈေးဆိုင် ပြဿနာများ၊ ကျူးကျော်အိမ်ရာ တိုးပွားလာမှု ပြဿနာများမှသည် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု အကြီးစားများ၊ လိင်ပိုင်းဆိုင်ရာ ပြစ်မှုကျူးလွန်မှုများ၊ သက်ကြီးမရှောင် သက်ငယ်မရှောင် လိင်မှုဆိုင်ရာ အဓမ္မမှုများ၊ လူမှုအဖွဲ့အစည်းအဖို့ ယုံကြည်ရန်ပင်ခက်ခဲလှသည့် ကလေးသူငယ်မုဒိမ်းမှုများ အစရှိသော ရာဇဝတ်အမျိုးမျိုး က အလျှိုအလျှို ထိန်းမနိုင်သိမ်းမရဟု ဆိုရမတတ်ဖြစ်လာခဲ့သည်။

ခါးသီးသော သင်ခန်းစာများကို မျိုချလာရသည့်အခါ ရဲရင့်ပြတ်သားသည့် ခြေလှမ်းများကို လိုအပ်လာတတ်ပါသည်။

မြန်မာ့လွတ်လပ်ရေးရခါနီးချိန် ဖဆပလဥက္ကဋ္ဌ ဦးအောင်ဆန်း အနေဖြင့် ၅ ဧပြီ ၁၉၄၇ ညနေ ၆ နာရီ ၃၃ မိနစ်အချိန်က အသံလွှင့်ဌာနမှ မြန်မာပြည်သူသို့ မိန့်ခွန်းဟောပြောခဲ့ဖူးသည်။ ထိုမိန့်ခွန်းပါ-

"ယနေ့ညတော့ ဖဆပလရဲ့ ရှေ့ဆုံးတန်း ခေါင်းဆောင်တွေဟာ လမ်းနှစ်ခွကို ရောက်ပြီဆိုတာ ပြောချင်တယ်။ တစ်လမ်းက တစ်အိမ်လုံးအထိ လောင်စပြုနေတဲ့ မီးကို နိုင်နိုင်နင်းနင်းငြိမ်းရမည့် လမ်းဖြစ်တယ်။ တခြားတစ်လမ်းကတော့ အိမ်ကြီးလည်း လောင်ချင်သလို လောင်ပါစေတော့ဆိုပြီး အိမ်ပေါ်က ဆင်းပေးတဲ့လမ်းဖြစ်တယ်။

"ဒီလမ်းနှစ်ခုအတွက် ဘယ်လမ်းကို ကျွန်တော်တို့ခေါင်းဆောင်တွေလိုက်ကြမယ်ဆိုတာ အနေးနဲ့အမြန် ကျွန်တော်တို့ သန္နိဋ္ဌာန်ချကြရလိမ့်မယ်။ ယခုလို တစ်ပြည်လုံးအထိ ကူးစက်ပြီး မီးဟုန်းဟုန်းတောက်ဖို့ အရှိန်ယူနေတဲ့အခါမျိုးမှာ တွေဝေမိန်းမောခြင်း၊ ချီတုံချတုံ ဖြစ်ခြင်း၊ မှန်တယ်ထင်ရာကို မလုပ်ရဲခြင်းထက် ပိုပြီးမှားတဲ့အမှားမျိုးဟာ ရှိနိုင်တော့မယ် မဟုတ်ဘူး။"

ဗိုလ်ချုပ်အောင်ဆန်းဟုဆိုလျှင် အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေး၏ ဖခင်ကြီးအဖြစ် သတ်မှတ်ကြည်ညိုခဲ့ကြသော မြန်မာပြည်သူလူထုအဖို့ ယခုလို ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့် ကာလများတွင် ပိုမိုသတိတရ လွမ်းတသသ ဖြစ်ရပါသည်။ ဗိုလ်ချုပ်အောင်ဆန်းက နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ရာတွင် မည်မျှလောက် ရင့်ကျက်မြော်မြင်ဉာဏ်ကြီးသည်ကို ထပ်မံ၍ အချိုပေါ် သကာမလောင်းလို။ သို့သော် သူ၏ ဂိုဏ်းဂဏကင်းမဲ့မှု၊ သူ့လူ ကိုယ့်လူရယ် မဟုတ်ဘဲ နိုင်ငံအတွက် လိုအပ်လျှင် လိုအပ်သလို ဆန်ရင်းနာနာဖွပ် တွန်းတိုက်ဦးဆောင်ခဲ့ပုံမျိုးက တွေးမိတိုင်း ကျေးဇူးကြီးလှချည့်ဟု၊ ကြည်ညိုထိုက်လှသည်ဟု မြင်ပါသည်။

ယနေ့ မြန်မာနိုင်ငံအတွင်းက ရာဇဝတ်မှုများတွင် ပြစ်မှုကျူးလွန်သည့် တရားခံများကို ထိထိရောက်ရောက် အပြစ်ပေးနိုင်၊ ကိုင်တွယ်နိုင်သော တရားဥပဒေစိုးမိုးရေး အခြေခံထိန်းကွပ်မှုကို အင်တိုက်အားတိုက် ဆောင်ရွက်ကြခြင်းဖြင့် အမျိုးသားခေါင်းဆောင်ကြီး မျှော်လင့်ခဲ့သော လမ်းမှန်ပေါ်သို့ အင်အားပြည့်ပြည့် တက်ရောက်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။ ။

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ(၆)ရက် (စနေနေ့)

6 July 2019 #coopsday International Day of Cooperatives

International Co-operative Alliance

" Coops 4 Decent Work "

"အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ဖို့ သမဝါယမအသင်းများဆောင်ရွက်စို့"

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၄**

တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

## တာချီလိတ်မြို့နယ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းစည်းဝေး

**တာချီလိတ် ဇူလိုင် ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လူဇင်ဘတ်နိုင်ငံ၏ အကူအညီဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ်အရှေ့ပိုင်းရုံးခွဲဦးစီးမှူး ဦးသန်းလင်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် လူဇင်ဘတ်နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်သည်။

တာချီလိတ်မြို့နယ်အတွင်း လူဇင်ဘတ်နိုင်ငံ၏ အကူအညီဖြင့် နားယောင်းကျေးရွာအုပ်စုနှင့် မိုင်းကိုးကျေးရွာအုပ်စုတို့တွင် ဆောင်ရွက်မည့် ကျေးလက်ရေပေးဝေရေးလုပ်ငန်း၊ ကျောင်းစာသင်ခန်းသုံး သင်ထောက်ကူပစ္စည်းများထောက်ပံ့ရေး၊ ရေအားလျှပ်စစ်ရရှိရေး၊ စိုက်ပျိုးရေးနည်းပညာနှင့် မျိုးစေ့ထောက်ပံ့ရေး၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးနည်းပညာ ဖြန့်ဖြူးရေးလုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးသည်။

လူဇင်ဘတ်နိုင်ငံမှ ထောက်ပံ့ကူညီငွေ ယူရို ၁၀ သန်းဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်ရှိ ကျေးရွာ ၈၀၊ တာချီလိတ်မြို့နယ်ရှိ ကျေးရွာ ၁၁ ရွာ၊ မိုင်းဖြတ်မြို့နယ်ရှိ ကျေးရွာ ခုနစ်ရွာနှင့် မိုင်းယောင်းမြို့နယ်ရှိ ကျေးရွာတစ်ရွာတို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တာချီလိတ်မြို့နယ်ရှိ ကျေးရွာ ၁၁ ရွာတွင် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်း သိရသည်။

**ဖြိုးလေး (ပြန်/ဆက်)**



ကျေးလက်ဖွံ့ဖြိုးရေး ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

## သဖန်းဆိပ်ဆည်ရေသောက်ရေယာများကို အလှည့်ကျစနစ်ဖြင့် ဆည်ရေပေးဝေမည်

**ခင်ဦး ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံတွင် ရေသိုလှောင်နိုင်သည့် ပမာဏကေပေ ၂၈ သိန်းခန့်ရှိရာ ဇူလိုင် ၄ ရက်အထိ ရေလက်ကျန်မှာ ၆၇၇၉၆၅ ကေပေသာ ကျန်ရှိတော့သဖြင့် မိုးစပါး လျာထားရေယာများအား စိုက်ပျိုးရေ အောင်မြင်စွာ ပေးဝေနိုင်ရန်အတွက် ဆည်ရေသောက်ရေယာများကို ဇူလိုင် ၃ ရက်မှစ၍ အလှည့်ကျစနစ်ဖြင့် ဆည်ရေများ ပေးဝေကြောင်း ခင်ဦးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ဆည်ရေများကို အလှည့်ကျစနစ်ဖြင့် ရေပေးဝေသွားမည်ဖြစ်ကြောင်းကို မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆည်ရေသောက်ကျေးရွာများသို့ သွားရောက်ပြီး ပျိုးထောင်ရေးနှင့် ထွန်ယက်ရေးအတွက် လိုအပ်သည့်ပမာဏကိုသာ ရယူကြရန်၊ ကွက်ဆင့်သောက်စနစ်ဖြင့် ရေယူရေယာများတွင် မိမိလယ်ကွက်အတွင်း ရေပြည့်စုံပါက ကန်သင်းအလုံပိတ်မထားဘဲ အောက်ဘက်တောင်သူများအတွက် သဘောထားကြီးစွာဖြင့် ရေဖွင့်ပေးကြရန်။

သဖန်းဆိပ် ရေလှောင်တမံအတွင်းရှိ လက်ကျန်သိုလှောင်ရေ နည်းပါးနေသဖြင့် မိုးစပါးလျာထားရေယာများကို စိုက်ပျိုးရေ အောင်မြင်စွာ ပေးဝေနိုင်ရန်အတွက် ရေကိုလေလွင့် ဆုံးရှုံးမှုမရှိစေဘဲ စနစ်တကျသုံးစွဲကြရန်၊ ဆည်ရေသောက်ရေယာအတွင်း မိုးများစွာရွာသွန်းပါက ဆည်ရေပေးဝေမှုကို ခေတ္တထိန်းညှိ၍ ဆည်အတွင်း ရေသိုလှောင်ထားရှိမည်ဖြစ်ကြောင်း၊ ရေလှည့်စနစ်ကျင့်သုံး၍ ရေပေးဝေမည်ဖြစ်သဖြင့် စည်းကမ်းချိုးဖောက်၍ မိမိရေလှည့် မဟုတ်ဘဲ ရေယူပါက ဆည်မြောင်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်းနှင့် အခက်အခဲရှိပါက ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း စသည့်အချက်များကို လှည့်လည်နှိုးဆော် အသိပေးကြေညာလျက်ရှိသည်။

ရေအလှည့်အစီအစဉ်များ ပါရှိသော လက်ကမ်းစာစောင်များကို တောင်သူများထံသို့ ဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် ခင်ဦးမြို့နယ်တွင် ကင်းတပ်လက်ဝဲတူးမြောင်းမှ မိုးစပါး လျာထားဧက ၂၅၉၀၄ ဧက လျာထားကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးမှူးဦးဆန်းနိုင်ထံမှ သိရသည်။

**စိုးဝေအောင် (ခင်ဦး)**



သဖန်းဆိပ်ရေလှောင်တမံ ရေသိုလှောင်ထားမှုအခြေအနေကို ဇူလိုင် ၄ ရက်က တွေ့ရစဉ်။

## ကလေးငယ်များအတွက် စာဖတ်ရှုန်မြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်

**မန်ကန် ဇူလိုင် ၄** - ရှမ်းပြည်နယ်အရှေ့ပိုင်းမန်ကန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ငှက်ကာအုပ်စု မန်ပန်ကျေးရွာ မူလတန်းကျောင်း၌ ကလေးငယ်များ စာဖတ်ရှုန်မြှင့်တင်ရေးလုပ်ငန်းကို ဇူလိုင် ၂ ရက်က ဆောင်ရွက်သည်။ စာဖတ်ရှုန်မြှင့်တင်ရေးဟောပြောပွဲတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ဥမ္မာချိုနှင့် စာကြည့်တိုက်လက်ထောက်-၃ ဦးကျော်ဇင်ထက်တို့က ကလေးငယ်များ စာဖတ်သည့်အလေ့အထတိုးပွားအောင် ငယ်စဉ်မှစ၍ ဆောင်ရွက်ရန်နှင့် စာပေမှရရှိနိုင်သည့် အကျိုးကျေးဇူးများကို ဟောပြောကာ ဗမာ၊ ရှမ်း၊ "ဝ" ဘာသာစကား သုံးမျိုးဖြင့် စက္ကူပြဇာတ်ပုံပြောပြီး ကလေးများစာဖတ်ခြင်းကို စိတ်ဝင်စားလာစေရန် ဆောင်ရွက်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လို

**တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုပဲတိုက်တိုက်၊ ရှို့ရှို့၊ စစ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁-၁-၁၉၄၇ ရက်နေ့တွင် ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**



*✻ ရှေ့ဖုံးမှ*

သက်ဆိုင်ရာ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများအနေဖြင့် လုပ်ငန်းတာဝန်အလိုက် လိုအပ်ချက်များကို ဆွေးနွေးညှိနှိုင်းပြီး ပေါင်းစပ်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းဆောင်ရွက်**

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဒုတိယအကြိမ်လွှတ်တော် ပုံမှန်အစည်းအဝေးများကို ပထမအကြိမ်မှ (၁၂)ကြိမ်မြောက်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်၍ အတွေ့အကြုံများစွာ ရရှိခဲ့ကြောင်း၊ ယခင်အတွေ့အကြုံများအရ လိုအပ်ချက်များအပေါ် ဖြည့်စွက်၍ ယခုကျင်းပမည့် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ရန် ဆက်လက်ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က လုပ်ငန်းကော်မတီများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီအတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

သတင်းစဉ်

## သံအမတ်ကြီး ဦးသစ်လင်းအုန်း အား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် ဇူလိုင် ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်း အား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီး ဖြစ်သည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၄** - နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

## ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး Mr. Daniel Patrick Chugg အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း NVC ကတ်ကိုင်ဆောင်သူများအနေဖြင့် လွတ်လပ်စွာသွားလာနိုင်မှု အခြေအနေ၊ နိုင်ငံသားဖြစ်မှုဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ကြားဖြတ်သန်းခေါင်စာရင်း ကောက်ယူမည့် အခြေအနေများ၊ လူမျိုးစုစာရင်း ထုတ်ပြန်နိုင်မှုကိစ္စရပ်များ၊ ဘူးသီးတောင်၊ မောင်တောဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး Mr. Daniel Patrick Chugg အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်

## မုတ်သုံလေအားကောင်းနေ

**နေပြည်တော် ဇူလိုင် ၄** - မြန်မာ့ပင်လယ်ပြင်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။ **မိုး/ဇလ**



**ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေးကျင်းပစဉ်။**

သတင်းစဉ်

## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၄**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့် မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်း၊ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်းသည့် အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၄

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး Mr. Daniel Patrick Chugg နှင့် အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ IDP စခန်းများ ပိတ်သိမ်းရေးဆိုင်ရာ မဟာဗျူဟာရေးဆွဲဆောင်ရွက်နေမှု၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုသဟဇာတမျှတရေး ဆောင်ရွက်နေမှု၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များတွင် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု၊ လိင်အကြမ်းဖက်မှုများမှ တားဆီးကာကွယ်တုံ့ပြန်ရေးဆိုင်ရာကိစ္စ၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖြစ်ရပ်စီမံခန့်ခွဲမှု လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များတွင် ဗြိတိန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး Mr. Daniel Patrick Chugg နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# လူ့အခွင့်အရေးကောင်စီ၏ (၄၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူနှင့် အပြန်အလှန်ဆွေးနွေးပွဲ၌ မြန်မာအမြဲတမ်းကိုယ်စားလှယ်က ရှင်းလင်းပြောကြား

**နေပြည်တော် ဇူလိုင် ၄**

ဂျီနီဗာမြို့ ကုလသမဂ္ဂရုံး၌ ဇွန် ၂၄ ရက်မှ ဇူလိုင် ၁၂ ရက်အထိ ကျင်းပလျက်ရှိသည့် လူ့အခွင့်အရေးကောင်စီ၏ (၄၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း ဇူလိုင် ၂ ရက်တွင် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူနှင့် အပြန်အလှန် ဆွေးနွေးပွဲကို ပြုလုပ်သည်။

**အစီရင်ခံစာကို နှုတ်ဖြင့်တင်သွင်း**

ယင်းဆွေးနွေးမှုတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူက မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့်စပ်လျဉ်း၍ အစီရင်ခံစာကို နှုတ်ဖြင့် တင်သွင်းခဲ့သည်။

အဆိုပါအပြန်အလှန်ဆွေးနွေးပွဲတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်း က မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားရာ၌ ဒီမိုကရေစီစနစ်နှင့်အညီ ရွေးချယ်ခံထားရသည့် အရပ်သားအစိုးရသည် ဒီမိုကရေစီ စံနှုန်းနှင့် အလေ့အထများ ရှင်သန်ဖွံ့ဖြိုးစေရန်၊ ဒီမိုကရေစီ ယန္တရားများနှင့် တရားဥပဒေစိုးမိုးမှု ခိုင်မာစေရန်နှင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိစေရန်အတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ အစိုးရအနေဖြင့် တိုးတက်မှုများ ရရှိနေသကဲ့သို့ တစ်ဖက်တွင် ကြီးမားသည့် စိန်ခေါ်မှုများရှိနေကြောင်းနှင့် ဆက်လက်ကြိုးပမ်းအားထုတ်ရန် လိုအပ်သည်ကို ကောင်းစွာသိရှိကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းမှု၏ တိုးတက်မှုများအပေါ် ပြည်တွင်းမှအမြင်နှင့် ပြည်ပမှအမြင်တို့မှာ မတူကြပါကြောင်းနှင့် ယခုအချိန်တွင် မြန်မာနိုင်ငံ နေရာအနှံ့အပြားမှ ပြည်သူများအနေဖြင့် နိုင်ငံခေါင်းဆောင်များအား တိုက်ရိုက်ထိတွေ့တင်ပြခွင့် ရရှိနေပြီဖြစ်ကြောင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ မီဒီယာလွတ်လပ်ခွင့်၊ မိုဘိုင်းဖုန်း၊ အင်တာနက်၊ လူမှုကွန်ရက်မီဒီယာများ သုံးစွဲလာနိုင်မှုတို့မှာလည်း မြင်သာသော တိုးတက်မှုများဖြစ်ကြောင်းနှင့် တစ်ချိန်တည်းတွင် “လုံခြုံရေးနှင့်လွတ်လပ်မှု”အကြား၊ “အခွင့်အရေးနှင့် တာဝန်”တို့အကြား ထိန်းညှိဆောင်ရွက်ရန် လိုအပ်ကြောင်း။

**ပြန်လည်လက်ခံရန် အသင့်ရှိ**

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ အစိုးရအနေဖြင့် မိမိပင်မတာဝန်ကို ကောင်းစွာသိရှိသဖြင့် နိုင်ငံတော်၏ တာဝန်စတင်တာဝန်ယူခဲ့သည့်နေ့မှစ၍ ဦးစားပေးအဆင့် သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များနှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တို့၏ ဆောင်ရွက်ချက်များက ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် အဓိကအရေးပါသည့် လမ်းပြမီးအိမ်ဖြစ်ကြောင်း၊ ရေရှည်တည်တံ့သည့် ဖြေရှင်းမှုကို ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံလွှမ်းခြုံသုံးသပ်၍ အားလုံးပါဝင်သည့် ချဉ်းကပ်ဆောင်ရွက်မှုပုံစံဖြင့် ဆောင်ရွက်နေကြောင်း၊ ထိခိုက်ခံစားခဲ့ရသည့် အသိုက်အဝန်းအားလုံးမှ နေရပ်စွန့်ခွာသူများအပေါ် စာနာစိုးရိမ်ပူပန်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံသဘောတူစာချုပ်တွင် သဘောတူညီခဲ့သည့်အတိုင်း ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်ကတည်းက နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရန် အသင့်ရှိကြောင်း ထပ်လောင်းပြောကြားလိုကြောင်း၊ ယခုအချိန်တွင် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အမြန်ဆုံးစတင်ရန် လိုအပ်ကြောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံ၏ စစ်မှန်သော ကြိုးပမ်းအားထုတ် ဆောင်ရွက်မှုအပေါ် လျစ်လျူရှုမသိကျိုးကျွန် မပြုသင့်ကြောင်း ပြောကြားခဲ့သည်။

**နေရပ်ပြန်လာလိုသည့်ဆန္ဒရှိ**

အမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံအပေါ် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များဖြင့် နာမည်ဖျက်ခြင်း၊ အရှက်ရစေခြင်း၊ ဖိအားပေးခြင်းတို့ကို ပြုလုပ်မည့်အစား ရေရှည်တည်တံ့သည့် အဖြေရှာမှုအတွက် မိမိတို့နှင့်အတူ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် ဖိတ်ခေါ်ပါကြောင်း၊ မတ်လ ၁၁ ရက်တွင် လူ့အခွင့်အရေးကောင်စီ၌ ကျင်းပခဲ့သည့် အစီရင်ခံစာတင်သွင်းသူနှင့် အပြန်အလှန်ဆွေးနွေးမှုတွင် အမြဲတမ်းကိုယ်စားလှယ်မှ ၎င်းအား ကော့ခ်စ်ဘဇားစခန်း၌ ဟိန္ဒူ ၄၄၄ ဦးအပါအဝင် နေရပ်စွန့်ခွာသူများက နေရပ်ပြန်လာလိုသည့် ဆန္ဒရှိကြောင်း ထပ်တလဲလဲ ဖော်ပြနေခြင်းကို သူ့အနေဖြင့် သတိပြုမိခြင်း ရှိ၊ မရှိ မေးခွန်းထုတ်ခဲ့ရာ အထူးအစီရင်ခံစာ တင်သွင်းသူမှ ဖြေကြားရန် ပျက်ကွက်ခဲ့သဖြင့် ယင်းမေးခွန်းကို ထပ်မံမေးမြန်းလိုကြောင်း ပြောကြားခဲ့ပြီး အထူးအစီရင်ခံစာ တင်သွင်းသူတစ်ဦးအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် မျှတမှုရှိရန်နှင့် ရွေးချယ်ဆောင်ရွက်ခြင်း မပြုလုပ်ရန် လိုအပ်ကြောင်းကို ထောက်ပြခဲ့သည်။


**အပြုသဘောဆောင်သည့်နည်းလမ်းဖြင့်ပံ့ပိုး**

ဆက်လက်၍ အထူးအစီရင်ခံစာ တင်သွင်းသူအနေဖြင့် ပြဿနာကို ဓမ္မဓိဋ္ဌာန်ကျကျ ဘက်မလိုက်ဘဲ ရှုမြင်တတ်ရန်၊ မှန်ကန်စွာ ဆန်းစစ်နိုင်ရန်၊ မှန်ကန်သောအဖြေရှာနိုင်ရန်၊ သက်ဆိုင်သည့်နိုင်ငံတွင် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးအတွက် အပြုသဘောဆောင်သည့်နည်းလမ်းဖြင့် ပံ့ပိုးကူညီရန် အရေးကြီးကြောင်းကို အလေးအနက်ပြောကြားခဲ့သည့်အပြင် နိုင်ငံတွင်းရှိ ပြည်သူများနှင့် အစိုးရတို့၏ ရှုထောင့်အမြင်၊ နိုင်ငံ၏ ထူးခြားသည့် အခြေအနေနှင့် သမိုင်းကြောင်း၊ ယဉ်ကျေးမှုနောက်ခံများ၊ ကန့်သတ်ချက်များ၊ စိန်ခေါ်မှုများနှင့် ရှုပ်ထွေးနက်နဲမှုများကို လျစ်လျူမရှုသင့်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အပါအဝင် သက်ဆိုင်ရာ ကုလသမဂ္ဂယန္တရားများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ကို ထပ်လောင်း အတည်ပြုပြောကြားခဲ့သည်။

ထို့ပြင် ဒီမိုကရေစီပြည်ထောင်စုဆီသို့ ဦးတည်ခရီးနှင်နေသည့် မြန်မာနိုင်ငံအတွက် ယခုကဲ့သို့ အရေးအကြီးဆုံးအချိန်တွင် လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရာ၌ အပြုသဘောမဆောင်သည့် ဆောင်ရွက်မှုများနှင့် ပြည်သူများ စည်းလုံးမှုပျက်ပြားစေသည့် အပြုအမူများ၊ နိုင်ငံအချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို ထိပါးစေသည့် လုပ်ရပ်များကို လုံးဝသည်းခံမည်မဟုတ်ဟူ၍ အခိုင်အမာပြောကြားခဲ့သည်။

နိဂုံးချုပ်တွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံ၏ ဒီမိုကရေစီသက်တမ်းမှာ နုနယ်၍ ပြီးပြည့်စုံမှု မရှိသေးကြောင်း၊ မြန်မာနိုင်ငံ၏ ရှေ့ဆက်မည့် ခရီးလမ်းတွင် ကမ္ဘာတစ်ဝန်းမှ မိတ်ဆွေနိုင်ငံများမှ အပြုသဘောဆောင်သော နည်းလမ်းဖြင့် ပံ့ပိုးကြမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**




**“အထူးအစီရင်ခံစာ တင်သွင်းသူအနေဖြင့် ပြဿနာကို ဓမ္မဓိဋ္ဌာန်ကျကျ ဘက်မလိုက်ဘဲ ရှုမြင်တတ်ရန်၊ မှန်ကန်စွာ ဆန်းစစ်နိုင်ရန်၊ မှန်ကန်သော အဖြေရှာနိုင်ရန်၊ သက်ဆိုင်သည့်နိုင်ငံတွင် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးအတွက် အပြုသဘောဆောင်သည့် နည်းလမ်းဖြင့် ပံ့ပိုးကူညီရန် အရေးကြီးကြောင်းကို အလေးအနက် ပြောကြားခဲ့သည့်အပြင် နိုင်ငံတွင်းရှိ ပြည်သူများနှင့်အစိုးရတို့၏ ရှုထောင့်အမြင်၊ နိုင်ငံ၏ ထူးခြားသည့် အခြေအနေနှင့် သမိုင်းကြောင်း၊ ယဉ်ကျေးမှုနောက်ခံများ၊ ကန့်သတ်ချက်များ၊ စိန်ခေါ်မှုများနှင့် ရှုပ်ထွေးနက်နဲမှုများကို လျစ်လျူမရှုသင့်ကြောင်း”**

**“မြန်မာနိုင်ငံအပေါ် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များဖြင့် နာမည်ဖျက်ခြင်း၊ အရှက်ရစေခြင်း၊ ဖိအားပေးခြင်းတို့ကို ပြုလုပ်မည့်အစား ရေရှည်တည်တံ့သည့် အဖြေရှာမှုအတွက် မိမိတို့နှင့်အတူ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် ဖိတ်ခေါ်ပါကြောင်း”**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ဆုံးဖြတ်ချက်ကို ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၀၄/ ၂၀၁၉ )**
**၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)**
**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ**
**ပုဒ်မ ၇၅(ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ဆုံးဖြတ်ချက်ကို ကြေညာခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)အတွက် ရွေးကောက်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးအောင်၏ ရွေးကောက်တင်မြှောက်ခံရခြင်းကို ယင်းမဲဆန္ဒနယ်၌ ယှဉ်ပြိုင်အရွေးခံသူ ဦးသန်းထိုက်အောင်က ရွေးကောက်ပွဲ ကန့်ကွက်လွှာတင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၉ အရ ရွေးကောက်ပွဲခုံအဖွဲ့ဖြင့် လည်းကောင်း၊ ပုဒ်မ ၇၅ အရ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုဖြင့်လည်းကောင်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၄.၇.၂၀၁၉ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ် (၁/ ၂၀၁၉) ဆုံးဖြတ်ချက်တွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)အတွက် ဦးနေမျိုးအောင်ကို လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူမှာ ဦးသန်းထိုက်အောင်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၅ (က)အရ ဆုံးဖြတ်ခဲ့သည်။

၃။ သို့ဖြစ်၍ ဦးနေမျိုးအောင်သည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်မှာ ဦးသန်းထိုက်အောင် [၁၂/ကမရ(နိုင်)၀၀၂၅၉၀] ဖြစ်ကြောင်း သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ၇၅(ခ) အရ သတ်မှတ်ကြေညာလိုက်သည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# စုံညီခုံရုံးက အယူခံမှုအမှတ် (၁/ ၂၀၁၉)ကို အပြီးသတ်အမိန့်ချမှတ်

**နေပြည်တော် ဇူလိုင် ၄**

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သူ ဦးသန်းထိုက်အောင်က ယင်းမဲဆန္ဒနယ်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ဦးနေမျိုးအောင်အပေါ် ကန့်ကွက်လွှာတင်သွင်းခဲ့သဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့ပြီး ရွေးကောက်ပွဲခုံအဖွဲ့(၁)ဖြင့် ကြားနာစစ်ဆေးခဲ့ရာ ဦးနေမျိုးအောင်သည် ရွေးကောက်ပွဲ၌ တရားမဲ့ပြုကျင့်မှု ပြုလုပ်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ဦးနေမျိုးအောင်အား ရွေးကောက်တင်မြှောက်ခြင်းသည် ပျက်ပြယ်ကြောင်း၊ လျှောက်ထားသူ ဦးသန်းထိုက်အောင်သည် ရွေးကောက်တင်မြှောက်ခြင်းခံရသော တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အပေါ် မူလလျှောက်ထားခံရသူ ဦးနေမျိုးအောင်က အယူခံမှုလျှောက်ထားတင်ပြလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အယူခံမှုအမှတ်(၁/ ၂၀၁၉) ဖြင့် လက်ခံခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ကော်မရှင်အဖွဲ့ဝင်အားလုံးပါဝင်သည့် စုံညီခုံရုံးက ယင်းအမှုကို ဇွန်(၂၇) ရက်တွင် ကြားနာမှုပြုခဲ့ပြီးနောက် "ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးနေမျိုးအောင်ကို ရွေးကောက်တင်မြှောက်ခံရခြင်းသည် တရားမဝင်ပျက်ပြယ်ကြောင်းနှင့် ဦးသန်းထိုက်အောင်သည်သာ ခိုင်လုံမဲအများဆုံးရရှိသူဖြစ်ပြီး တရားဝင်ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း" ရွေးကောက်ပွဲခုံအဖွဲ့(၁)၏ ဆုံးဖြတ်ချက်ကို အတည်ပြု၍ ဦးနေမျိုးအောင်၏ အယူခံလျှောက်ထားချက်ကို ပလပ်လိုက်သည်ဟု ယနေ့တွင် ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေး၊ ဦးညွန့်စိန်၊ ဦးသက်ထွန်းနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာအဖွဲ့ ၃၁ ဖွဲ့မှ သတင်းမီဒီယာသမား ၄၉ ဦးတို့ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို စံ (၅)ချက်နှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) ရေးဆွဲခဲ့ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်အလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကန့်ကွက်လွှာအယူခံမှုအမှတ် (၁/ ၂၀၁၉ ) အပြီးသတ်အမိန့်ချမှတ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းမီဒီယာအဖွဲ့များမှ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုများ၊ မဲဆွယ်စည်းရုံးရေးဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲ ကုန်ကျစရိတ်တင်သွင်းခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မေးမြန်းမှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတွင် သတင်းစာရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၄**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ခြင်း (၅/ ၂၀၁၉)ကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ ရုံးအမှတ်(၂၇)တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဌေးအောင်က အဖွင့်အမှာစကား ပြောကြား၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့အတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေးနှင့် လျှပ်စစ်ဓာတ်အား ပြည့်ဝတည်ငြိမ်စွာ ပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ရေနံချောင်းမြို့နယ် ပင်းချောင်းရေတွင်းစက်ရုံမှ လက်မှတ်ကုန်းသံကန်ကြီးသို့ ရေပေးပို့လျက်ရှိသော ၁၄ လက်မ ပင်မရေပိုက်လိုင်း၏ သံချေးစား၍ ပေါက်ပြဲဆွေးမြည့်နေရာများကို ပိုက်အစားထိုးလဲလှယ်ဆက်သွယ်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေ၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် စက်သုံးဆီ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်နိုင်ရန် စက်သုံးဆီ သယ်ယာဉ် ကိုင်တွယ်ထိန်းသိမ်းခြင်း သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေ၊ ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေး၊ ဗို့အားပြည့်မီစွာ ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် 66 KV သာကေတ-ပုသိမ်ညွန့် Double Circuit လိုင်း တည်ဆောက်ပြီးစီးမှုနှင့် ဝန်အားပြည့်နေသော ထရန်စဖော်မာအသေးများကို ထရန်စဖော်မာအကြီးများဖြင့် လဲလှယ်ခဲ့သည့် လုပ်ငန်းများ ပြီးစီးမှုအခြေအနေ၊ လျှပ်စစ်ဓာတ်အားခနှုန်းထား ပြောင်းလဲသတ်မှတ်ခြင်းနှင့် စီမံဆောင်ရွက်မှုအခြေအနေတို့နှင့်စပ်လျဉ်းပြီး တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

**ပြန်လည်ဖြေကြား**

ယင်းနောက် တက်ရောက်လာသော သတင်းမီဒီယာများ၏ မေးမြန်းချက်များကို အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဌေးအောင်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်း အခြေခံမဲဆန္ဒနယ်စာရင်းပြုစုခြင်းဆိုင်ရာ နည်းပြသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ နည်းပြသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း MCC ခန်းမ၌ ဇူလိုင် ၄ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်မြင့်က အမှာစကား ပြောကြားပြီး**(ယာပုံ)** ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဇော်လင်းက ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ တိုင်းဒေသကြီးဦးစီးမှူး ဦးစောနိုင်က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆောင်ရွက်ရမည့် အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ စုစုပေါင်းသင်တန်းသား ၁၇၈ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**မြန်မာ့အလင်း**

# မြောက်ဦးမြို့ပေါ်ရပ်ကွက်များရှိ ခိုလှုံရာကယ်ဆယ်ရေးစခန်း ၁၃ ခုသို့ ထောက်ပံ့ငွေများ ပေးအပ်

**မြောက်ဦး ဇူလိုင် ၄**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့ပေါ်ရပ်ကွက်များရှိ ကယ်ဆယ်ရေးစခန်း ၁၃ ခုတွင် ခိုလှုံရောက်ရှိနေသော အိမ်ထောင်စုဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်ကာ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမိုးနွယ်နှင့် ဝန်ထမ်းများက မြောက်ဦးမြို့ပေါ်ရပ်ကွက်များရှိ ကယ်ဆယ်ရေးစခန်းများဖြစ်သော သျှစ်သောင်းဘုရားဘုန်းကြီးကျောင်း၊ မြတန်စောင်းဘုန်းကြီးကျောင်း၊ အောင်စေတီဘုန်းကြီးကျောင်း၊ ဘုရားပေါ်ဘုန်းကြီးကျောင်း၊ ကိုးနဝင်းဘုန်းကြီးကျောင်း၊ ရွှေထီးဆောင်းဘုန်းကြီးကျောင်း အစရှိသော မြို့ပေါ်ရပ်ကွက်များရှိ ကယ်ဆယ်ရေးစခန်း ၁၃ ခုတွင် ခိုလှုံနေကြသော အိမ်ထောင်စုဝင်စုစုပေါင်း ၉၁၉ စုမှ လူဦးရေ ၃၄၄၃ ဦးတို့အတွက် နှစ်ပတ်စာ ဆန်၊ ဆီ၊ ဆား၊ ပဲ ဝယ်ယူစားသုံးရန်အတွက် ထောက်ပံ့ငွေ ၁၇၆ သိန်း ၁၂၆၀ ကျပ်ကို အဆိုပါကယ်ဆယ်ရေးစခန်းရှိ စခန်းတာဝန်ခံများထံသို့ ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုမြင့်မားလာရေးနှင့် မြန်မာ့စီးပွားရေးဝန်းကျင်

မြန်မာသူဇာ

**လွတ်လပ်၍ မျှတသော ယှဉ်ပြိုင်မှုရှိသည့် စီးပွားရေးဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးပေးနိုင်မှသာ နိုင်ငံစုံမှ အရည်အသွေးပြည့်ဝတဲ့ ရင်းနှီးမြှုပ်နှံမှုကြီးများ ပိုမိုဝင်ရောက်လာမည် ဖြစ်ပါသည်။ ယခုလို ဝင်ရောက်လာရန်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး မဟာဗျူဟာကောင်းများ ချမှတ်ထားသည်ကိုလည်း တွေ့မြင်ရပါသည်။ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး မဟာဗျူဟာကောင်း ဆိုသည်မှာ ပွင့်လင်းမြင်သာမှု၊ ရိုးရှင်းလွယ်ကူမှုနှင့် ကြိုတင်ခန့်မှန်းနိုင်မှုဆိုသည့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့အောင် ဆောင်ရွက်ရာတွင် အရေးကြီးသည့် အခြေခံသဘောတရားများနှင့်အညီ ရင်းနှီးမြှုပ်နှံမှု လျှောက်ထားလွှာများကို သမာသမတ်ကျကျဖြင့် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးခြင်းပဲ ဖြစ်ပါသည်။**

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို လုပ်အားခသက်သာမှု၊ သယံဇာတကြွယ်ဝမှု၊ ဈေးကွက်ကြီးမားမှု၊ နေရာဒေသ အချက်အချာကျမှုတို့အပြင် ရင်းနှီးမြှုပ်နှံသူများအတွက် အခွန်ကင်းလွတ်ခွင့်ဆိုင်ရာ မက်လုံးများပေးခြင်းဖြင့် ဆွဲဆောင်လျက် ရှိနေပါသည်။ သို့သော်လည်း ထိုကဲ့သို့ တူညီသော အခြေအနေမျိုးရှိသည့် နိုင်ငံများမှလည်း အလားတူ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်မည်ဖြစ်သည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုမြှင့်တင်ရမည် ဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ**

ထိရောက်ကောင်းမွန်သော ဈေးကွက်ဖြစ်ပေါ်စေရေးအတွက် ယှဉ်ပြိုင်နိုင်စွမ်းဟာ အရေးပါလျက်ရှိနေပါသည်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဝင်ရောက်လာခြင်းနှင့်အတူ ပြည်တွင်းလုပ်ငန်းများအနေဖြင့်လည်း ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားအောင် ကြိုးစားခြင်းဖြင့် ပြည်တွင်း၌သာမက ဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေးဈေးကွက်ကို ထိုးဖောက်ဝင်ရောက်နိုင်အောင် ကြိုးပမ်းရမှာလည်း ဖြစ်ပါသည်။ လက်ရှိလုပ်ငန်းဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း မိမိတို့နှင့် လုပ်ငန်းတူ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာခြင်းဖြင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာခြင်းကို စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများအဖြစ် ရှုမြင်ကာ အမိအရဖမ်းဆုပ်ရမည် ဖြစ်ပါသည်။

ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများ ဝင်ရောက်လာခြင်းကြောင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများ၏ လုပ်ငန်းများ ပိုမိုတိုးတက်အောင် တွန်းအားပေးနိုင်မည် ဖြစ်သလို တီထွင်ဆန်းသစ်မှုကို တွန်းအားပေးနိုင်မည် ဖြစ်ပါသည်။ ကျွန်မတို့ ဝယ်ယူစားသုံးသူများ အနေဖြင့်လည်း မိမိတို့စိတ်ကြိုက် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ရွေးချယ်နိုင်မည်ဖြစ်ပြီး သင့်တင့်မျှတသော ဈေးနှုန်းနှင့် ဝယ်ယူသုံးစွဲခွင့် ပိုမိုရရှိလာမည် ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းမှာ အရေးပါသည့် ဖွံ့ဖြိုးမှုမူဝါဒတစ်ရပ်ဖြစ်သည့်အတွက်လည်း အစိုးရအနေဖြင့် တာဝန်ယူမှုရှိပြီး အရည်အသွေးပြည့်ဝရုံသာမက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေသည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံများထိပါ သွားရောက်၍ ဆွဲဆောင်နေသည်ကိုလည်း တွေ့မြင်နေရပါသည်။

ယခုလိုဆွဲဆောင်ခဲ့မှုများ၏ ရလဒ်ကောင်းများကိုလည်း သတင်းမီဒီယာများတွင် တွေ့မြင်နေရပါသည်။ လတ်တလော စိတ်ဝင်စားဖွယ် သတင်းများအနေဖြင့် ပြည်ပမော်တော်ကားကုမ္ပဏီများသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလာကြသည်ကို သတိပြုမိပါသည်။ အဆိုပါ ကုမ္ပဏီများသည် နိုင်ငံစုံလုပ်ငန်းကြီးများဖြစ်သည့်အတွက် ယင်းကဲ့သို့ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလာခြင်းမှာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ပိုမိုယုံကြည်လာကြောင်း ထင်ရှားစေလျက်ရှိနေပါသည်။

စင်ကာပူနိုင်ငံမှ ရာခိုင်နှုန်းပြည့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ကာ Complete Knocked Down စနစ်ဖြင့် ပြည်တွင်းမှာ ပထမဆုံး ဥရောပစံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသည့် SC NEUSTAR ဘတ်စ်ကားများကို ထုတ်လုပ်နိုင်တော့မည်ဆိုသည့် သတင်းကို မီဒီယာများမှ တစ်ဆင့်ကြားသိရပါသည်။ အဆိုပါ စက်ရုံသည် တစ်နှစ်ကို ဘတ်စ်ကား အစီးရေ ၆၀၀ အထိ ထုတ်လုပ်နိုင်စွမ်းရှိပြီး ပြည်တွင်း၌သာမက ဟောင်ကောင်နှင့် စင်ကာပူနိုင်ငံတို့ကိုလည်း တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ထို့အတူ တိုယိုတာကား ကုမ္ပဏီအနေဖြင့်လည်း တစ်နှစ်လျှင် တိုယိုတာ ဟိုင်းလတ် ကားအစီးရေ ၂၅၀၀ ထုတ်လုပ်နိုင်မည့် စက်ရုံကို မြန်မာနိုင်ငံတွင် တည်ထောင်တော့မည် ဖြစ်ကြောင်း သိရှိရပါသည်။

**အထောက်အပံ့ကောင်းများဖြစ်**

ယခုလို နိုင်ငံစုံကော်ပိုရေးရှင်းကြီးများ ဝင်ရောက်လာခြင်းကြောင့် မြန်မာနိုင်ငံရဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့် ကောင်းမွန်လာကာ မော်တော်ယာဉ်ထုတ်လုပ်မှုကဏ္ဍမှာ ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုမြင့်မားလာမည် ဖြစ်ပါသည်။ မော်တော်ယာဉ်အသစ် ဈေးကွက်ကျယ်ပြန့်လာမှုအရ နိုင်ငံခြား

> **“နိုင်ငံစုံမှ ရင်းနှီးမြှုပ်နှံမှုကြီးများ ဝင်ရောက်လာရာမှ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေမည်ဖြစ်ပြီး နည်းပညာ အသစ်အဆန်းများလည်း လွှဲပြောင်းရရှိနိုင်မည် ဖြစ်ပါသည်။ ထိုသို့သော အခွင့်အလမ်းများကို အမိအရ အသုံးချပြီး ကျွမ်းကျင်လုပ်သားများဖြစ်အောင် လေ့လာနိုင်ပါက Home-grown Technologies များ ဖန်တီးပေးနိုင်သည့် ပညာတတ်လူ့အသိုင်းအဝိုင်းတစ်ခု ဖော်ဆောင်နိုင်မည်ဖြစ်”**

တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပူးပေါင်းပါဝင်လာမှုနှင့်အတူ ပြည်တွင်းတွင် ထုတ်လုပ်သော မော်တော်ယာဉ်နှင့် ဆက်စပ်အစိတ်အပိုင်းများကို ပြည်ပနိုင်ငံများသို့ ဆက်သွယ်တင်ပို့ရောင်းချနိုင်ခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ကောင်းများ ဖြစ်စေမည်လည်း ဖြစ်ပါသည်။

အရည်အသွေးပြည့်ဝသည့် နိုင်ငံစုံကော်ပိုရေးရှင်းကြီးများ (Multinational Corporations -MNCs) ဝင်ရောက်လာခြင်းသည် မြန်မာနိုင်ငံတွင် စီးပွားရေးဆိုင်ရာ ဥပဒေများ ပိုမိုခိုင်မာလာကြောင်း၊ လုပ်ထုံးလုပ်နည်းများ ပိုမိုလွယ်ကူမြန်ဆန်လာကြောင်း၊ တရားဥပဒေစိုးမိုးမှု ပိုမိုအားကောင်းလာကြောင်းနှင့် အဂတိတရား ပိုမိုကင်းရှင်းလာကြောင်း ထင်ရှားစေသည့်အချက်များ ဖြစ်ပါသည်။

ကျွန်မတို့အနေဖြင့်လည်း ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားခြင်း၏ အကျိုးကျေးဇူးကို ရရှိခံစားရလျက် ရှိနေပါသည်။ ယခင်က ဆင်းကတ်တစ်ကတ်ကို ကျပ်သိန်း ၅၀ ကျော် အကုန်အကျခံ၍ ပေးဝယ်ခဲ့ကြရသော်လည်း ဈေးကွက်စီးပွားရေးပိုမိုပွင့်လင်းလာပြီး ပုဂ္ဂလိကကို ဖက်စပ်ဆောင်ရွက်ခွင့်ပြုခဲ့ခြင်းကြောင့် ဆက်သွယ်ရေးအော်ပရေတာများ ပိုမိုများပြားလာသည့်အတွက် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားကာ ဆင်းကတ်များကို လူတန်းစားမရွေး ဝယ်ယူအသုံးပြုနိုင်ပြီး လူတိုင်း မိုဘိုင်းဖုန်းအသုံးပြုခဲ့သည်မှာလည်း ကျွန်မတို့ ကိုယ်တွေ့ပဲ ဖြစ်ပါသည်။ ယခုလို အော်ပရေတာတွေ များပြားလာသည်နှင့်အမျှ ကျွန်မတို့ စိတ်ကြိုက်ရွေးချယ်နိုင်မှု များပြားလာသလို သင့်တင့်မျှတသော ဈေးနှုန်းနှင့် ဝယ်ယူသုံးစွဲခွင့် ရရှိခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း အခြေခံအဆောက်အအုံကောင်းများ ပိုမိုဖော်ဆောင်ပေးပြီး အဆင့်အတန်းမြင့်မားသည့် စီးပွားရေးဝန်ဆောင်မှုကောင်းများ၊ အရည်အသွေးပြည့်ဝပြီး သင်လွယ်တတ်လွယ်သော လုပ်သားအင်အားနှင့် ဉာဏပစ္စည်းဆိုင်ရာအခွင့်အရေးများ ကာကွယ်ပေးနိုင်မှုများ ပိုမိုအားကောင်းစေခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလွယ်ကူချောမွေ့လာအောင် ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်နေစဉ် ကာလတစ်လျှောက်လုံးမှာလည်း လာဘ်ပေးလာဘ်ယူမှု အလေ့အထများ ပပျောက်အောင် ထိရောက်စွာ ဆောင်ရွက်ခြင်းတို့ပါဝင်ပြီး ခိုင်မာကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်နှင့် ပွင့်လင်းမြင်သာမှုများ ပိုမိုဖော်ဆောင်ထိန်းသိမ်းရန်လည်း လိုအပ်ပါတယ်။

**ရင်းနှီးမြှုပ်နှံရန် ဒေသရွေးချယ်**

ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရင်းနှီးမြှုပ်နှံရန် နေရာဒေသရွေးချယ်ရာတွင် အကျိုးအမြတ်ရရှိမည့်နေရာကိုသာမက ၎င်းတို့၏ ပိုင်ဆိုင်မှုအခွင့်အရေးများကို အကာအကွယ်ပေးနိုင်မှု အားကောင်းသည့် နေရာများကိုလည်း ရွေးချယ်၍ ရင်းနှီးမြှုပ်နှံကြမည် ဖြစ်ပါသည်။

အစိုးရအနေဖြင့်လည်း လုပ်သာကိုင်သာရှိသော ကြိုတင်ခန့်မှန်းနိုင်သည့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော၊ အာမခံချက်ရှိသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်း ဖော်ဆောင်နိုင်ရေးအတွက် ဥပဒေမူဘောင် အားကောင်းအောင်လည်း ဖော်ဆောင်ပေးထားပြီးဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ မြန်မာနိုင်ငံမှာ အလွယ်တကူ ကုမ္ပဏီဖွဲ့စည်းတည်ထောင်နိုင်ရန်အတွက် MyCo ဟုခေါ်သည့် အီလက်ထရွန်နစ် ကုမ္ပဏီမှတ်ပုံတင်စနစ်နှင့်အတူ ကုမ္ပဏီဆိုင်ရာ လုပ်ငန်းများကို ဥပဒေနှင့်အညီ ထိန်းကျောင်းပေးမည့် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ၊ ဈေးကွက်တွင် လွတ်လပ်၍ မျှတသော ယှဉ်ပြိုင်မှု ဝန်းကျင်တစ်ရပ် ဖန်တီးပေးနိုင်ရန်အတွက် ယှဉ်ပြိုင်မှုဥပဒေ၊ စွန့်ဦးတီထွင်သူများ၏ ကြိုးစားအားထုတ်မှုကို ခိုင်မာစွာ အကာအကွယ်ပေးရန်၊ တီထွင်ဆောင်ရွက်မှုများကို အားပေးရန်နှင့် အတုအပထုတ်လုပ်သူ၊ မသမာသူများမရှိခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရိုးသားဖြောင့်မတ်စွာနှင့် မျှတစွာ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာစေရန် ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေများဖြစ်သည့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့် ဥပဒေ၊ စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေစသည့် ဥပဒေများကိုလည်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။ ကုန်စည်(သို့မဟုတ်) ဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့် စားသုံးသူ၊ သုံးစွဲသူများ၏ အခွင့်အရေးများ အပြည့်အဝ အကာအကွယ် ပေးနိုင်စေရန်နှင့် စားသုံးသူနှင့် စီးပွားရေး လုပ်ငန်းရှင်တို့အကြား မျှတမှုရှိသော လုပ်ငန်းစဉ်ဖြစ်စေရန်အတွက် စားသုံးသူကာကွယ်ရေးဥပဒေနှင့် စီးပွားရေးလုပ်ငန်းများအကြား အငြင်းပွားမှုများ ပေါ်ပေါက်လာပါက ထိရောက်မြန်ဆန်စွာဖြင့် ငြိမ်းချမ်းစွာ ဖြေရှင်းပေးနိုင်မည့် အနုညာတဥပဒေတို့ကိုလည်း ပြဋ္ဌာန်းပေးပြီး ဖြစ်ပါသည်။

**အလုပ်အကိုင် အခွင့်အလမ်းများ**

နိုင်ငံစုံမှ ရင်းနှီးမြှုပ်နှံမှုကြီးများ ဝင်ရောက်လာရာမှ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေမည်ဖြစ်ပြီး နည်းပညာ အသစ်အဆန်းများလည်း လွှဲပြောင်းရရှိနိုင်မည် ဖြစ်ပါသည်။ ထိုသို့သော အခွင့်အလမ်းများကို အမိအရ အသုံးချပြီး ကျွမ်းကျင်လုပ်သားများဖြစ်အောင် လေ့လာနိုင်ပါက Home-grown Technologies များ ဖန်တီးပေးနိုင်သည့် ပညာတတ် လူ့အသိုင်းအဝိုင်းတစ်ခု ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံစုံလုပ်ငန်းကြီးများကြောင့် ပြည်တွင်းထုတ်ကုန်များကို ကမ္ဘာ့ကုန်ထုတ်လုပ်မှုကွင်းဆက်တွင် ချိတ်ဆက်၍ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ခြင်းအားဖြင့် နိုင်ငံခြား ဝင်ငွေရရှိကာ အခွန်ဘဏ္ဍာများရရှိပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါသည်။

အစိုးရအနေဖြင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တိုးတက်ရန်အတွက် အထောက်အပံ့ ကောင်းများဖြစ်သည့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်မှု၊ ကုန်သွယ်ရေးပွင့်လင်းလာမှု၊ အင်စတီ ကျူးရှင်းများနှင့် အခြေခံအဆောက်အအုံများ၏ အရည် အသွေးနှင့် ဥပဒေမူဘောင် အားကောင်းရန်အတွက် ဘက်စုံ ထောင့်စုံမှ ဖြည့်ဆည်းပေးနေချိန်တွင် ကျွန်မတို့၏ ပြည်တွင်း စီးပွားရေးလုပ်ငန်းရှင်များက ပြည်ပရင်းနှီးမြှုပ်နှံသူများကို နွေးထွေးစွာဖိတ်ခေါ်၍ ၎င်းတို့ထံမှ ရရှိနိုင်မည့် နည်းပညာ၊ ဈေးကွက်ချိတ်ဆက်မှု၊ စီမံခန့်ခွဲမှုနှင့် ကုန်ထုတ်လုပ်မှု နည်းဗျူဟာများကို အရယူ၍ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားအောင် ကြိုးစားခြင်းဖြင့် ဒေသတွင်းနှင့် ကမ္ဘာ့ဈေးကွက်ကို တစ်ဟုန်ထိုး ထိုးဖောက်ရမည့် အချိန်ကောင်းပဲ ဖြစ်ပါတော့သည်။ ။

## အရိပ်ရအပင်မျိုးစုံ ၂၀၀ ဆီဆိုင်မြို့နယ်၌ စိုက်ပျိုး

**ဆီဆိုင် ဇူလိုင် ၄**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရန်မျိုးနိုင်ဦးဆောင်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်နိုင်ဝင်းနှင့် ဝန်ထမ်းများ၊ ကျေးရွာသူကျေးရွာသားများသည် ယမန်နေ့က ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် လွယ်ပွတ်ကျေးရွာအုပ်စု မွေတော်ကျေးရွာရှိ ထီအုန်းတန်ရေထွက်၌ စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးရာတွင် မဲဇလီ ၆၀၊ ရေသင်းဝင် ၆၀၊ စိန်ပန်းပြာ ၄၀၊ ထောပတ် ၄၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ခွန်ရဲထွေး (ဆီဆိုင်)



# စူပရင်းသွေးလှူရှင်များမိသားစု၊ သွေးလှူရှင်အသင်းများနှင့် ပြည်သူများ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဇူလိုင် ၄**

စူပရင်းသွေးလှူရှင်များအသင်းက ဦးစီး၍ သွေးလှူရှင်အသင်းများ၊ ပြည်သူများ ပူးပေါင်းကာ (၁၄)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။




စူပရင်းသွေးလှူရှင်များအသင်းက ဦးစီး၍ သွေးလှူရှင်အသင်းများ၊ ပြည်သူများ ပူးပေါင်းကာ (၁၄)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနား ကျင်းပစဉ်။

အခမ်းအနားတွင် တာဝန်ရှိသူများက အမှာစကားပြောကြားခြင်း၊ သွေးလှူဒါန်းမှု ရည်ရွယ်ချက်များရှင်းလင်းတင်ပြခြင်း၊ သွေးလှူဒါန်းခြင်းနှင့် သက်ဆိုင်သည့် အသိပညာများ မျှဝေခြင်း၊ အလှူငွေများပေးအပ်လှူဒါန်းခြင်းများကို ဆောင်ရွက်ကြပြီး အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သွေးအလှူရှင်များ တက်ရောက်ကြသည်။

(၁၄) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲတွင် ရဟန်းသံဃာများ၊ စူပရင်းမိသားစုသွေးလှူရှင်အသင်း၊ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များနှင့်ကျေးရွာများမှ သွေးလှူရှင်အသင်းများ၊ ပရဟိတအသင်းအဖွဲ့များ၊ တစ်ဦးချင်းသွေးလှူဒါန်းသူများ၊ ဌာနဆိုင်ရာများမှ သွေးလှူရှင်များ စုစုပေါင်း လူဦးရေ ၁၀၀၀ ကျော် ပါဝင်လှူဒါန်းကြသည်။

"စူပရင်းသွေးလှူရှင်များမိသားစု အနေနဲ့ ယခင်ရန်ကုန်မြို့မှာပဲ သွေးလှူပွဲတွေ ကျင်းပခဲ့တာဖြစ်ပြီး နေပြည်တော် အနီးတစ်ဝိုက် သွေးလိုအပ်တဲ့အခါ သွေးလှူရှင် ရှာဖွေရာမှာ ခက်ခဲမှုတွေရှိတယ်လို့ ကြားရတဲ့အတွက် နေပြည်တော်က သွေးလှူရှင်တွေနဲ့ ပူးပေါင်းပြီး လာရောက်လှူဒါန်းဖြစ်တာပါ။ ခုလို လှူဒါန်းတဲ့အတွက် သွေးလှူရှင် ပရဟိတ အသင်းတွေ ကွန်ရက်ချိတ်ဆက်မှု ရရှိစေပြီး လိုအပ်တဲ့အခါမှာ လွယ်ကူ အဆင်ပြေစွာနဲ့ အသက်ကယ်လုပ်ငန်းတွေ ဆောင်ရွက်နိုင်စေဖို့ ရည်ရွယ်ကျင်းပတာ ဖြစ်ပါတယ်" ဟု စူပရင်းသွေးလှူရှင်များမိသားစု၏ ပူးတွဲဥက္ကဋ္ဌ ဒေါ်မြတ်သန္တာက ပြောသည်။

ယခု သွေးလှူဒါန်းပွဲကို ဇူလိုင် ၅ ရက်အထိ နှစ်ရက်ပြုလုပ်သွားမည်ဖြစ်ပြီး သွေးပုလင်းပေါင်း ၁၀၀၀ ခန့် ရရှိရန် မျှော်မှန်းထားကာ စူပရင်းသွေးလှူရှင်များမိသားစုက ပါဝင်လှူဒါန်းကြသည့် သွေးလှူရှင်များကို ငွေကျပ်သိန်း ၁၃၀ တန်ဖိုးရှိ အာဟာရဖြည့် အစားအစာများနှင့် ထောက်ပံ့ပစ္စည်းများ၊ ဂုဏ်ပြုဆုတံဆိပ်များကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သွားဘက်ဆိုင်ရာဆေးသုတေသန ပိုစတာပြပွဲ/ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၄**

"ရှန်းစိုတောက်ပအနာဂတ်ဘဝ သုတေသနကိုအားပေးကြ" (Towards The Gorgeous Future, Reinforce The Research Culture) ခေါင်းစဉ်ဖြင့် သုတေသနဆိုင်ရာ ပိုစတာပြပွဲ/ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တွင် ကျင်းပသည်။

အဆိုပါ ပြပွဲ/ပြိုင်ပွဲကို အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာဆေးသုတေသန အသင်းကြီး (International Association for Dental Research)၏ မြန်မာနိုင်ငံအသင်းခွဲ (Myanmar Section)က လှုပ်ရှားမှုတစ်ရပ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး စာတမ်းရှင် ၂၂ ဦးတို့က သုတေသနစာတမ်းများကို အသီးသီး တင်သွင်းပြသကြရာ ပထမဆုနှင့် ဒုတိယဆုများကို ရွေးချယ်ပြီး ဆုရစာတမ်းရှင်များကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် ၏ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာရွှေတိုးက ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ILO ရာပြည့်အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲဆုရရှိသူ စာရင်းထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ၂၀၁၉ ခုနှစ်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO) ၏ရာပြည့်နှစ် အထိမ်းအမှတ်အဖြစ် "ILO ရာပြည့်မှစ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင် တိုးမြှင့်ရေးနှင့် လူမှုတရားမျှတရေး မြှင့်တင်ဆောင်ရွက်ကြ" ခေါင်းစဉ်ဖြင့် ဆောင်းပါး ပြိုင်ပွဲကို ဖိတ်ခေါ်ကျင်းပခဲ့ရာ မြန်မာနိုင်ငံအနှံ့အပြားမှ အလွတ်တန်းပညာရှင် ၅၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲဆောင်းပါးများကို ကျွမ်းကျင်ပညာရှင်များပါဝင်သော ဆောင်းပါးပြိုင်ပွဲ စိစစ်အကဲဖြတ်ရေးအဖွဲ့မှ စိစစ်အကဲဖြတ်ခဲ့ရာ ပထမဆု ဦးထိန်လင်း (လင်းအာရုဏ်ဦး) ပဲခူး၊ ဒုတိယဆု ထက်ဝေအောင်(စစ်ကိုင်း)၊ တတိယဆု အောင်နှင်းတို့က ရရှိခဲ့ကြပြီး သက်ဦးမောင် (NUAC)၊ ဒေါ်ရီရီထွေး၊ ကျောင်းဆရာ ကိုကိုဝင်း၊ မြမဥ္ဇူဝေ(ကျုံမငေး)၊ ဒေါ်လှိုင်းအိတို့က နှစ်သိမ့်ဆုများ ရရှိကြသည်။ ဆုရရှိသူများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆုများ ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်အား ထပ်မံအသိပေးအကြောင်းကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❊ *ကျောဖုံးမှ*

ချီလီအသင်း ပယ်နယ်တီ ကန်ခွင့်ရကာ တိုက်စစ်မှူး အက်ဒွါဒိုဗားဂက်စ် ကန်သွင်းခဲ့ရာ ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ဘဲ ချေပဂိုး တစ်ဂိုး ဆုံးရှုံးခဲ့ရသည်။ ယင်းပွဲတွင် ချီလီအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၉ ကြိမ်ထိ ရရှိခဲ့ကာ ဂိုးပေါက် ခုနစ်ကြိမ် ခြိမ်းခြောက်နိုင်ခဲ့သည်။ ပီရူးအသင်းသည် ဂိုးကန်သွင်းခွင့် ကိုးကြိမ်သာ ရရှိခဲ့ပြီး သုံးကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့ကာ ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ ယင်းပွဲတွင် ပီရူးဂိုးသမား ပက်ထရိုဂယ်လ်လက်သည် လက်စွမ်းပြကာကွယ်မှုကြောင့် အကောင်းဆုံးကစားသမားဖြစ်ခဲ့သည်။

ပီရူးအသင်းသည် ကိုပါအမေရိကဖလားဗိုလ်လုပွဲကို သုံးကြိမ်မြောက် တက်ရောက်ခဲ့ပြီး ၁၉၇၅ ခုနှစ်နောက်ပိုင်း ပထမဦးဆုံးအကြိမ် တက်ရောက်ခဲ့ခြင်း ဖြစ်သည်။ ပီရူးအသင်းသည် ကိုပါအမေရိကဖလားကို ၁၉၃၉ခုနှစ်နှင့် ၁၉၇၅ ခုနှစ်တို့တွင် နှစ်ကြိမ်ရရှိထားပြီး ယခုနှစ်ဗိုလ်လုပွဲတွင် ဘရာဇီးနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းနှစ်သင်းသည် နောက်ဆုံးတွေ့ဆုံမှု လေးကြိမ်တွင် ဘရာဇီးအသင်းသည် သုံးကြိမ်အနိုင်ရရှိပြီး တစ်ကြိမ်ရှုံးနိမ့်ထားသည်။ တတိယနေရာလုပွဲအဖြစ် ချီလီနှင့် အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **သီဟ**

❒ *ကျောဖုံးမှ*

ရလဒ်ကောင်းရန် ကြိုးပမ်းမည်ဖြစ်ရာပွဲကောင်းတစ်ပွဲကို တွေ့မြင်ရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ထိပ်ဆုံးနေရာတွင် ဆက်လက်ဦးဆောင်နိုင်ရန် အမှတ်လျော့၍ မရဘဲ နိုင်ပွဲရယူနိုင်ရန် လိုအပ်နေသည်။ ဇယားထိပ်ပိုင်းမှ ရှမ်းယူနိုက်တက်၊ ဟံသာဝတီ၊ ရှေဝတီ နှင့် စစ်ကိုင်းအသင်းတို့မှာမူ ဇယားအောက်ပိုင်းမှ အသင်းများနှင့် တွေ့ဆုံနေသည်။

လက်ရှိအသင်းများ၏ ရပ်တည်မှုအရ ချန်ပီယံဆုနှင့် တန်းဆင်းနှစ်နေရာအတွက် ပွဲတိုင်းက အရေးပါနေပြီး ပြိုင်ဆိုင်မှုပြင်းထန်သည့် ပွဲကောင်းများ ဆက်လက်တွေ့မြင်ရဖွယ်ရှိနေသည်။ **ညီမြတ်သော်တာ**

# စာပေဗိမာန်စာအုပ်ဆိုင်များတွင် စာအုပ်အမျိုးအစားစုံလင်စွာရရှိ

**ရန်ကုန် ဇူလိုင် ၄**

မြန်မာစာပေဖွံ့ဖြိုးရေး၊ ပြည်သူများ စာဖတ်ခြင်းအလေ့တိုးပွားရေးနှင့် ပညာဗဟုသုတကြွယ်ဝရေးတို့ကို ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် စာပေဗိမာန် စာအုပ်ဆိုင်များကို ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့တွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

စာပေဗိမာန်စာအုပ်ဆိုင်များတွင် စာပေဗိမာန်ကထုတ်ဝေသည့် မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲ၏ ဖြည့်စွက်ကျမ်းများဖြစ်သည့် နှစ်စဉ်ထုတ် မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်စာအုပ်များ၊ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ အကြောင်းအရာများကို ဘာသာပြန်ဆိုထုတ်ဝေသည့် လစဉ်ထုတ် သုတပဒေသာစာစောင်များ၊ စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုရ ပြည်သူ့လက်စွဲစာအုပ်များ၊ ၂၀ ရာစု မြန်မာစာပေသမိုင်းတစ်လျှောက် ထွက်ပေါ်ခဲ့သည့် စာအုပ်စာပေများထဲမှ အထူးခြားဆုံး၊ အကောင်းဆုံးလက်ရာများကို ရွေးချယ်စုစည်းထုတ်ဝေလျက်ရှိသည့် မြန်မာဂန္ထဝင်အတွဲ (၁၀၀)ဝတ္ထုရှည်စာစဉ်တွဲစာအုပ်များ၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက် မှတ်တမ်းစာအုပ်များ၊ နိုင်ငံတော်အကြီးအကဲများ၏ မိန့်ခွန်းစာအုပ်များ၊ နိုင်ငံတော်အဆင့်အစည်းအဝေးမှတ်တမ်းစာအုပ်များ၊ နိုင်ငံတော်ပြန်တမ်းများအပါအဝင် စာအုပ်အမျိုးပေါင်း ၅၄၀ ကျော်နှင့် အစိုးရဌာနများမှ ထုတ်ဝေသော စာအုပ်အမျိုးအစား ၂၄၀ ကျော်၊ ပြည်ထောင်စုလွှတ်တော်၊ ပုဂ္ဂလိကစာပေတိုက်များမှ ထုတ်ဝေသည့် ဥပဒေစာအုပ်အမျိုးအစား ၄၀၀ ကျော်နှင့် သုတ၊ ရသ စာအုပ်အမျိုးအစား ၁၂၀၀၀ ကျော်တို့ကို စုံလင်စွာရောင်းချပေးလျက်ရှိသည်။



ရန်ကုန်မြို့ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၌ စာအုပ်ဝယ်ယူရန် ကြည့်ရှုလေ့လာနေသူများကို တွေ့ရစဉ်။

စာပေဗိမာန်စာအုပ်ဆိုင်(ရန်ကုန်)ကို အမှတ်-၅၂၉/၅၃၁ ကုန်သည်လမ်းတွင် ဖွင့်လှစ်ရောင်းချလျက်ရှိပြီး စာပေဗိမာန်စာအုပ်ဆိုင် (ရန်ကုန်)တွင် အခြားစာပေတိုက်ထုတ်စာအုပ်များ စုံလင်စွာ ရရှိနိုင်ကာ စာပေဗိမာန်ထုတ်စာအုပ်များကို လက်လီလက်ကား ဝယ်ယူရရှိနိုင်သည်။ စာပေဗိမာန်စာအုပ်ဆိုင် (ရန်ကုန်) နှင့် ဆက်သွယ်လိုပါက ဖုန်းနံပါတ် - ၀၁-၃၈၀၄၄၈၊ ၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်နိုင်သည်။

စာပေဗိမာန်စာအုပ်ဆိုင် (နေပြည်တော်)ကို အမှတ်(တ-၅၅)၊ သပြေကုန်းဈေးတွင် ဖွင့်လှစ်ရောင်းချလျက်ရှိပြီး စာပေဗိမာန်စာအုပ်ဆိုင် (နေပြည်တော်) နှင့် ဆက်သွယ်လိုပါက ဖုန်းနံပါတ် - ၀၆၇-၃၄၁၄၆၈၁ သို့ ဆက်သွယ်နိုင်သည်။

စာပေဗိမာန်စာအုပ်ဆိုင်(မန္တလေး)ကို ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြားတွင် ဖွင့်လှစ်ရောင်းချလျက်ရှိပြီး စာပေဗိမာန်စာအုပ်ဆိုင် (မန္တလေး) နှင့် ဆက်သွယ်လိုပါက ဖုန်းနံပါတ် - ၀၂-၄၀၃၀၁၈၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

အောင်လအန်ဆန်သည် MMA ပြိုင်ပွဲများတွင် ၂၀၀၅ ခုနှစ်ကတည်းက ထိုးသတ်ခဲ့ပြီး လက်ရှိတွင် ONE Championships မှ ကျင်းပနေသည့်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်နေကာ ၂၀၁၇ ခုနှစ်မှစ၍ ပြိုင်ပွဲများတွင် အောင်မြင်မှုရလာခြင်းဖြစ်သည်။ လက်ရှိတွင် မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်းတွင် ကမ္ဘာ့ချန်ပီယံဆုရရှိထားကာ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲသုံးပွဲ ထိုးသတ်ထားကာ လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကာကွယ်ပွဲကို အောက်တိုဘာတွင် ထိုးသတ်ရမည်ဖြစ်သည်။ ထို့ပြင် အောင်လအန်ဆန်သည် ၂၀၁၈ နှစ်ကုန်ပိုင်းက စင်ကာပူနိုင်ငံ၌ ကျင်းပသည့် 2018 Global Martial Arts Awards ဆုပေးပွဲတွင် အကောင်းဆုံးအမျိုးသားကစားသမားဆုရရှိခဲ့ပြီး ၂၀၁၈ ခုနှစ်က ရန်ကုန်မြို့၌ ဟဆဲဂါဝါနှင့် ထိုးသတ်ခဲ့သည့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲမှာ အကောင်းဆုံးပွဲဆုတို့ ရရှိခဲ့သည်။ **ရဲရင့်ရှိုင်း**

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၏ ပြည်တွင်းခြေစမ်းခရီးစဉ် ပြီးဆုံး

**ရန်ကုန် ဇူလိုင် ၄**

၂၀၁၉ အာဆီယံ အမျိုးသမီးပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ယနေ့ညနေပိုင်းက ထားဝယ်မြို့၌ တိုင်းဒေသကြီး အားကစားကွင်း၌ ထားဝယ် Old Star အမျိုးသားအသင်းနှင့် ယှဉ်ပြိုင်ကစားရာ ငါးဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် အမာခံကစားသမားများကို စတင်အသုံးပြုသော်လည်း ကစားသမားများ ပြောင်းလဲအသုံးပြုခဲ့ပြီး တိုက်စစ်မှူး ရီရီဦး၏ သွင်းဂိုးများအပါအဝင် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများကို ၉ မိနစ်တွင် ခင်မိုမိုထွန်း၊ ၁၁၊ ၁၉၊ ၆၂၊ ၇၄ မိနစ်တွင် ရီရီဦးတို့က သွင်းယူခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ဇွန် ၂၈ ရက်မှ ဇူလိုင် ၄ ရက်အထိ မြို့နှစ်မြို့တွင် သွားရောက်လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲလေးပွဲကစားရာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် မော်လမြိုင်မြို့တွင် မွန်ပြည်နယ် Old Star အမျိုးသားအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အား/ကာသိပ္ပံ (မော်လမြိုင်) အမျိုးသားအသင်းနှင့် ဂိုးမရှိသရေကျခဲ့သည်။

ထားဝယ်မြို့တွင်မူ တနင်္သာရီတိုင်းဒေသကြီး ယူ-၁၇ လက်ရွေးစင် အမျိုးသားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး နောက်ဆုံးပွဲတွင် ထားဝယ် Old Star အမျိုးသားအသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ဇူလိုင် ၅ ရက်တွင် ထားဝယ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်မှုများ စကားဝိုင်းကျင်းပ

**ရှင်မင်း**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်မှုများ စကားဝိုင်းတွင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာစန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အလွတ်တန်းအကြံပေး ဦးမျိုးမြင့်ထွန်းနှင့် ဦးကိုကို(စက်မှုတက္ကသိုလ်)တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-




ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်မှုများ စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်စဉ်။

**ဦးကိုကို(စက်မှုတက္ကသိုလ်) ။ ။ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းက မြန်မာနိုင်ငံမှာ လူအတော်များများ စိတ်ဝင်စားနေကြတဲ့ ဥပဒေကြမ်းလို့လည်း ဆိုနိုင်ပါတယ်။ ပထမဆုံးအနေနဲ့ ဒီဥပဒေကြမ်းကို ဘယ်လိုရည်ရွယ်ချက်နဲ့ ရေးဆွဲဖြစ်တယ်ဆိုတာကို ဆွေးနွေးပေးစေလိုပါတယ်။**

**ဒေါက်တာစန်းစန်းအေး ။** ။ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပေါ်ပေါက်တာကိုအခြေတည်ပြောရရင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းကစပြီး ပေါ်ပေါက်လာတာပါ။ ဒီကွန်ဗင်းရှင်းကို မြန်မာနိုင်ငံက ၁၉၉၁ ခုနှစ်မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီလိုလက်မှတ်ရေးထိုးပြီးနောက်မှာ ကွန်ဗင်းရှင်းဝင်တဲ့နိုင်ငံတိုင်း ဆောင်ရွက်ရမယ့် အချက်ငါးချက်ရှိပါတယ်။ နံပါတ်တစ်အချက်က ဒီကွန်ဗင်းရှင်းနဲ့ လိုက်လျောညီထွေမှုရှိတဲ့ နိုင်ငံတွင်းမှာ ဆောင်ရွက်မယ့် ဥပဒေတစ်ရပ် ရေးဆွဲရပါတယ်။ နံပါတ်နှစ်က နိုင်ငံတွင်းမှာရှိတဲ့ National Mechanism လို့ခေါ်တဲ့ အမျိုးသားကော်မတီကို ဖွဲ့စည်းရပါတယ်။ နံပါတ်သုံးက အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ နံပါတ်လေးက စောင့်ကြည့်ခြင်းနဲ့ ကြီးကြပ်ခြင်း၊ နံပါတ်ငါးက အစီရင်ခံခြင်းဖြစ်ပါတယ်။ ဒါတွေဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း လက်မှတ်ထိုးပြီးတဲ့ ၁၉၉၃ ခုနှစ်မှာ ကလေးသူငယ်ဥပဒေဆိုပြီး ထုတ်ပြန်ခဲ့တယ်။ ၂၀၀၁ ခုနှစ်မှာ ကလေးသူငယ်ဥပဒေရဲ့ နည်းဥပဒေ ထုတ်ပြန်ခဲ့တယ်။

**ကလေးသူငယ်ကို ဘာတွေစောင့်ရှောက်ပေးဖို့ လိုအပ်လာသလဲ**

အခုခေတ်မှာကျတော့ ကလေးသူငယ်အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ပေးဖို့ Child Protection ဆိုတဲ့ ကဏ္ဍဘက်ကပဲ ကြည့်ပါတယ်။ ကလေးသူငယ်ကို ဘာတွေစောင့်ရှောက်ပေးဖို့ လိုအပ်လာသလဲဆိုတဲ့ အချက်တွေအပေါ်မှာ မူတည်ပြီးတော့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းအနေနဲ့ ၂၀၁၉ ခုနှစ်မှာ ထွက်ပေါ်လာတယ်။ လူမှုဝန်ထမ်းဦးစီးဌာနက တကယ်တမ်း အခြေတည်ရေးဆွဲခဲ့တာက ၂၀၁၁ ခုနှစ်ကတည်းက ရေးဆွဲခဲ့တာဖြစ်ပါတယ်။ ဒီလိုရေးဆွဲတဲ့အခါမှာလည်း လူမှုအဖွဲ့အစည်းတွေ၊ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ တိုင်ပင်ဆွေးနွေးခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ National Launch လုပ်ခဲ့ပါတယ်။ အဲဒီကနေ ရေးဆွဲလာခဲ့တာ ၂၀၁၉ ခုနှစ်မှာ ပေါ်ထွက်လာတာဖြစ်ပါတယ်။ *စာမျက်နှာ ၉ သို့*

**"ကလေးမွေးစာရင်း ထုတ်ပေးခြင်းသည် နိုင်ငံသားအဖြစ် အသိအမှတ်ပြုခြင်း မဟုတ်"**

# “နိုင်ငံသားဖြစ်ခွင့်ကို ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေနှင့်သာ ဆုံးဖြတ်သည်”

*စာမျက်နှာ ၈ မှ*

**ဦးကိုကို(စက်မှုတက္ကသိုလ်)** ။ ။ **၁၉၉၃ ခုနှစ်မှာ ကလေးသူငယ်ဥပဒေ ရှိပြီးဖြစ်ပါတယ်။ ဒါပေမယ့် အခုက ဥပဒေအသစ်တစ်ခုအနေနဲ့ ထွက်ရှိခဲ့ပါတယ်။ ဘာကြောင့် ဥပဒေအသစ်တစ်ခုအနေနဲ့ ရေးဆွဲဖြစ်တယ်ဆိုတာကိုလည်း ပြောပြပေးပါ။**

**ဒေါက်တာစန်းစန်းအေး** ။ ။ဥပဒေနှစ်ခုကို နှိုင်းယှဉ်ပြီး ဆွေးနွေးပြောပြချင်ပါတယ်။ ကလေးသူငယ်ဥပဒေမှာ အခန်း ၁၉ ခန်း ရှိပါတယ်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေမှာ အခန်း ၃၀ ရှိပါတယ်။ ပုဒ်မပေါင်း ၇၅ ခု ရှိခဲ့ရာကနေ ပုဒ်မ ၁၂၂ ခုအထိ ရှိလာပါတယ်။ အဓိက ဘာကိုဦးတည်ရေးဆွဲခဲ့သလဲဆိုတာကတော့ ၁၉၉၃ ခုနှစ်ကနေ အခုအချိန်အထိ ကလေးသူငယ်တွေအတွက် ဘာတွေစောင့်ရှောက်ပေးဖို့ လိုအပ်တယ်ဆိုတဲ့အပေါ်မူတည်ပြီး အခန်းအသစ်တွေ ရေးဆွဲထားခြင်း ဖြစ်ပါတယ်။

**ဦးကိုကို(စက်မှုတက္ကသိုလ်)** ။ ။ **ဆက်ပြီးတော့ ဆရာကြီး ဒေါက်တာအောင်ထွန်းသက်အနေနဲ့ UN မှာ UN System Staff College မှာ ကျောင်းအုပ်ကြီးအဖြစ် လုပ်ခဲ့တယ်။ ကလေးသူငယ်များကိစ္စမှာလည်း ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ဥပဒေကြမ်းထွက်ပေါ်လာတဲ့အပေါ်မှာ ပညာရှင်တစ်ဦးအနေနဲ့ တွေ့မြင်တာတွေကို ပြောပြပေးပါ။**

**ဒေါက်တာအောင်ထွန်းသက်** ။ ။အဲဒီတုန်းက ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ယူတယ်။ စတာဝန်ယူတုန်းက ကိုယ့်နိုင်ငံရဲ့ လူ့အဖွဲ့အစည်းနဲ့ ပတ်သက်လာရင် ကလေးသူငယ်ကိစ္စတွေက အဓိကကျတဲ့ အစိတ်အပိုင်းတွေဖြစ်တယ်။ အဲဒီအချိန်တုန်းက တော်တော်စောတဲ့ အချိန်ပါ။ နိုင်ငံတကာအသိအမှတ်ပြုထားတဲ့ ကွန်ဗင်းရှင်း၊ Convention on the Rights of the Child(CRC) လို့ ခေါ်ပါတယ်။ ဒါကို ကိုယ့်နိုင်ငံက ပါဝင်လက်မှတ်ထိုးနိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ အခက်အခဲတွေအများကြီးရှိခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်အပြီး ၁၉၈၉ ခုနှစ်၊ ၁၉၉၀ ပြည့်နှစ်တွေဆိုတာ နိုင်ငံမှာ စိန်ခေါ်မှုတွေ အများကြီးရှိနေပါတယ်။ ဒီစိန်ခေါ်မှုတွေ အများကြီးထဲကနေ မဖြစ်မနေ လုပ်ခဲ့ကြပါတယ်။ ဘာကြောင့် လုပ်ရသလဲဆိုတော့ ကိုယ့်နိုင်ငံမှာရှိတဲ့ ကလေးတွေကို စောင့်ရှောက်ဖို့အတွက် တစ်ကမ္ဘာလုံးက အသိအမှတ်ပြုထားတဲ့ ကွန်ဗင်းရှင်းကို ပါဝင်လက်မှတ်ရေးထိုးနိုင်ရင်

**မွေးစားရုံဖြင့် နိုင်ငံသား မဖြစ်၊ နိုင်ငံသားဖြစ်ခွင့်ကို ဥပဒေနှင့်သာ နိုင်ငံတော်က ဆုံးဖြတ်သည်။**

ဂုဏ်ရှိတင့်တယ်တယ်။ ဂုဏ်ရှိတင့်တယ်ရုံတင်မကဘူး။ ဒီကလေးတွေအတွက် ဘာတွေလုပ်ပေးရမယ်ဆိုတာ ဒီကွန်ဗင်းရှင်းထဲမှာပါတယ်။ လက်မှတ်ထိုးပြီးတာနဲ့ ဆက်ပြီးအကောင်အထည်ဖော်ရမှာတွေပါတယ်။

## မြန်မာနိုင်ငံနဲ့ မအပ်စပ်တဲ့ အမှုအခင်းတွေဖြစ်လာတဲ့အတွက် ဒီဥပဒေဟာ လိုအပ်

အခုလက်ရှိ ဥပဒေမူကြမ်းထွက်ပြီဆိုတော့ ပိုပြီးဆီလျော်သွားပါတယ်။ အခုအချိန်မှာ ကိုယ့်လူ့အဖွဲ့အစည်းမှာ ကြည့်လိုက်ရင် ကလေးတွေနဲ့ ပတ်သက်ပြီး စိတ်မကောင်းစရာတွေ အများကြီးပါ။ မြန်မာနိုင်ငံနဲ့ မအပ်စပ်တဲ့၊ လုံးဝမထင်မှတ်တဲ့ အမှုအခင်းတွေ၊ အထူးသဖြင့် စိတ်ကူးလို့တောင်မရတဲ့ အမှုအခင်းတွေဖြစ်လာတဲ့အတွက် ဒီဥပဒေဟာ လိုအပ်တဲ့ ဥပဒေဖြစ်လာတယ်။

အခုချိန်မှာ ကလေးတွေကို ပိုပြီး စောင့်ရှောက်ရမယ်။ ဥပဒေတစ်ခုဟာ လူ့အခွင့်အရေးနဲ့ ပတ်သက်လာရင် သုံးခုလိုပါတယ်။ တစ်ခုက လေးစားမှုပါ၊ တစ်ခုက ကာကွယ်စောင့်ရှောက်မှုပါ၊ ပြီးတော့ အဖြေရှာဖို့ပါ။ ဒီဥပဒေဟာ ကလေးတွေနဲ့ ပတ်သက်လာရင် ညစ်ညမ်းမှုဖြစ်တာ၊ လူကုန်ကူးမှုဖြစ်တာတွေက အဆိုးဆုံးပါ။ ဒီဥပဒေကို ကြိုဆိုပါတယ်။ ဒီဥပဒေမူကြမ်းကို အမြန်ဆုံး အကောင်အထည်ဖော်ပြီးတော့ ကလေးတွေရဲ့ လူ့အခွင့်အရေးကို စောင့်ရှောက်ဖို့ လိုတယ်။ နိုင်ငံကြီးသားပီသတဲ့ လူတိုင်းမှာ တာဝန်ရှိပါတယ်။

**ဦးကိုကို(စက်မှုတက္ကသိုလ်)** ။ ။ **ဒီဥပဒေကို လွှတ်တော်မှာလည်း အသေးစိတ်တော်တော်များများ ဆွေးနွေးခဲ့ပါတယ်။ ဆရာမ နော်လှလှစိုးအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့သာမက ဒီဥပဒေကိစ္စမှာလည်း နက်နက်ရှိုင်းရှိုင်း ပါဝင်ခဲ့တယ်လို့ သိရပါတယ်။ ဒီဥပဒေကြမ်းကို လွှတ်တော်မှာ ဘယ်လိုရေးဆွဲခဲ့တယ်ဆိုတာနဲ့ လွှတ်တော်မှာ ဘယ်လိုဆွေးနွေးခဲ့တယ်ဆိုတာကို ရှင်းပြပေးပါ။**

**နော်လှလှစိုး** ။ ။ကျွန်မတို့ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဥပဒေကို သက်ဆိုင်ရာဝန်ကြီးဌာနက အဆင့်ဆင့်လုပ်ခဲ့ပါတယ်။ ကျွန်မတို့ လွှတ်တော်ကို ၂၀၁၇ ခုနှစ်မှာ ရောက်ရှိခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ဇူလိုင် ၇ ရက်မှာ လွှတ်တော်ရဲ့ website မှာ တင်ပါတယ်။ ပြီးတော့ ဇူလိုင် ၁၃ ရက်မှာ နိုင်ငံပိုင်သတင်းစာတွေမှာ ကြေညာပါတယ်။ ဒီလိုကြေညာချက်ရဲ့အောက်မှာ ဒီဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ဆွေးနွေးချင်တဲ့ အဖွဲ့အစည်းဖြစ်စေ၊ လူပုဂ္ဂိုလ်ဖြစ်စေ ဆက်သွယ်ဆောင်ရွက်လို့ရပါတယ်ဆိုပြီး စပြီးကြေညာလိုက်ပါတယ်။ အဲဒီအချိန်မှာ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဥပဒေကို စိတ်ဝင်စားတဲ့ NGO၊ INGO တွေ ချဉ်းကပ်လာပါတယ်။ အဲဒီတုန်းက ကျွန်မက လွှတ်တော်ရဲ့ အမျိုးသမီးနဲ့ ကလေးသူငယ်များဆိုင်ရာ အခွင့်အရေးကော်မတီရဲ့ အတွင်းရေးမှူး ဖြစ်ပါတယ်။ အဲဒီမှာ အဖွဲ့ပေါင်းများစွာရဲ့ ဆွေးနွေးမှုကို ကြားသိရပါတယ်။

## လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲတဲ့ အချက်တွေ ပြည်ထောင်စုလွှတ်တော်ကို တင်တယ်

ကျွန်မ မှတ်မိသလောက်ဆိုရင် ဆွေးနွေးမှုလုပ်ခဲ့တာ ၁၀ ကြိမ်ကျော်ပါတယ်။ ပြီးတော့ CSO တွေဆိုတာ ပြည်သူကို ကိုယ်စားပြုတဲ့ အဖွဲ့အစည်းတွေပါ။ သူတို့အနေနဲ့ ပြည်သူတွေဆီက ကောက်ခံလာတဲ့ အချက်အလက်တွေကို ကြားသိရပါတယ်။ ကျွန်မတို့ကော်မတီနဲ့ ဥပဒေကြမ်းကော်မတီနဲ့ တွေ့ပြီး ဆွေးနွေးတာတွေလည်း ရှိတယ်။ CSO တွေကိုလည်း ဥပဒေကြမ်းကော်မတီက ဖိတ်ပါတယ်။ ဒီလိုမျိုးဆွေးနွေးပြီးတော့ ပြည်သူ့လွှတ်တော်မှာ စပြီးဆွေးနွေးပါတယ်။ ပြီးရင် အမျိုးသားလွှတ်တော်မှာလည်း ဆွေးနွေးကြတယ်။ ကျွန်မမှတ်မိသလောက် အမျိုးသားလွှတ်တော်မှာ ဆွေးနွေးတုန်းက ကန့်ကွက်ဆွေးနွေးတာမျိုး မရှိဘူး။ ကလေးသူငယ် လက်ထပ်ခြင်းနဲ့ ပတ်သက်ပြီး အသက်ဆွေးနွေးတာတော့ ရှိတယ်။ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲတဲ့ အချက်တွေကိုတော့ ပြည်ထောင်စုလွှတ်တော်ကို တင်တယ်။ ပြည်ထောင်စုလွှတ်တော်မှာလည်း ဆွေးနွေးကြတယ်။ ၂၀၁၉ ခုနှစ် ဇွန်လ ၇ ရက်မှာတော့ နောက်ဆုံးအကြိမ် ဆွေးနွေးပြီး အတည်ပြုနိုင်ခဲ့တယ်။ ဆွေးနွေးမှုရလဒ်ကိုလည်း နိုင်ငံတော်သမ္မတထံ ပေးပို့ထားပါတယ်။ ဒါကတော့ လွှတ်တော်ရဲ့ ထုံးစံဖြစ်ပါတယ်။

**ဦးကိုကို(စက်မှုတက္ကသိုလ်)** ။ ။ **ဆရာမ ဆွေးနွေးပြောပြတဲ့အထဲမှာ ဥပဒေရေးဆွဲတဲ့အခါမှာ CSO တွေရဲ့ အခန်းကဏ္ဍပါတယ်လို့ သိရပါတယ်။ CSO တွေရဲ့ အခန်းကဏ္ဍနဲ့ ပတ်သက်ပြီး ဦးမျိုးမြင့်ထွန်းက ဆွေးနွေးပေးပါဦး။**

**ဦးမျိုးမြင့်ထွန်း** ။ ။ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးဖြစ်စဉ် ပြောင်းလဲမှုကာလက ၂၀၁၁ ခုနှစ်မှာစပါတယ်။ မြန်မာနိုင်ငံက CRC ကို လက်မှတ်ထိုးတာကတော့ ၁၉၉၁ ခုနှစ်ကတည်းကပါ။ UN ကို အစီရင်ခံစာတင်ရပါတယ်။ ဒီလိုတင်တဲ့အခါ အကြံပြုချက်တွေ ပေးထားတာရှိပါတယ်။ ဒီအကြံပြုချက်ကို အခြေခံပြီး ဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့အဖွဲ့အစည်းတွေ ညှိနှိုင်းဆွေးနွေးပြီးတော့ ကလေးသူငယ်တွေကို ကာကွယ်စောင့်ရှောက်ဖို့ လိုအပ်ချက်ဖြစ်လာတဲ့အတွက် ပြုပြင်သင့်ပါတယ်ဆိုပြီး ဖြစ်လာပါတယ်။ ဘာကြောင့်လဲဆိုတော့ နေ့စဉ်ကလေးတွေနဲ့ ပတ်သက်တဲ့ သက်ငယ်မုဒိမ်းကိစ္စတွေ၊ ကလေးလူကုန်ကူးခံရတဲ့ ကိစ္စတွေ၊ ညှဉ်းပန်းနှိပ်စက်တဲ့ကိစ္စတွေ အများကြီးဖြစ်နေတယ်။ နိုင်ငံတော်က အစီရင်ခံစာတင်ထားတဲ့ အကြံပြုချက်ကို အခြေခံပြီး အရပ်ဘက်အဖွဲ့အစည်းတွေ ပူးပေါင်းပြီး လူမှုဝန်ထမ်းဦးစီးဌာနနဲ့ ဆွေးနွေးပါတယ်။ ပြီးတဲ့အခါ လွှတ်တော်မှာလည်း ဆွေးနွေးပါတယ်။ အထူးသဖြင့် ၂၀၁၁ ခုနှစ်ကတည်းက စလာတဲ့အခါ ၂၀၁၅ ခုနှစ်မှာ အရပ်ဘက်အဖွဲ့အစည်း ၅၀ ကျော် ပါဝင်လာပါတယ်။ ဒီလိုပါဝင်ပြီး နေပြည်တော်မှာလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒါတင်မပြီးသေးပါဘူး။ နောက်ထပ်တက်လာတဲ့ အစိုးရနဲ့လည်း ထပ်ပြီးဆွေးနွေးပါတယ်။ ကျွန်တော်တို့ရဲ့ သဘောထားတွေ၊ လက်တွေ့မှာ အကောင်အထည်ဖော်တဲ့အခါ တွေ့ကြုံရတဲ့ အခက်အခဲတွေကိုလည်း ဆွေးနွေးပါတယ်။ ဒီလို စဉ်ဆက်မပြတ်ဆွေးနွေးနေရင်းနဲ့ ၂၀၁၇ ခုနှစ်မှာ လွှတ်တော်က ထုတ်ပြန်တဲ့အခါ ပိုပြီးတော့ ဆွေးနွေးခွင့် ရရှိခဲ့ပါတယ်။

**မွေးစားရင်းနှင့် နိုင်ငံသားဖြစ်မှုသည် တိုက်ရိုက်ပတ်သက်မှုမရှိ။**

လွှတ်တော်ကို သွားပြီး ဆွေးနွေးနေရင်း လွှတ်တော်ကိုယ်စားလှယ်တွေကို လွှတ်တော်တွင်းမှာ၊ လွှတ်တော်ပြင်ပမှာပါ တွေ့ဆုံဆွေးနွေးမှုကနေ အကြံပြုပါတယ်။ ၂၀၁၉ ခုနှစ်မှာ ဒီဥပဒေထွက်လာနိုင်တော့ စိတ်ချမ်းသာရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကလေးတွေကို အကာအကွယ်ပေးတဲ့အချက်တွေ အများကြီးပါတဲ့အတွက်ကြောင့် အားရကျေနပ်ပါတယ်။

**ဦးကိုကို(စက်မှုတက္ကသိုလ်)** ။ ။ **CSO တွေ အကြံပြုတဲ့ အချက်တွေကိုကော ဥပဒေကြမ်းမှာ တွေ့ရပါသလား။**

**ဦးမျိုးမြင့်ထွန်း** ။ ။အများကြီး တွေ့ရပါတယ်။ ခက်ခဲတဲ့ကိစ္စတွေတောင်ပါပါတယ်။ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခအခြေအနေမှာ ရှိနေတဲ့ ကလေးတွေကို ဘယ်လိုအကာအကွယ်ပေးရမလဲဆိုတာတွေ၊ ကလေးတွေကို အကြမ်းဖက်တဲ့အခါ ဘယ်လိုအကာအကွယ်ပေးရမလဲဆိုတာတွေ၊ ကလေးတွေကို အလုပ်သမားအဖြစ် ခိုင်းစေတဲ့ကိစ္စတွေ ပါဝင်ပြီးတော့ အများကြီး အကာအကွယ်ပေးထားပါတယ်။ ပြီးတော့ ပြစ်မှု၊ ပြစ်ဒဏ်ကိုလည်း အများကြီးမြှင့်ထားပါတယ်။ ပြီးတဲ့အခါ ကလေးတွေကို တရားစီရင်ရေးကိစ္စတွေကအစ စနစ်တကျ ဘယ်လိုစီရင်ရမလဲဆိုတဲ့ကိစ္စတွေ ပါတဲ့အတွက်ကြောင့် ပိုကောင်းပါတယ်။ မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားတဲ့ ကလေးသူငယ်အခွင့်အရေးသဘောတူစာချုပ် Article အပိုဒ်တွေကအစ အများကြီးထည့်သွင်းထားပါတယ်။ ဒီစာချုပ်ကို အကောင်အထည်ဖော်နေတာဖြစ်တဲ့အတွက် ဒီစာချုပ်အထဲမှာပါတဲ့ အကြောင်းအရာတွေကို ထည့်ပြီးဆွဲထားတဲ့အတွက်ကြောင့် စိတ်ချမ်းသာတယ်လို့ ပြောရတာဖြစ်ပါတယ်။

**ဦးကိုကို(စက်မှုတက္ကသိုလ်)** ။ ။ **ဒီဥပဒေနဲ့ ပတ်သက်ပြီး ဥပဒေအမြင်ရှုထောင့်ကနေ ဘယ်လိုမြင်တယ်ဆိုတာကိုလည်း သိချင်ပါသေးတယ်။ ဒါကြောင့် ဥပဒေပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး ဘယ်လိုချဉ်းကပ်ခဲ့တယ်ဆိုတာနဲ့ ဥပဒေအဆင့်မရောက်သေးတဲ့ ဥပဒေကြမ်းဟာ ဘယ်အဆင့်မှာ ရှိတယ်ဆိုတာ သိပါရစေ။**

**ဒေါက်တာသီတာစန်း** ။ ။ လွှတ်တော်ကို ရောက်သွားရင် ဥပဒေကြမ်းလို့ ပြောပါတယ်။ တကယ်တမ်းကတော့ ၂၀၁၁ ခုနှစ် စတင်ဆွေးနွေးကတည်းက ဥပဒေမူကြမ်းကို ရေးရပါတယ်။ ရေးတဲ့အခါမှာ သက်ဆိုင်ရာဝန်ကြီးဌာနကနေ ကျွန်မတို့ ရှေ့နေချုပ်ရုံးကိုလည်း ဖိတ်ကြားပါတယ်။ ကျွန်မတို့ရုံးကလည်း ပါဝင်ဆွေးနွေးပြီးတော့ Final Draft ရပြီဆိုရင် ကျွန်မတို့ရုံးကို ပေးပို့ပြီး အကြံပြုချက်တွေ တောင်းရပါတယ်။ ဒီလိုအကြံပြုချက်တွေတောင်းတဲ့အခါ ထပ်ပြီး ဆွေးနွေးရပါတယ်။ ဒီလို ဆွေးနွေးတာ အကြိမ် ခြောက်ကြိမ်လောက်ရှိပါတယ်။ ဘာဖြစ်လို့ အကြိမ်များစွာ ဆွေးနွေးကြသလဲဆိုရင် ခေတ်နဲ့ညီတဲ့ ဥပဒေဖြစ်အောင်၊ ကွန်ဗင်းရှင်းပါအချက်တွေ ညီအောင်ပါ။ ကျွန်မတို့ဆီက အကြံပြုချက်တွေပြီးရင် ဒီဥပဒေကြမ်းကို Cabinet တင်ပြီး အတည်ပြုချက်ယူရပါတယ်။ ဒီလို အတည်ပြုချက်ယူဖို့အတွက် လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ တင်ရပါတယ်။ ပြီးမှ Cabinet အတည်ပြုပြီး လွှတ်တော်ကို တင်ရပါတယ်။ လွှတ်တော်ရောက်သွားပြီး လွှတ်တော်မှာ ထပ်ပြီး ဆွေးနွေးကြပါတယ်။ တကယ်တော့ ဥပဒေကြမ်းဆိုတာ ခေတ်နဲ့အညီ တည်ဆောက်ရပါတယ်။

## သမ္မတထံ ရှေ့နေချုပ်ရုံးက ဒီအကြံပြုချက်တွေကို ပေးပို့ရ

ခုနကမေးတဲ့ ဥပဒေကြမ်းက ဘယ်အဆင့်ရောက်ပြီလဲဆိုရင် ပြည်ထောင်စုအဆင့်က အကုန်အတည်ပြုပြီးသွားပြီးတော့ နိုင်ငံတော်သမ္မတဆီ တင်ပြလက်မှတ်ထိုးရမယ့်အဆင့်ပါ။ လက်မှတ်ထိုးမယ့်အဆင့်မှာလည်း သမ္မတထံ ရှေ့နေချုပ်ရုံးက ဒီအကြံပြုချက်တွေကို ပေးပို့ရပါတယ်။ ပြီးရင် လွှတ်တော်ကို ပြန်ပြီးပို့ပေးပါတယ်။

**ဦးကိုကို(စက်မှုတက္ကသိုလ်)** ။ ။ **အခုအဆင့်က ပြည်ထောင်စုလွှတ်တော်က သမ္မတထံ ပေးပို့ထားတယ်။ မကြာမီ ပြန်လည်ကျင်းပတော့မယ့် လွှတ်တော်မှာ သမ္မတ မှတ်ချက်နဲ့ ပြန်ပြီးဆွေးနွေးအတည်ပြုကြမယ်လို့ ဆွေးနွေးတဲ့အပေါ်ကနေ ခြုံငုံပြီး မြင်ပါတယ်။ နောက်တစ်ခုက ဥပဒေကို လေ့လာကြည့်တဲ့အခါ ကလေးသူငယ်တွေရဲ့ အခွင့်အရေးပိုင်းကို အများကြီးကာကွယ်ပေးထားပြီးတော့ အခန်း ၁ ဖော်ပြချက်မှာ ကလေးသူငယ်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်က ၁၈ နှစ်မပြည့်သေးတဲ့ ကလေးသူငယ်လို့ ဆိုထားပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဆွေးနွေးပေးစေလိုပါတယ်။**

**ဒေါက်တာစန်းစန်းအေး** ။ ။၁၉၉၃ ကလေးသူငယ်ဆိုင်ရာ ဥပဒေမှာ ကလေးသူငယ်ရဲ့ အသက်ကို ၁၆ နှစ်လို့ ပြောခဲ့ပြီးတော့ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေမှာကျတော့ နိုင်ငံတကာမှာ လေ့လာတယ်၊ ကိုယ်နဲ့ နီးစပ်တဲ့ နိုင်ငံတွေကိုပါ လေ့လာတယ်၊ ဒီလိုလေ့လာတဲ့အခါ အသက် ၁၈ နှစ်လို့ သတ်မှတ်တာတွေ့ရတဲ့အတွက် အသက် ၁၆ နှစ်ကနေ အသက် ၁၈ နှစ်ကို မြှင့်ပေးလိုက်ပါတယ်။ ကလေးသူငယ်ရဲ့အခွင့်အရေး အကောင်းဆုံးဖြစ်အောင်လို့ သတ်မှတ်လိုက်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# (၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ပြည်သူများလွတ်လပ်စွာ ဂါရဝပြု လွမ်းသူ့ပန်းခွေချနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်

**မြစ်ကြီးနား ဇူလိုင် ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ (၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ပြည်သူများ လွတ်လပ်စွာ ဂါရဝပြုလွမ်းသူ့ပန်းခွေချနိုင်ရေး အစီအမံများဖြင့် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။

အစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က (၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများအနေဖြင့် သတ်မှတ်ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များအလိုက် တာဝန်ကျေပွန်စွာ လုပ်ဆောင်ကြရန်နှင့် ယခုနှစ် အာဇာနည်နေ့အခမ်းအနားတွင် ပြည်သူများလွတ်လပ်စွာ ဂါရဝပြုလွမ်းသူ့ပန်းခွေချနိုင်ရေး စီမံဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး၊ ဦးစီးကော်မတီနှင့် ဆပ်ကော်မတီအလိုက် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက (၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုရင်ပြင်၌ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ ဂါရဝပြုလွမ်းသူ့ပန်းခွေချခြင်း အခမ်းအနား၊ အာဇာနည်နေ့အထိမ်းအမှတ် ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးချိန်တွင် ဥသြဆွဲဂုဏ်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများနှင့် အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က လိုအပ်ချက်များအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အခမ်းအနားအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး လိုအပ်ချက်များကို ညှိနှိုင်းဆုံးဖြတ်ပေးခဲ့သည်။




**ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် (၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

**ပြည်နယ်(ပြန်/ဆက်)**

# မြိတ်မြို့ရှိ ကုန်စိမ်းဈေးကို တိုင်းဒေသကြီးအစိုးရ၏ ညွှန်ကြားချက်ဖြင့် မကြာမီပြောင်းရွှေ့မည်

**မြိတ် ဇူလိုင် ၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ်ကွက်ရှိ ပုံကျကုန်စိမ်းဈေးတွင် ရောင်းချလျက်ရှိသော ဈေးသူ ဈေးသားများအား ရှမ်းချောင်းပုံကျကုန်စိမ်းဈေးသစ်သို့ တိုင်းဒေသကြီးအစိုးရ၏ ညွှန်ကြားချက်ဖြင့် ဇူလိုင် ၁၃ ရက် နောက်ဆုံးထား၍ ပြောင်းရွှေ့ရန် စည်ပင်သာယာရေးအဖွဲ့က အသိပေးအကြောင်းကြားထားကြောင်း သိရသည်။

“မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဇွန် ၂၉ ရက်တွင် ကန်ဖျားရပ်ကွက် ကုန်စိမ်းဈေးရှိ ဈေးသည်များအားလုံး ရှမ်းချောင်းကျေးရွာ ကုန်စိမ်းဈေးသစ်သို့ ဇွန် ၂၉ ရက်မှစပြီး ဇူလိုင် ၁၃ ရက် အပြီးပြောင်းရွှေ့ရန်နှင့် ၁၄ ရက်မှစပြီး ကန်ဖျားကုန်စိမ်းဈေးကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အမိန့်ကြေညာစာထုတ်ပြန်ထားပြီး ကြေညာချက်အတိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စိုးက ပြောသည်။

ကုန်စိမ်းဈေးအသစ်သို့ ပြောင်းရွှေ့ရန် အသိပေးအကြောင်းကြားချက်အပေါ် ဈေးသူ ဈေးသားများက ပြောင်းရွှေ့လိုခြင်း မရှိသည့်အတွက် သတင်းစာရှင်းလင်းပွဲကို အောင်မင်္ဂလာခန်းမ၌ ဇူလိုင် ၂ ရက်က မီဒီယာများကို ခေါ်ယူကာ သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့သည်။

သတင်းစာရှင်းလင်းပွဲကို ဈေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဈေးသူ ဈေးသားများ တက်ရောက်ပြီး ဈေးသူဈေးသားများက ရှမ်းချောင်းကုန်စိမ်းဈေးသစ်သို့ ပြောင်းရွှေ့လိုခြင်းမရှိကြောင်း သဘောဆန္ဒများကို သတင်းမီဒီယာများအား ပြောကြားခဲ့ပြီး သတင်းမီဒီယာများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားခဲ့ကြသည်။

ကန်ဖျားကုန်စိမ်းဈေးကို ၂၀၀၄ ခုနှစ်မှစ၍ ယာယီပုံကျကုန်စိမ်းဈေးအဖြစ် စတင်ရောင်းဝယ်ဖောက်ကားလာပြီး သစ်သားတိုင်စိုက် ဓနိမိုးဖြင့် မြေကြီးပေါ်တွင် ရောင်းချခဲ့ရာမှ ၂၀၁၅ခုနှစ်၌ ဈေးသူ ဈေးသားများမှ ဆိုင်ခန်းတစ်ခန်း ရှစ်ပေခြောက်ပေအကျယ် ဆိုင်ခွင်တစ်ခွင်ကို ငွေကျပ် ၆၅၄၀၀၀ ဖြင့် ဆိုင်ခန်းအသစ်များ စုစုပေါင်း ၁၂၃ ခန်းကို ဆောက်လုပ်ခဲ့ကြောင်း ဈေးကော်မတီမှ သိရသည်။

ရှမ်းချောင်းကုန်စိမ်းဈေးတွင် ကန်ဖျားကုန်စိမ်းဈေး၌ လက်ရှိရောင်းချနေသော ၁၂၃ ခန်း၊ မီးစက်ရုံနှင့် စာသင်ကျောင်းကြားရှိ ဆိုင်ခန်း ၄၈ ခန်းနှင့် ပြင်ပမှ ရောင်းချရန် ဆန္ဒပြုသူများကို နေရာချထားပြီးဖြစ်ကြောင်း၊ ၁၂၃ ခန်းတွင် ရောင်းချနေသူများကို ရောင်းချသည့်အတိုင်း ခြောက်ပေ×ရှစ်ပေဖြစ်ပြီး မီးစက်ရုံနှင့် စာသင်ကျောင်း ကြားရှိ ဆိုင်ခန်းများကို ခြောက်ပေ×လေးပေ နေရာချထားပေးမည်ဖြစ်ကာ နေရာချထားမှုကို ဗီနိုင်းချိတ်ဆွဲပေးထားကြောင်း စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။





**ရှမ်းချောင်းပုံကျ ကုန်စိမ်းဈေးသစ်၌ ဈေးရောင်းချနေမှုကို တွေ့ရစဉ်** (အပေါ်ပုံ)**နှင့် ကန်ဖျားရပ်ကွက်ရှိ ပုံကျကုန်စိမ်းဈေးတွင် ရောင်းချနေသော ဈေးသူ ဈေးသားများနှင့် ဈေးဝယ်ပြည်သူများအား တွေ့ရစဉ်။** (ဝဲပုံ)

ကန်ဖျားကုန်စိမ်းဈေးသည် သွားရေးလာရေးမှအစ အဆင်ပြေမှုများရှိပြီး ရှမ်းချောင်းကုန်စိမ်းဈေးသည် လမ်းပန်းဆက်သွယ်ရေးဝေးသည့်အတွက် ခရီးသည်ပို့ဆောင်စရိတ်တက်နိုင်ပြီး ဝယ်သူမလိုက်ပါက အခက်အခဲရှိကြောင်း၊ တခြားဈေးများရှိသည့်အတွက် ဝယ်သူများက နီးသည့်ဈေးတွင် ဝယ်ယူနိုင်သည့်အတွက် အခက်အခဲများရှိကြောင်း ဈေးသူဈေးသားများထံမှ သိရသည်။

“ဒီဈေးမှာရောင်းရတာ အားလုံးအဆင်ပြေတယ်။ မိသားစုစားဝတ်နေရေးနဲ့ ကျောင်းသား ကျောင်းသူတွေအားလုံး၊ အဘက်ဘက်မှလာတဲ့ ဈေးဝယ်သူအားလုံး အဆင်ပြေတယ်။ ဒီဈေးကနေ ပြောင်းရွှေ့ချင်တဲ့ဆန္ဒ လုံးဝမရှိပါဘူး”ဟု ဈေးရောင်းချနေသူ မခင်နွယ်ဝင်းက ဆိုသည်။

“ကုန်စိမ်းဈေးရှိတဲ့အတွက်ကြောင့် ဈေးနားကပ်နေတဲ့ အခန်းကတော့ သူငယ်တန်းနှင့် မူကြိုတွေ ထားရှိသင်ကြားနေတာကြောင့် ဈေးကလာတဲ့ အနံ့အသက်တွေက ကလေးတွေအပေါ် သက်ရောက်မှု အများကြီးရှိပါတယ်။ ချက်ချင်းမသိသာပေမယ့် ရေရှည်မှာ ကျန်းမာရေးထိခိုက်မှု ရှိနိုင်ပါတယ်။ အဲဒါကြောင့် ကုန်စိမ်းဈေးကို ကျောင်းအနီးအနားမှာ မရှိသင့်ဘူးလို့ မြင်ပါတယ်။ သင့်တော်မယ့်နေရာရှိရင် ကုန်စိမ်းဈေးကို ရွှေ့ပေးစေချင်ပါတယ်”ဟု ကန်ဖျားကျောင်း ကျောင်းအုပ် ဦးစိုးတင့်က ဆိုသည်။

၂၀၁၆ ခုနှစ်တွင် လွှတ်တော်မေးခွန်းများနှင့် ပြည်သူလူထုမှလည်း မလိုလားမှုများ၊ ကျောင်းနှင့်လည်း အဆင်မပြေမှုများကြောင့် ကုန်စိမ်းဈေးကို ရှမ်းချောင်းတွင် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ကြောင်း၊ ဈေးဆောက်လုပ်ရာတွင် လမ်းအဝင်အထွက်ကောင်းအောင် အမှိုက်ကန်၊ အိမ်သာ၊ ရေသွယ်တန်းမှု၊ ယာဉ်ရပ်နားစခန်းများ ဆောင်ရွက်ထားကြောင်း၊ ကုန်စိမ်း ၁၂ ဘီးကား ၁၀ စီးရပ်နိုင်အောင် စီစဉ်ပေးထားကြောင်း၊ ကန်ဖျားကုန်စိမ်းဈေးရှိ ဈေးဆိုင်ခန်းအတိုင်း ရှမ်းချောင်းကုန်စိမ်းဈေးသစ်တွင် ဆိုင်ခန်းဝယ်စရာမလိုဘဲ စနစ်တကျနေရာပေးကာ ဈေးရောင်းချသူ သက်သောင့်သက်သာ ရောင်းနိုင်အောင် စီစဉ်ပေးထားကြောင်း စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ကန်ဖျားကုန်စိမ်းဈေးသည် ယခင်က ဆိပ်ငယ်ဈေးအနောက်ဘက်လမ်းကြားတွင် ဖွင့်လှစ်သည့်ဈေးဖြစ်ပြီး ၂၀၀၄ ခုနှစ်တွင် ဈေးပတ်ဝန်းကျင် ပြည်သူများ၏ တင်ပြချက်ဖြင့် ကန်ဖျားရပ်သို့ ယာယီပြောင်းရွှေ့လာခဲ့ကြောင်း၊ ယာယီပြောင်းရွှေ့ပြီးနောက်ပိုင်း ဈေးအနီးအနားပတ်ဝန်းကျင်ရှိ ပြည်သူများ၊ စာသင်ကျောင်း၊ ခရီးသွားလာမှုနှင့် ပတ်သက်၍ ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်မှု၊ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားရာတွင် အနှောင့်အယှက်ဖြစ်စေမှု၊ လမ်းသွားလမ်းလာများ၏ တင်ပြမှုများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ကုန်စိမ်းဈေးကို ပြောင်းရွှေ့ရန် အကြောင်းကြားလာခြင်းဖြစ်ကြောင်း စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# ငှက်လက်မမြီးရှည်ညို ငှက်မျိုးစိတ်များကို မြန်မာ့ဇာတိရင်းငှက်မျိုးစိတ်သစ်တစ်ခုအဖြစ် သတ်မှတ်


**နေပြည်တော် ဇူလိုင် ၄**

မြန်မာနိုင်ငံတွင် နေထိုင်ကျက်စားသည့် ငှက်လက်မမြီးရှည်ညို (Brown Prinia) ငှက်မျိုးစိတ်များကို ကမ္ဘာ့ငှက်ပညာရှင်များက ထပ်မံမျိုးခွဲ သုတေသနပြုခဲ့ရာ Burmese Prinia (Prina cooki) မျိုးစိတ်အဖြစ် မျိုးခွဲခဲ့ပြီး ၎င်းငှက်မျိုးစိတ်ကို မြန်မာနိုင်ငံတစ်နိုင်ငံအတွင်း၌သာ တွေ့ရှိနိုင်သော မြန်မာဇာတိရင်းမျိုးစိတ် ( Myanmar Endemic) အဖြစ် သတ်မှတ်အတည်ပြုလိုက်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်) WCS မှ သိရသည်။

အဆိုပါ ငှက်မျိုးစိတ်ကို ဇွန် ၁၇ ရက်က အတည်ပြုလိုက်ခြင်းဖြစ်ပြီး ငှက်လက်မမြီးရှည်ညို မျိုးစိတ်သည် မြန်မာနိုင်ငံ အလယ်ပိုင်းတွင် နေထိုင်ကျက်စားလေ့ရှိသည့် ငှက်မျိုးစိတ်ဖြစ်ကြောင်း သိရသည်။

**သီဟစည်သူ**

**ဓာတ်ပုံ - WCS Myanmar**



# ဟားခါးမြို့တွင် ဖွင့်လှစ်သည့် သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများ မြို့နယ်အတွင်း လက်တွေ့ကွင်းဆင်း သတင်းရယူ

**ဟားခါး ဇူလိုင် ၄**

ချင်းပြည်နယ်ရုံး ဟားခါးမြို့တွင် ဖွင့်လှစ်လျက်ရှိသည့် သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လျက်ရှိသည့် ဝန်ထမ်းများအား သတင်းရေးသားရာတွင် ထိရောက်ကျွမ်းကျင်မှုရှိစေရေး၊ သတင်းအချက်အလက်များ ရယူဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုရှိစေရေးအတွက် ယနေ့နံနက် ၁၀ နာရီက ဒေါ်ခင်ရတနာ (စာတည်း၊ မြန်မာ့အလင်း)နှင့်အတူ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူ ၂၀ တို့သည် ချင်းပြည်နယ် ဟားခါးမြို့ ကျောဘုတ်ရပ်ကွက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၏ စိုက်ပျိုးရေးပျိုးဥယျာဉ်ခြံသို့ ရောက်ရှိ၍ ကွင်းဆင်းလေ့လာဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လျက်ရှိသည့် အဖွဲ့ဝင် ၂၀ တို့သည် အုပ်စုတစ်စုလျှင် ငါးဦးဖြင့် အုပ်စုလေးစုခွဲကာ ကျောဘုတ်စိုက်ပျိုးရေးခြံသို့ ရောက်ရှိ၍ Green House ဖြင့် သိပ္ပံနည်းကျ စိုက်ပျိုးထားလျက်ရှိသည့် လက်ဖက်၊ ကော်ဖီ၊ ဝဥ၊ ခရမ်းချဉ်နှင့် အခြားမီးဖိုချောင်သုံး ဟင်းသီးဟင်းရွက် စိုက်ခင်းများ၊ ပျိုးခင်းများ ဆောင်ရွက်ထားရှိမှုအပါအဝင် ကျောဘုတ်စိုက်ပျိုးရေးဥယျာဉ်ခြံနှင့် ပတ်သက်၍ သိရှိလိုသည်များကို တွေ့ဆုံမေးမြန်းရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလင်းမြတ်၊ ခရိုင်မန်နေဂျာ ဦးဟုန်းကီးနှင့် ခြံမန်နေဂျာ ဦးဗျက်နောန်မန်းတို့က ရှင်းလင်းဆွေးနွေးပေးခဲ့ကြကြောင်း သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျွမ်းကျင်ပြီး စွမ်းရည်ပြည့်ဝသည့် သတင်းမီဒီယာကောင်းများ ဖြစ်ပေါ်လာရေး သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို တိုင်းဒေသကြီး/ပြည်နယ်ရုံးစိုက်ရာ မြို့ကြီးများအားလုံးတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပြီး ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **မြင့်နိုင်စိုး(ထီးလှိုင်မြေ)**

# ဒဏ္ဍာရီမိုး ရုပ်ရှင်ဇာတ်ကားကို ဇူလိုင် ၁၁ ရက်တွင် ရုံတင်ပြသမည်

**ရန်ကုန် ဇူလိုင် ၄**

"ဒဏ္ဍာရီမိုး"ရုပ်ရှင်ဇာတ်ကားကို ဇူလိုင် ၁၁ ရက်တွင် တစ်နိုင်ငံလုံး၌ ရုံတင်ပြသမည်ဖြစ်ပြီး ယမန်နေ့ညက ရုပ်ရှင်အထူးပြပွဲကို ရန်ကုန်မြို့ Junction City (JCGV) အဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့သည်။

ဇာတ်ညွှန်းရေးဆရာ ကိုမိုးနီလွင်က "ကျွန်တော် နှစ်ပေါင်းများစွာ သိမ်းထားတာ ကြာပြီဖြစ်တဲ့ ဒီ"ဒဏ္ဍာရီမိုး"အချစ်ဇာတ်လမ်းလေးကို 7Sense က သရုပ်ဖော်ပေးပြီး ဒါရိုက်တာကိုထက်က စိတ်ရောကိုယ်ပါနှစ်ကာ လူငယ်သရုပ်ဆောင်နှစ်ဦးနဲ့အတူ ရုပ်ရော၊ အသံပိုင်းရော အကောင်းဆုံးရိုက်ကူးထုတ်လုပ်ထားလို့ ပရိသတ်ကြီးအနေနဲ့ ကြည့်ပြီး ဝေဖန်အကြံပြုပေးပါလို့ ပြောချင်ပါတယ်"ဟု ပြောသည်။

"ဒဏ္ဍာရီမိုး"ရုပ်ရှင်ကို ဒါရိုက်တာ အကယ်ဒမီ ဝင်းလွင်ထက်နှင့် 7Sense ရုပ်ရှင်ထုတ်လုပ်ရေးတို့ ရိုက်ကူးထုတ်လုပ်ပြီး အကယ်ဒမီ ဝတ်မှုံရွှေရည်၊ ရဲတိုက်၊ ဒေါင်း၊ ရွှေထူးနှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားသည်။

"ဒီဇာတ်ကားမှာ တစ်ခါမှမတွဲဖူးသေးတဲ့ သရုပ်ဆောင်တွေလည်း ဖြစ်တယ်။ "ဒဏ္ဍာရီမိုး"က အရုပ်ပိုင်းဆိုင်ရာ၊ အသံပိုင်းဆိုင်ရာ ကောင်းတယ်။ ဒါရိုက်တာကိုဝင်းလွင်ထက်က ဆက်တင်တွေ သေချာပြင်ဆင်ထားတယ်။ ဇာတ်ညွှန်းရေးဆရာကိုမိုးနီလွင်ရဲ့ စကားလုံးတွေက မာတယ်။ အတော်ကြိုက်တယ်။ ကိုရဲတိုက်ရဲ့ အနုပညာသက်တမ်းတစ်လျှောက်မှာ ပထမဆုံးရုံတင်တဲ့ ဇာတ်ကားလည်း ဖြစ်ပါတယ်"ဟု ထုတ်လုပ်သူက ပြောသည်။

"ဒဏ္ဍာရီမိုး"တွင် သရုပ်ဆောင် ဒေါင်းနှင့် ရွှေထူးတို့က အပြင်သရုပ်နှင့် မတူသည့် ကာရိုက်တာဖြင့် စိတ်ဝင်စားဖွယ် ရိုက်ကူးထားသည်။

**သန့်ဇင်ဝင်း**

# မိုးကောင်းမြို့၌ ခြင်မှတစ်ဆင့် ကူးစက်သည့် တုပ်ကွေးရောဂါများဖြစ်ပွားနေ

မိုးကောင်း ဇူလိုင် ၄

**ကချင်ပြည်နယ် မိုးကောင်းမြို့တွင် ယခု ရက်ပိုင်းအတွင်း ခြင်မှတစ်ဆင့် ကူးစက်သည့် တုပ်ကွေးရောဂါများ ဖြစ်ပွားနေကြောင်း မြို့နေပြည်သူများထံမှ သိရသည်။**

မိုးကောင်းမြို့တွင် ဇွန်လနောက်ဆုံးပတ်နှင့် ဇူလိုင်လ ပထမပတ်အတွင်း ဖြစ်ပေါ်နေသည့် တုပ်ကွေးရောဂါလက္ခဏာမှာ တစ်ကိုယ်လုံး အနီရောင်အဖုများ ထွက်ပေါ်နေခြင်း၊ ကိုယ်ပူရှိန်မြင့်တက်၍ အဖျားမကျခြင်း၊ မူးဝေအော့အန်ခြင်းများ ဖြစ်ပေါ်လျက်ရှိရာ မြို့ပေါ်ရှိ ပုဂ္ဂလိကပိုင်ဆေးခန်းများတွင် နံနက်လင်းချိန်မှ ညအချိန်အထိ လူနာများ အဆက်မပြတ် လာရောက်ကုသလျက်ရှိသည်။

ဒေသခံပြည်သူများက အဆိုပါရောဂါမှာ ဆင်တုပ်ကွေးဖြစ်နိုင်ကြောင်း ထင်မြင်ယူဆနေကြသော်လည်း ဇူလိုင် ၂ ရက်က မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ကျင်းပသည့် ဆင်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကောင်းမြတ်စံက ဆင်တုပ်ကွေးရောဂါလက္ခဏာမှာ သွေးစစ်ဌာနသို့ သွေးပို့စစ်ဆေးဆဲဖြစ်ပြီး သွေးအဖြေထွက်မှသာ ဆုံးဖြတ်ချက်ချနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

မြို့ပေါ်ရပ်ကွက်များအတွင်း ခြင်မှကူးစက်သည့် တုပ်ကွေးရောဂါများ မဖြစ်ပွားစေရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ ပူးပေါင်း၍ စာသင်ကျောင်းများ၊ နေအိမ်များသို့ ဖုံး၊ သွန်၊ လဲ၊ စစ် နှင့် အဘိတ်ဆေးခတ်ခြင်းများ၊ ခြင်ဆေးပက်ဖျန်းခြင်းများကို ယနေ့မှစတင်ကာ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# ဝူဟာန် ယူ-၁၄ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း အဆင့် (၇) နေရာလုပ်ပွဲ ကစားရမည်

**ရန်ကုန် ဇူလိုင် ၄**

တရုတ်နိုင်ငံ ဝူဟာန်မြို့၌ ကျင်းပလျက်ရှိသည့် ၂၀၁၉ ဝူဟာန် ယူ-၁၄ ဖိတ်ခေါ်ပြိုင်ပွဲ အဆင့်လုပ်ပွဲများကို ယနေ့ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် အဆင့် (၇) နေရာလုပ်ပွဲသာ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုပွဲများအပြီးတွင် တတိယနေရာရခဲ့သောကြောင့် အဆင့် (၅/၈) နေရာလုပ်ပွဲအတွက် ဆက်လက်ယှဉ်ပြိုင်ခဲ့ရပြီး အိမ်ရှင် ဝူဟာန် ယူ-၁၄ အသင်းနှင့် တွေ့ဆုံရာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ထို့ကြောင့် မြန်မာအသင်းသည် အဆင့် (၅/၆) နေရာလုပ်ပွဲ ကစားခွင့်ဆုံးရှုံးခဲ့ပြီး အဆင့် (၇/၈) နေရာလုပ်ပွဲသာ ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ဇူလိုင် ၅ ရက် **(ယနေ့)**တွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အုပ်စုတွင်းတွေ့ဆုံစဉ်က လေးဂိုးပြတ်အနိုင်ရထားသည်။

**ရဲရင့်ရှိန်း**

# မြို့နယ်အချို့တွင် မိုးရွာသွန်း၍ လေပြင်းတိုက်ခတ်မှုနှင့် မြစ်ကမ်းပါးပြိုကျမှုများကြောင့် သစ်ပင်များပြိုလဲကာ အဆောက်အအုံအချို့ပျက်စီး

## ငါးသိုင်းချောင်း

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ကျုံတာကျေးရွာ၌ ယနေ့ နံနက် ၄ နာရီက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအတွင်းရှိ နေအိမ်တစ်လုံးပေါ်သို့ အိမ်အနီးရှိ ကုက္ကိုပင်တစ်ပင်နှင့် မအူပင်တစ်ပင် စုစုပေါင်းသစ်ပင်နှစ်ပင် ပြိုကျပိမ့်ကြောင့် အဆိုပါနေအိမ် ပျက်စီးခဲ့သည်။

အဆိုပါနေအိမ်ရှိ မိသားစုဝင်များမှာ ကျေးရွာအတွင်းရှိ ဆွေမျိုးသားချင်းများ၏ နေအိမ်တွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်ဆက်)**

## တွံတေး

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် ဇူလိုင် ၄ ရက် နံနက် ၁ နာရီခန့်က မိုးရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် ကွမ်းခြံရပ်ကွက် မြကန်သာ(၁)လမ်းနေ ဦးဇော်ဇော်၏ နေအိမ်အနီးရှိ မလေးရှားပိတောက်ပင် လဲကျပိသဖြင့် နေအိမ်ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ နေအိမ်တွင် နေထိုင်သည့် မိသားစု ခုနစ်ဦးတို့ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက ယာယီနေထိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**



ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ကိုယ့်မင်းကိုယ်ချင်းလမ်းထိပ် ရန်ကုန်-မန္တလေးကားလမ်းဟောင်းဘေးရှိ သက်တမ်းရင့် သစ်ပင်အိုသည် ဇူလိုင် ၄ ရက် မွန်းလွဲပိုင်းက လဲကျခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမြင့်နိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ခုတ်ထွင်ရှင်းလင်းကြစဉ်။ ကိုကိုရှုပ(နေပြည်တော်)

## ကန်ကြီးထောင့်

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကျောင်းစုကျေးရွာ၌ ဇူလိုင် ၃ ရက် ည ၉ နာရီခန့်က လေပြင်းများတိုက်ခတ်မှုကြောင့် ဝါးတိုင်၊ ထရံကာ၊ ဓနိမိုး နေအိမ်နှစ်လုံး အမိုးလန်ပျက်စီးခြင်းနှင့် သစ်ပင်လဲကျမှုကြောင့် နွားတင်းကုပ်တစ်လုံးတို့ ပြိုလဲပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ **နန်းထိုက် (KGD)**

## ချောင်းဆုံ

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ယနေ့နံနက်ပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် နတ်မော်ရွာဟောင်းရှိ ရွှေကျင်ဓမ္မနိကာယ ဘုန်းကြီးကျောင်းဓမ္မာရုံ တစ်ထပ်တိုက်အဆောက်အအုံ၏ သစ်ဒိုင်းနှင့် အမိုးများပျက်စီးခဲ့သည်။ အလားတူ နတ်မော်ရွာဟောင်းကျေးရွာရှိ ဒေါ်ရီသန်း၏ တဲအိမ်တစ်လုံး၊ သကြော ကျေးရွာရှိ ဦးတင်မောင်၏ နေအိမ်အမိုးများ ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ခံစားနေရသည့် အိမ်ထောင်စုဝင်များကို တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်း ထောက်ပံ့နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပုသိမ်

ပုသိမ်-ရန်ကုန်ကားလမ်းမိုင်တိုင်အမှတ် ၉၈/၆ နှင့် ၁၀၀/၂ အကြားရှိ ကန်ကြီးထောင့်မြို့နယ် ညောင်ငူကျေးရွာအနီးတွင် ဇူလိုင် ၃ ရက် ည ၁၁ နာရီက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လမ်းဝဲယာစိုက်ပျိုးထားရှိသော မန်ဂျန်ရှားပင်ကြီးများ လဲပြိုကျခဲ့၍ ရန်ကုန်-ပုသိမ်ကားလမ်းမကြီး ပိတ်ဆို့ခဲ့သဖြင့် ခရီးသွားများ မိုးထဲလေထဲ အခက်အခဲကြုံတွေ့ရသည်။

ရန်ကုန်-ပုသိမ်လမ်းမကြီးပေါ် ပိတ်ဆို့လဲကျနေသည့် သစ်ပင်ကြီးများကို ကန်ကြီးထောင့်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပုသိမ်မြို့ မနောဖြူလူမှုကူညီရေးအဖွဲ့တို့က ပူးပေါင်း၍ ညတွင်းချင်း ရှင်းလင်းပေးကြသဖြင့် ပြန်လည်လမ်းပွင့်ခဲ့ကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

## ရေကြည်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ကွင်းလျားကျေးရွာအုပ်စု ရေကျော်ပိုင်းတွင် ဇူလိုင် ၂ ရက် ည ၈ နာရီက မြစ်ရေတိုက်စား၍ မြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ်များ ပြောင်းရွှေ့ခဲ့ရသည်။

ထို့နောက် အိမ်နီးချင်းများနှင့် နီးစပ်လာ၍ ကြိုတင်ရွှေ့ပြောင်းခဲ့သည့် ဦးအောင်ကိုကိုလွင်၏ သွပ်မိုး၊ ထရံကာ ကြမ်းခင်းအိမ်တစ်လုံး၊ အိမ်ထောင်စုတစ်စု၊ လူဦးရေသုံးဦးနှင့် အဆိုပါ မြစ်ကမ်းပါးပြိုကျမှုကြောင့် အိမ်ပြောင်းရွှေ့သည့် မိသားစုဝင်များကို နီးစပ်ရာ ဆွေမျိုးသားချင်းနေအိမ်တွင် ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိပြီး မြစ်ကမ်းပါးဆက်လက်ပြိုကျနိုင်ကြောင်း ဒေသခံများပြောပြ၍ သိရသည်။

**ဆန်းတင့်(ရေကြည်)**

## The Scent of Green Papaya အမည်ရှိ ဗီယက်နမ်ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမည်

**ရန်ကုန် ဇူလိုင် ၄**
ဒါရိုက်တာ၏ Tran Anh Hung"The Scent ofGreen Papaya" ဇာတ်ကားအား ဇူလိုင် ၇ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့အမှတ် (၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း၊ ရုပ်ရှင်ပြခန်းမ၌ ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှု အစီအစဉ် ပြုလုပ်ကြမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် အကြိမ်(၂၀)မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာ အောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

ဗီယက်နမ် ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်သော "The Scent of Green Papaya" ရုပ်ရှင်ဇာတ်ကားသည် ဗီယက်နမ် ဒါရိုက်တာTran Anh Hung ၏ လက်ရာကောင်းတစ်ခုဖြစ်ပြီး ၁၉၉၃ ခုနှစ်က ပြင်သစ်နိုင်ငံ Cannes Film Festival တွင် Festival Award of The Youth French Film နှင့် Festival Golden Camera Award ဆုများရရှိထားကြောင်း သိရသည်။

**သတင်းစဉ်**

## သစ်ပင်ချစ်သူများဖိုရမ် ပန်းပျိုးလက်စခန်းပဲခူးမြို့တွင် ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၄**
တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သစ်ပင်ချစ်သူအဖွဲ့များ ကွန်ရက်ချိတ်ဆက်ပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်ထိန်းသိမ်းစောင့်ရှောက်သည့် အလေ့အကျင့်ကောင်းများ ပြန့်ပွားရေးရည်ရွယ်ချက်ဖြင့် သစ်ပင်ချစ်သူများ ဖိုရမ်ကို ဇူလိုင် ၆ ရက်နှင့် ၇ ရက်များတွင် ပဲခူးမြို့ ကျောက်တန်းစံပြကျေးရွာရှိ ပန်းပျိုးလက်တောစခန်းတွင် ကျင်းပမည် ဖြစ်သည်။

သစ်ပင်ချစ်သူများဖိုရမ် ကျင်းပခြင်းဖြင့် မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်လုပ်ဆောင်နိုင်ရန် ဒေသအတွင်း သစ်ပင်ချစ်သူကွန်ရက်များ ပိုမို ပေါ်ပေါက်လာစေရန်နှင့် သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်း လုပ်ငန်းစဉ်များ ပိုမိုအကောင်အထည်ဖော်နိုင်ရန်နှင့် ဖိုရမ်မှ သစ်ပင်စိုက်ပျိုးရေးနည်းပညာများ ရရှိနိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ဖိုရမ်ဖြစ်မြောက်ရေးအတွင်းရေးမှူး ဦးဇော်ဝင်းခိုင်ထံမှ သိရသည်။

ဖိုရမ်သို့ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ သုတေသနပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ သစ်ပင်စိုက်ပျိုးနေသည့် အရပ်ဘက်အဖွဲ့အစည်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်နေသည့်ပြည်တွင်း ပြည်ပမှအဖွဲ့အစည်းများနှင့် သစ်ပင်ချစ်သူ ကိုယ်စားလှယ်များ စုစုပေါင်းဦးရေ ၃၀၀ ခန့်တက်ရောက်မည်ဟု ခန့်မှန်းထားသည်။ ဖိုရမ်ကျင်းပသည့် နှစ်ရက်တာကာလတွင် နေထိုင်စားသောက်ရေးတို့ကို စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**အောင်သူရ**

## မြန်မာအမျိုးသားလေကြောင်းလိုင်း ရန်ကုန်-မကွေး- ရန်ကုန်ခရီးစဉ် တစ်ပတ်နှစ်ကြိမ် ပျံသန်းပြေးဆွဲမည်

**ရန်ကုန် ဇူလိုင် ၄**
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လက်ရှိပျံသန်းနေသောပြည်တွင်းခရီးစဉ်တစ်ခုဖြစ်သော ရန်ကုန် - မကွေး- ရန်ကုန်လေကြောင်းလိုင်းအား ဇူလိုင် ၁၂ ရက်မှစ၍ အပတ်စဉ်အင်္ဂါနှင့် သောကြာနေ့တိုင်းပျံသန်းပြေးဆွဲသွားမည် ဖြစ်ကြောင်း သိရသည်။



ရန်ကုန်-မကွေးခရီးစဉ်ပြေးဆွဲနေသည့် မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်တစ်စင်းကိုတွေ့ရစဉ်။

အဆိုပါ မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ATR-72-600 ဖြင့်အင်္ဂါနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နံနက် ၆ နာရီခွဲတွင် ထွက်ခွာပြီး မကွေးမြို့သို့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ပြီး မကွေးမြို့မှ နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် ထွက်ခွာပြီး ရန်ကုန်မြို့သို့ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ သောကြာနေ့တွင်ရန်ကုန်မြို့မှ နံနက် ၁၁ နာရီ မိနစ် ၃၀ တွင် ထွက်ခွာ၍ မကွေးမြို့သို့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင်ရောက်ရှိမည်ဖြစ်ပြီး မကွေးမြို့မှ ညနေ ၄ နာရီ ၃၅ မိနစ်ထွက်ခွာပြီး ရန်ကုန်မြို့သို့ ညနေ ၅ နာရီ မိနစ် ၅၀ ရောက်ရှိမည် ဖြစ်ပြီး လေယာဉ် လက်မှတ်ခငွေကျပ် ၆၀၀၀၀ ဖြစ်ကြောင်း သိရသည်။

အဆိုပါမကွေးလေဆိပ်သည် ၂၀၀၀- ၂၀၀၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ကာ ၂၀၀၃ ခုနှစ်တွင် လေယာဉ်ကွင်း စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ခရီးစဉ်များ စတင်ပြေးဆွဲခဲ့သည်။

ယင်းလေယာဉ်ကွင်းသည် ၂၀၀၃ ခုနှစ် မှ ၂၀၀၈ခုနှစ်အတွင်းလေယာဉ်များ ပြေးဆွဲအသုံးပြုခဲ့ပြီး စီးနင်းသည့်ခရီးသည်နည်းပါးသည့်အတွက် ခရီးစဉ်များ ရပ်နားခဲ့ရသည်။

ယခုအခါ မြန်မာအမျိုးသားလေကြောင်းမှ အပတ်စဉ်အင်္ဂါနှင့် သောကြာနေ့များတွင် တစ်ပတ်လျှင် နှစ်ကြိမ် ပြန်လည်ပြေးဆွဲမည်ဖြစ်ပြီး ပြည်တွင်း ၂၈ မြို့တွင်လည်း ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

## မြန်မာဂေါက်သီးရိုက်ကစားသမားများ ဗီယက်နမ်နှင့် စင်ကာပူနိုင်ငံတို့၌ ကျင်းပမည့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇူလိုင် ၄**
၂၀၁၉ ခုနှစ် ဇူလိုင် ၄ ရက်မှ ၇ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၁၅) ကြိမ်မြောက် ဗီယက်နမ်အပျော်တမ်း ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် (၈) ကြိမ်မြောက် ဗီယက်နမ်အမျိုးသမီး အပျော်တမ်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာဂေါက်သီးရိုက် ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ဝင်ရောက်ယှဉ်ပြိုင်မည်**

ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်ကစားသမား ခြောက်ဦးသည် ဇူလိုင် ၂ ရက်က ထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးသီဟနှင့် ဗဟိုအလုပ်အမှုဆောင် ဦးမြင့်အောင်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (၁၅) ကြိမ်မြောက် ဗီယက်နမ်အပျော်တမ်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာအမျိုးသား ဂေါက်သီးအားကစားသမားများဖြစ်သော လှိုင်မင်းထက်၊ ရာဇာအောင်၊ ပြည့်ဖြိုးသူ၊ သီဟမျိုးဆက်နှင့် (၈) ကြိမ်မြောက် ဗီယက်နမ်အမျိုးသမီး အပျော်တမ်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမျိုးသမီးဂေါက်သီး အားကစားသမားများ ဖြစ်ကြသော ဖူးပွင့်ရတီခိုင်နှင့် သင်းဝေခိုင်တို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ထို့ပြင် မြန်မာအမျိုးသား ဂေါက်သီးအားကစားသမားများ ဖြစ်ကြသော လှိုင်မင်းထက်၊ ရာဇာအောင်နှင့် သီဟမျိုးဆက်တို့သည် ဇူလိုင် ၁၅ ရက်မှ ၁၇ ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၇၂) ကြိမ်မြောက် စင်ကာပူအမျိုးသမီးအပျော်တမ်းချန်ပီယံရှစ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။


**ဖိုးသော်ဇင်**

## မြန်မာ ယူ-၁၅ အမျိုးသားအသင်းနှင့် တရုတ် ယူ-၁၅ အမျိုးသားအသင်း ခြေစမ်းပွဲကစားမည်

**ရန်ကုန် ဇူလိုင် ၄**
၂၀၁၉ အာဆီယံ ယူ-၁၅ ပြိုင်ပွဲနှင့် ၂၀၂၀ အာရှယူ-၁၆ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာယူ-၁၅ အမျိုးသားအသင်းသည် ပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် တရုတ်ယူ- ၁၅ အသင်းနှင့် တရုတ်နိုင်ငံ Haikou မြို့တွင် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၅ အသင်းသည် ဇူလိုင် ၄ ရက်မှ ၇ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Hailkou မြို့ရှိ Guanlan Lake Football training base တွင် နေထိုင်လေ့ကျင့်မည်ဖြစ်ပြီး ဇူလိုင် ၆ ရက်တွင် တရုတ်လက်ရွေးစင် ယူ- ၁၅ အသင်းနှင့် ခြေစမ်းပွဲကစားမည် ဖြစ်သည်။ ယင်းခြေစမ်းပွဲကို မြန်မာစံတော်ချိန် ၂ နာရီ၌ Wutuanhe Sport ကွင်းတွင် ကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ- ၁၅ အသင်းသည် အာဆီယံပြိုင်ပွဲအတွက် ဆက်တိုက်လေ့ကျင့်နေခြင်း ဖြစ်သည်။ **ရဲရင့်ရှိုင်း**




## မြတိဂုံစေတီတော်ထီးတော်တင်ပွဲ၌ သီတဂူဆရာတော်ကြီးတရားပွဲကျင်းပမည်

**မြောင်းမြ ဇူလိုင် ၄**
မြောင်းမြမြို့နယ် ကညင်ချောင်းကျေးရွာ မြစိမ်းရောင်တောင်တော် မြစိမ်းရောင်ဆရာတော်ကြီးအားအမှူးထား၍ မြတိဂုံစေတီတော်ထီးတော်အသစ် တင်လှူပွဲအောင်ပွဲအထိမ်းအမှတ်အဖြစ် ဇူလိုင် ၆ ရက် ည ၇ နာရီတွင် ဦးစိုးသန်းထွန်း(သုခမ္မ မဏိဇောတရေ/လူမှုထူးချွန်)၊ ဒေါ်ခင်မေသန်း(ပွင့်သစ်စမ်း)တို့၏ အလှူတော်ခမ္မ ဝိမာန်တော်ကြီး၌ ဒေါက်တာအရှင်ဉာဏိဿရ(သီတဂူဆရာတော်ကြီး)မှ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**ဘော်ဂါသွေး**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**အသင်းနည်းပြအဖြစ် ဖရန့်လမ်းပတ်အား ချယ်လ်ဆီး ခန့်အပ်**

ချယ်လ်ဆီးအသင်းသည် ကွင်းလယ်ကစားသမားဟောင်း ဖရန့်လမ်းပတ်အား သုံးနှစ်စာချုပ်နှင့်အတူ အသင်းနည်းပြအဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ဖရန့်လမ်းပတ်သည် ကစားသမားဘဝဖြင့် ချယ်လ်ဆီးအသင်းတွင် ၁၃ နှစ်ကြာ ကစားခဲ့ဖူးသူလည်းဖြစ်သည်။

**ဖီးလစ်ကို အက်သလက်တီကို မက်ဒရစ်အသင်း ခေါ်ယူ**

အက်သလက်တီကို မက်ဒရစ်အသင်းသည် ဘင်ဖီကာအသင်းမှ ပေါ်တူဂီတိုက်စစ်ကစားသမား ဖီးလစ်ကို ပေါင် ၁၁၃ သန်း (ယူရို ၁၂၆ သန်း) ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ခုနစ်နှစ်စာချုပ်ချုပ်ဆိုခဲ့သော အဆိုပါ ကစားသမားသည် ငါးဦးမြောက် ဈေးအကြီးဆုံးကစားသမားတစ်ဦးလည်း ဖြစ်လာခဲ့သည်။

**အရိုဇီ ပီရက်ဇ် ခေါ်ယူလိုက်ပြီဖြစ်သည့် လက်စတာစီးတီးအသင်း**

လက်စတာစီးတီးအသင်းသည် နယူးကာဆယ်အသင်းမှ အရိုဇီ ပီရက်ဇ်ကို လေးနှစ်စာချုပ်နှင့်အတူ ပေါင်သန်း ၃၀ ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**ရိုဒရီကို ကလပ်စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် မန်စီးတီးအသင်း ခေါ်ယူ**

မန်စီးတီးအသင်းသည် စပိန်ကွင်းလယ်ကစားသမား ရိုဒရီကို ကလပ်စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် ၆၂ ဒသမ ၈ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ မန်စီးတီးအသင်းနှင့် ငါးနှစ်စာချုပ်ချုပ်ဆိုခဲ့သော ရိုဒရီသည် ပီအက်စ်ဗွီအသင်းမှ နောက်ခံကစားသမား အန်ဂျယ်လီနိုပြီးနောက် နည်းပြဂွါဒီယိုလာ၏ ဒုတိယမြောက် ခေါ်ယူမှုလည်း ဖြစ်သည်။

**ဘယ်လ်ဂျီယံနည်းပြ မာတီနက်ဇ်ကို ဆက်သွယ်မှုပြုလုပ်လိုက်သည့် နယူးကာဆယ်**

နယူးကာဆယ်အသင်းသည် အသင်းမှ ထွက်ခွာသွားသော နည်းပြဘင်နီတက်ဇ်၏ နေရာကို အစားထိုးရန်အတွက် ဘယ်လ်ဂျီယံနည်းပြ မာတီနက်ဇ်ကို ဆက်သွယ်မှု ပြုလုပ်လိုက်ကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**ဂါးရတ်ဘေးလ်အတွက် မည်သည့်ကမ်းလှမ်းမှုကိုမှ လက်ခံမရရှိသေး**

ရီးရဲမက်ဒရစ်အသင်းသည် ဝေးလ်ကွင်းလယ်ကစားသမား ဂါးရတ်ဘေးလ်အတွက် မည်သည့်ကမ်းလှမ်းမှုကိုမှ လက်ခံမရရှိသေးကြောင်း မာကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**ဒေ့ဗ်ကို ခေါ်ယူရန် တောင်းဆိုလိုက်သည့် ပိုချက်တီနို**

တော့တင်ဟမ်နည်းပြ ပိုချက်တီနိုသည် ရီးရဲမက်ဒရစ်အသင်းမှ အသက် ၂၅ နှစ်အရွယ် စပိန်တိုက်စစ်ကစားသမား ဒေ့ဗ်ကို ခေါ်ယူရန် အသင်းကို တောင်းဆိုလိုက်ကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။

**အမျိုးသမီးကမ္ဘာ့ဖလားဗိုလ်လုပွဲ အမေရိကန်နှင့် နယ်သာလန်အသင်းတွေ့**

၂၀၁၉ အမျိုးသမီးကမ္ဘာ့ဖလား အကြိုဗိုလ်လုပွဲစဉ်အဖြစ် နယ်သာလန်နှင့် ဆွီဒင်အသင်းတို့ ဇူလိုင် ၄ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ နယ်သာလန်အသင်းက အချိန်ပိုတွင် ရရှိသော သွင်းဂိုးတစ်ဂိုးဖြင့် အမျိုးသမီးကမ္ဘာ့ဖလား ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်ကြောင်း သိရသည်။ အမျိုးသမီးကမ္ဘာ့ဖလား ဗိုလ်လုပွဲကို အမေရိကန်နှင့် နယ်သာလန်အသင်းတို့ ဇူလိုင် ၇ ရက် ည ၉ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသွားကြတော့မည်ဖြစ်သည်။



**အောင်ဇော်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၄**

မူးယစ်တပ်ဖွဲ့စု(၂၀) လွိုင်ကော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃ ရက် ည ၈ နာရီက လွိုင်ကော်မြို့နယ် ပိန်းချစ်ကျေးရွာ လွိုင်လင်လေး- အိုင်စန့်ကားလမ်းတွင် အန်တောညို(ခ)မိုးဒီ မောင်းနှင်လာသည့် မော်တော်ယာဉ်ကို စစ်ဆေးရန်တားဆီးစဉ် စစ်ဆေးရေးအဖွဲ့များအား တိုက်၍ မောင်းနှင်သွားရာ ရဲတပ်ဖွဲ့တစ်ဦးနှင့် သက်သေ နှစ်ဦးတို့ ဒဏ်ရာများရရှိခဲ့ပြီး ဆက်လက်၍ ၎င်းယာဉ်အား ပိတ်ဆို့တားဆီးစစ်ဆေးရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၈၀ နှင့် ဓားမြှောင်တစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇူလိုင် ၂ ရက် ညနေပိုင်းက မိုးကုတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့နယ် မိုးကုတ်- ချောင်းကြီးကျေးရွာသွားလမ်းတွင် စိုးမိုးကျော်မောင်းနှင်ပြီး မမေလီထွေး (ခ)အားဆာ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၉၀ နှင့် ဘိန်းဖြူ ၂၄ ဂရမ်တို့ကို လည်းကောင်း။

ယင်းနေ့ ညနေ ၆ နာရီတွင် တပ်မတော်က လောက်ကိုင်မြို့နယ် ရန်လုံကျိုင်းကျေးရွာအနီးရှိ တောလမ်းတွင် တွေ့ရှိသူ တရုတ်နိုင်ငံသား လီပင်းအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၂၀ ကိုလည်းကောင်း။

ထို့အတူ ဇူလိုင် ၃ ရက် ည ၉ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့နယ် ရေပူပူးပေါင်းစစ်ဆေးရေးစခန်းတွင် Howo အမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် ယာဉ်မောင်းမှာခုန်ချထွက်ပြေးသွားပြီး ဆက်လက်ရှာဖွေရာ ဆာလဖျူရစ်အက်ဆစ် ၆၄၈၀ လီတာ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင်တပ်မတော်က မိုင်းဆတ်မြို့နယ် စတုံးကျေးရွာအုပ်စု မယ်ကြုပ်(၂) ကျေးရွာ- မယ်ကြုပ်(၁)ကျေးရွာသွားလမ်းဘေးရှိ လျှိုအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၅၂၀၊ အနံ့ဆေးရည် ၂၀၀ ဒသမ ၆ လီတာနှင့် အဖြူရောင်အနံ့မှုန့် ၅၆၇ ကီလို၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



သိမ်းဆည်းရမိသည့် ဆာလဖျူရစ်အက်ဆစ်များကို တွေ့ရစဉ်။

# မြဝတီမြို့ ယာဉ်ထိန်းရဲကင်းတစ်ခုဘေးတွင် လက်လုပ်ချိန်ကိုက်ဗုံးတစ်လုံးတွေ့ရှိ

**မြဝတီ ဇူလိုင် ၄**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ရေပူရပ် အမှတ်(၂)တံတားလမ်းမကြီးနှင့် အာရှလမ်းမကြီး ဆုံရပ်မီးပွိုင့် ယာဉ်ထိန်းကင်းတဲဘေးတွင် ယနေ့ နံနက် ၈ နာရီခန့်က တိပ်နှင့်ပတ်ထားသည့် စစ်ကျန်သံချေးတက် ၆၀ ဗုံးသီးဟောင်း စနက်တန်၊ ဝိုင်ယာ ပါ အလျားတစ်ပေ၊ အနံခြောက်လက်မခန့်ရှိ လက်လုပ်ချိန်ကိုက်ဗုံး တစ်လုံးကို တွေ့ရှိကြောင်း သိရသည်။

အဆိုပါ လက်လုပ်ချိန်ကိုက်ဗုံးကို မြဝတီမြို့ အမှတ်(၄)ရပ်ကွက် မြေနီကုန်းနေ ယာဉ်ထိန်းရုံးအကူ ဦးရွှေကြာနှင့် ကျော်သူအောင်တို့က စတင်တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ယင်းတွေ့ရှိမှုကို တာဝန်ရှိသူများထံအကြောင်းကြားခဲ့ရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးသန့်နှင့် တာဝန်ရှိသူများ၊ နယ်မြေခံတပ်မှ ဗိုလ်မှူး နိုင်လင်းဦးပါ တာဝန်ရှိသူများက စစ်ဆေးခဲ့ပြီး ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်**



# ဇမ္ဗူသီရိမြို့နယ် ဝန်ထမ်းအိမ်ရာများအတွင်းမှ ဆိုင်ကယ်ခိုးယူသူသုံးဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၄**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်အတွင်း ဇူလိုင် ၃ ရက် ည ၂ နာရီခွဲခန့်က ဝန်ထမ်းအိမ်ရာများမှ ဆိုင်ကယ်များ ခိုးယူသူ သုံးဦးကို ဖမ်းဆီးရမိသဖြင့် အမှတ်(၉) ရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

အမှတ်(၉)နယ်မြေရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးရဲအုပ်နိုင်မိုး၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်မျိုးဝင်းနှင့်တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၃ ရက် ည ၂ နာရီခွဲခန့်က သုခသိဒ္ဓိရပ်ကွက်၊ ရတနာရွှေဘုံလမ်းပေါ်တွင် ဆိုင်ကယ်တစ်စီး လူသုံးဦးစီးနင်းလာသည်ကို မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးရာ လယ်ဝေးမြို့နယ် အေလာရွာမရပ်ကွက် နေသူများဖြစ်သည့် ချမ်းလင်း(၂၀ နှစ်)၊ အောင်လေး(၂၀ နှစ်)နှင့် အာကာမင်း(၁၈ နှစ်) တို့ဖြစ်ပြီး ၎င်းတို့စီးနင်းလာသည့် ဆိုင်ကယ်ကို ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသည့်အပြင် အရှိုးအသွား ၂၇ လက်မခန့်ရှိ ငှက်ကြီးတောင်ဓားရှည်တစ်ချောင်း၊ အရှိုးအသွား ၁၃ လက်မရှိ ဓားဦးချွန်တစ်ချောင်းနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ အောင်လေး၏နေအိမ်ကို ဆက်လက်ရှာဖွေခဲ့ရာ ဆိုင်ကယ်တစ်စီး ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့သုံးဦးကို အမှုဖွင့်အရေးယူထားကြောင်း အမှတ်(၉)နယ်မြေရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်နိုင်မိုးထံမှ သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

## မြန်မာ့ရုပ်မြင်သံကြား

၅-၇-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၄၀ - MRTV Travelogue
- ၈း၃၀ - **လွှတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ(၄)**
- ၈း၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
- ၁၁း၃၅ - အလုပ်သမားရေးရာအစီအစဉ်
- ၁၄း၂၅ - ကမ်းပြို၊ မြေပြိုအန္တရာယ်နှင့် ပတ်သက်၍ သတိပြုလိုက်နာရမည့်အချက်များ အသိပေးနှိုးဆော်ခြင်း

**ညပိုင်း**

- ၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း "ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာ"
- ၁၇း၅၅ - သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်
- ၁၈း၂၀ - BBC Click
- ၁၈း၃၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "အနန္တ"
- ၁၈း၄၅ - "မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု တစ်ခန်းတစ်ကဏ္ဍ" (ဗိုလ်ချုပ်အောင်ဆန်း၏ဘဝ တစ်စိတ်တစ်ဒေသ) (မော်ကွန်းရုပ်ရှင်)
- ၁၉း၁၅ - **လွှတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ(၁)**
- ၁၉း၂၀ - မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စီစဉ်တင်ဆက်သော "ရှုတိုင်းယဉ် ဆင်တိုင်းလှဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ" (ဂီတဖျော်ဖြေပွဲကြီးနှင့်ပြဇာတ်)(အပိုင်း-၂)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၀ - **လွှတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ(၂)**
- - မူးယစ်အန္တရာယ်
- ၂၀း၃၅ - "သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်သည့်သိကောင်းစရာ ဆွေးနွေးချက်များ"
- - "မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီးနှင့် သီးသန့်တွေ့ဆုံ မေးမြန်းခြင်း"
- - "တံခါးမှူးဒွတ္တသို့တမ်းချင်း" (ချမ်းသာ (သစ္စာမေတ္တာ ရွှေမန်းသဘင်)နှင့် အဖွဲ့သူ၊ အဖွဲ့သားများ) (ဒါရိုက်တာ-မြတ်ခိုင်)

# ပေါင်မြို့နယ်၌ ရိုးပြတ်ချောင်းအတွင်း ငါးဖမ်းသွားသူ အမျိုးသားတစ်ဦး ရေနစ်သေဆုံး

**ပေါင် ဇူလိုင် ၄**

သထုံခရိုင် ပေါင်မြို့နယ် ညောင်ကုန်းလေးကျေးရွာတွင် ငါးဖမ်း ပိုက်ထောင်ထားသည့် ရိုးပြတ်ချောင်းအတွင်း ငါးမိမမိဆင်းကြည့်ရာမှ အမျိုးသားတစ်ဦး ရေနစ်သေဆုံးသွားကြောင်း ပေါင်မြို့မရဲစခန်းမှ သိရသည်။

ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် ပေါင်မြို့နယ် ညောင်ကုန်းလေး ကျေးရွာကွင်းအမှတ် ၈၃၁ ရှိ ရိုးပြတ်ချောင်းအတွင်း၌ ပေါင်မြို့ကဒါရပ်ကွက်နေသူ ဦးကျော်ဦး (၄၈ နှစ်) မှာ အကျယ်ပေ ၄၀၊ အနက် ၁၅ ပေခန့် ရိုးပြတ်ချောင်းအတွင်း ရေနစ်သေဆုံးနေသည်ကို တွေ့ရှိရပြီးနောက် စုံစမ်းရာ ဇူလိုင် ၄ ရက် နံနက် ၆ နာရီခန့်က ဦးကျော်ဦးမှာ ၎င်းငါးပိုက်ထောင်ထားသည့်နေရာသို့ ငါးမိ မမိရေထဲသို့ ဆင်းကြည့်ရာမှ ရိုးပြတ်ချောင်းအတွင်း ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ပြီး သေဆုံးသူမှာ အတက်ရောဂါရှိသူဖြစ်ကြောင်း ၎င်း၏ဇနီးဖြစ်သူထံမှ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူများက ဥပဒေအရ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ပေါင်မြို့မရဲစခန်းမှ သိရသည်။

**ကိုဟိန်း(ပေါင်)**

# သားနှစ်ဦး ရန်ဖြစ်သည်ကို ဝင်ရောက်ဖျန်ဖြေသည့် မိခင်ဖြစ်သူ ဓားထိုးခံရ၍ သေဆုံး

**ပန်းတောင်း ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့မရဲစခန်းမြောက်ဘက်(၇)မိုင်ခန့်အကွာ ဒေသအခေါ် မလှိုင်ခြံချောင်းဖျား ဦးစံပယ်၏လယ်တဲတွင် ဇူလိုင် ၂ ရက်က ညီအစ်ကိုချင်းစကားများ ရန်ဖြစ်ကြရာမှ ဝင်ရောက်ဖျန်ဖြေသူမိခင် သေဆုံးမှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင်၂ ရက်ည ၁၁ နာရီတွင် ကြာအင်းရွာဟောင်းနေသူ သန်းထွန်းအောင်နှင့် သက်ကိုဝင်းတို့သည်ဒေသအခေါ် မလှိုင်ခြံချောင်းဖျားလယ်တဲတွင် လယ်မလုပ်သည့်ကိစ္စနှင့် ပတ်သက်၍ စကားများရန်ဖြစ်ရာ သက်ကိုဝင်းက အရိုးအသွား ခုနစ်လက်မခန့်ရှိ ဓားမြှောင်ကိုယူပြီး အစ်ကိုဖြစ်သူ သန်းထွန်းအောင်ကိုထိုးစဉ် မိခင်ဖြစ်သူ ဒေါ်ဌေးဌေးဝင်းက ဝင်ရောက်တားလိုက်ရာ ဒေါ်ဌေးဌေးဝင်းတွင် ဒဏ်ရာတစ်ချက်ရရှိခဲ့၍ လှည်းဖြင့် တင်ဆောင်ကာ ပန်းတောင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် သွေးထွက်လွန်ပြီး သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပန်းတောင်းမြို့မရဲစခန်းက သက်ကိုဝင်းကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

# မြဝတီမြို့တွင် မိန်းကလေးငယ်တစ်ဦးကို အဘွားနှင့် အဒေါ်များက တရုတ်နိုင်ငံသို့ ရောင်းစားမှုဖြစ်

**နေပြည်တော် ဇူလိုင် ၄**

ကရင်ပြည်နယ် မြဝတီမြို့အမှတ် (၄) ရပ်ကွက်နေ မ----(၁၄ နှစ်) ကို ဖခင်ဘက်မှ တော်စပ်သည့်အဘွားဒေါ်ချို(ခ) ဒေါ်မိချို၊ အဒေါ်များဖြစ်ကြသည့် မခိုင်ချိုအောင် (ဖခင်၏ အစ်မ)နှင့် မခိုင်ရွှေဝါ (ဖခင်၏ ညီမ)တို့ကို တရုတ်နိုင်ငံရှိ အထည်ချုပ်စက်ရုံတွင် တစ်လယွမ် ၁၅၀၀ ဖြင့် အလုပ်လုပ်ရမည်ဟု ၂၀၁၈ ခုနှစ် ဧပြီ ၁၀ ရက်တွင် စည်းရုံးခေါ်ဆောင်သွားခဲ့ပြီး တရုတ်အမျိုးသားတစ်ဦးထံ ရောင်းစားခဲ့သည်။

**ခုနစ်လခန့်ပေါင်းသင်းခဲ့ရ**

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ်(မြဝတီ)နှင့်တပ်ဖွဲ့စု (မူဆယ်)တို့ ပူးပေါင်း၍ တရုတ်နိုင်ငံ ရွှေလီမြို့ရှိ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ နယ်စပ်ဆက်ဆံရေးရုံးနှင့် ချိတ်ဆက်ပြီး မ---- ကို ၂၀၁၉ ခုနှစ် ဇွန် ၂၈ ရက်တွင် နေရပ်သို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ကြောင်း၊ ၎င်းအားမေးမြန်းခဲ့ရာ အဘွားနှင့် အဒေါ်တို့က တရုတ်နိုင်ငံ ဟဲနန်ပြည်နယ်ရှိ တရုတ်အမျိုးသားတစ်ဦးထံ ရောင်းစားခဲ့ကြောင်း၊ တရုတ်အမျိုးသားနှင့် မပေါင်းသင်းလိုကြောင်း ငြင်းဆန်ရာ မခိုင်ချိုအောင်နှင့် တရုတ်နိုင်ငံတွင် နေထိုင်သော မခိုင်ရွှေဝါတို့က လမ်းစရိတ် ငွေကျပ်သိန်း ၂၀ လျော်ရန်နှင့် မလျော်နိုင်လျှင်ဖြစ်စေ၊ တရုတ်အမျိုးသားနှင့် မပေါင်းလျှင်ဖြစ်စေ မောင်ဖြစ်သူကိုမိဘမဲ့ ဂေဟာသို့ပို့မည်ဟု ခြိမ်းခြောက်သဖြင့် ခုနစ်လခန့် ပေါင်းသင်းခဲ့ရကြောင်း၊ ကလေးမရသည့်အတွက် တရုတ်အမျိုးသားကဆေးများ သောက်ခိုင်းကြောင်း၊ ထို့နောက် ဆေးရုံပို့၍ စစ်ဆေးခံခဲ့ရကြောင်း၊ ကလေးမရနိုင်သဖြင့် ဆိတ်ကျောင်းခိုင်းခြင်း၊ ဝက်စာကျွေးခိုင်းခြင်း၊ မြေပဲနုတ်ခိုင်းခြင်း၊ ပြောင်းဖူးချိုးခိုင်းခြင်း အလုပ်များကိုခိုင်းစေသဖြင့် ပင်ပန်းစွာလုပ်ကိုင်ခဲ့ရကြောင်း၊ အစာရေစာလည်း ဝလင်စွာကျွေးမွေးခြင်း မရှိကြောင်း။

**ထပ်မံရောင်းစား**

ထို့နောက် မခိုင်ရွှေဝါက လာရောက်ခေါ်ဆောင်ပြီးအခြား တရုတ်အမျိုးသားတစ်ဦးထံ ထပ်မံရောင်းစားကြောင်း၊ အဆိုပါ တရုတ်အမျိုးသားနှင့် ပေါင်းသင်းနေရစဉ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ဆက်သွယ်မှုရရှိခဲ့ကြောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ၏ အစီအစဉ်ဖြင့် တရုတ်ရဲစခန်းသို့ ရောက်ရှိခဲ့ပြီးနောက် အဆင့်ဆင့်လွှဲပြောင်းပေးသဖြင့် နေရပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ အမှုနှင့်ပတ်သက်၍ လူကုန်ကူးခံရသူကို လူမှုဝန်ထမ်းဦးစီးဌာနမှ စောင့်ရှောက်ထားပြီး တရားခံများကို ထိရောက်သော ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်နိုင်ငံ၌ လေဆင်နှာမောင်းဝင်ရောက်မှုကြောင့် ခြောက်ဦးသေဆုံးပြီး ၁၉၀ ကျော်ဒဏ်ရာရ


လေဆင်နှာမောင်းဝင်ရောက်ပြီးနောက် ဇူလိုင် ၄ ရက်တွင် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

**ရှန်ယန်း ဇူလိုင် ၄**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်တွင် အင်အားပြင်းလေဆင်နှာမောင်း ဝင်ရောက်မှုဖြစ်ပွားခဲ့ပြီးနောက် ခြောက်ဦးသေဆုံးပြီး ၁၉၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေဆင်နှာမောင်းဝင်ရောက်ပြီးနောက် ဇူလိုင် ၄ ရက်တွင် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်။ လေဆင်နှာမောင်းသည် ဇူလိုင် ၃ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် လေတိုက်နှုန်း တစ်စက္ကန့်လျှင် ၂၃ မီတာဖြင့် ကိုင်ယွမ်မြို့ကို ဝင်ရောက်ခဲ့ပြီး ၁၅ မိနစ်ကြာမြင့်ခဲ့ကြောင်း မြို့အုပ်ချုပ်ရေးဌာနက ပြောကြားခဲ့သည်။

ရဲအရာရှိများ၊ မီးသတ်ကယ်ဆယ်ရေးအဖွဲ့သားများ၊ ဆေးအဖွဲ့နှင့် လျှပ်စစ်လုပ်သားများအပါအဝင် ကယ်ဆယ်ရေးအဖွဲ့ဝင် ၈၀၀ ကျော်တို့သည် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ဒေသအာဏာပိုင်အဖွဲ့က ပြောသည်။ မြို့အနောက်ပိုင်းရှိ စက်မှုလုပ်ငန်းရှိရာ အဝန်းအဝိုင်းနှင့် အိမ်နီးချင်းလူနေရပ်ကွက်များတွင် လေဆင်နှာမောင်းကြောင့် ဆိုးဆိုးရွားရွားထိခိုက်ခဲ့ကြောင်း သိရသည်။

ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် ကယ်ဆယ်ရေးအဖွဲ့သားများသည် အပျက်အစီးများကို ဖယ်ရှားရှင်းလင်းကာ စက်ရုံဝင်းအတွင်းပိတ်မိနေသည့် အလုပ်သမားများကို ရှာဖွေလျက်ရှိသည်။ ယင်းနေရာရှိ အဆောက်အအုံအများအပြား ထိခိုက်ပျက်စီးခဲ့သည်။ နေအိမ်များနှင့် တိုက်ခန်း ၄၃၀၀ ကျော်လည်း ပျက်စီးခဲ့ပြီး ကောက်ပဲသီးနှံစိုက်ခင်း ဟက်တာ ၁၀၀ ခန့်လည်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# မြောက်ကိုရီးယားနိုင်ငံ၌ ထိန်းသိမ်းခံရသည့် ဩစတြေးလျကျောင်းသား ပြန်လွတ်လာ

**ပြုံယမ်း ဇူလိုင် ၄**

မြောက်ကိုရီးယားနိုင်ငံ၌ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည့် ဩစတြေးလျနိုင်ငံသား အလက်ဆစ်ဂလေ ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံ၌ နေထိုင်ကာ ပညာသင်ယူနေသည့် အနောက်နိုင်ငံသားလူနည်းစုအနက် တစ်ဦးအပါအဝင်ဖြစ်သည့် အလက်ဆစ်ဂလေသည် ပြီးခဲ့သည့် ဇွန် ၂၃ ရက်က မိသားစုနှင့်အဆက်အသွယ်ပြတ်တောက်ကာ ပျောက်ဆုံးသွားခဲ့ပြီး သက်ဆိုင်သူများက ၎င်းအတွက် လွန်စွာစိုးရိမ်ပူပန်ခဲ့ကြသည်။

၎င်းပျောက်ဆုံးခဲ့ပြီးနောက် ရက်သတ္တပတ် အနည်းငယ်အကြာတွင် ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်က ဆစ်ဂလေသည် မြောက်ကိုရီးယားနိုင်ငံတွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရရာမှ ပြန်လွတ်မြောက်လာပြီးနောက် ဘေးကင်းစွာဖြင့် ရှိနေပြီဖြစ်ကြောင်း ဇူလိုင် ၄ ရက်တွင် ဥပဒေပြုအမတ်များသို့ ပြောကြားခဲ့သည်။


ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည့် ဩစတြေးလျနိုင်ငံသား အလက်ဆစ်ဂလေ ပြန်လွတ်လာပြီးနောက် ပေကျင်းလေဆိပ်တွင် တွေ့ရစဉ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့အကြား သမိုင်းဝင်ထိပ်သီးဆွေးနွေးပွဲမကျင်းပမီ ရက်အနည်းငယ်အလိုတွင် အလက်ဆစ်ဂလေအား ဖမ်းဆီးထိန်းသိမ်းမှုဖြစ်လာခဲ့ပြီး ယင်းကိစ္စကို နိုင်ငံရေးအရအကွက်ရွှေ့သည့် လုပ်ဆောင်မှုဖြစ်နိုင်ကြောင်း ထင်ကြေးပေးမှုများ ပေါ်ထွက်လာစေခဲ့သည်။

ဆစ်ဂလေသည် မြောက်ကိုရီးယားနိုင်ငံနှင့် အလွန်ရင်းနှီးကျွမ်းဝင်မှုရှိသူဖြစ်သကဲ့သို့ ကိုရီးယားဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင်ပြောဆိုနိုင်သူလည်းဖြစ်သည်။ ၎င်း၏ ဘလော့စာမျက်နှာများတွင် ပြုံယမ်းရှိ ပြည်သူများ၏ နေ့စဉ်ဘဝကို အလေးပေးဖော်ပြခဲ့သည်။ ဆစ်ဂလေလွတ်မြောက်လာမှုတွင် ဆွီဒင်နိုင်ငံ၏ သံတမန်ရေးအရ အကူအညီပေးအပ်မှုအတွက် ကျေးဇူးတင်ကြောင်း ဩစတြေးလျ ဝန်ကြီးချုပ် စကော့မော်ရစ်ဆင်က ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# တရုတ်နိုင်ငံက အငြင်းပွားတောင်တရုတ်ပင်လယ်ထဲသို့ ဒုံးကျည်စမ်းသပ်ပစ်လွှတ်ခဲ့သည်ဟု အမေရိကန်ပြော

**ပေကျင်း ဇူလိုင် ၄**

တရုတ်နိုင်ငံသည် အငြင်းပွားတောင်တရုတ်ပင်လယ်ရေပိုင်နက်ထဲသို့ ပထမဆုံးအကြိမ် ဒုံးကျည်များစမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ အာဏာပိုင်တစ်ဦးက အင်န်အိတ်ချ်ကေသတင်းသို့ ပြောကြားခဲ့သည်။

တရုတ်တပ်မတော်သည် ပြီးခဲ့သည့် တနင်္ဂနွေနေ့က ဒုံးကျည်ခြောက်စင်းကို စမ်းသပ်ပစ်လွှတ်ခဲ့ပြီး ယင်းဒုံးကျည်များသည် တောင်တရုတ်ပင်လယ်အတွင်းရှိ မတူညီသည့် ဧရိယာနှစ်ခုအတွင်း ကျရောက်ခဲ့ကြောင်း အမေရိကန်စစ်ဘက်အာဏာပိုင်က အမည်ထုတ်ဖော်ခြင်းမပြုဘဲ ပြောကြားခဲ့သည်။

တရုတ်နိုင်ငံက ပစ်လွှတ်ခဲ့သည့် ဒုံးကျည်အမျိုးအစားများကို အမေရိကန်တပ်မတော်က သိရှိနိုင်ရန် ခွဲခြားစိစစ်မှုလုပ်ဆောင်နေသည်ဟု ဆိုသည်။ တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်၌ ဖျက်သင်္ဘောများကို တိကျစွာတိုက်ခိုက် ဖျက်ဆီးနိုင်စွမ်းရှိသည့် လက်နက်ပိုင်ဆိုင်ရန်အတွက် တိုက်ချင်းပစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်မှုလုပ်ဆောင်နေသည်ဟု ယူဆရကြောင်း အင်န်ဘီစီသတင်းတွင် ဖော်ပြသည်။

တရုတ်ရေကြောင်းအာဏာပိုင်များသည် စစ်ရေးလေ့ကျင့်မှုတစ်ရပ် လုပ်ဆောင်ရန်ရှိသည့်အတွက် ဇွန် ၂၉ ရက်မှ ဇူလိုင် ၃ ရက်အထိ တောင်တရုတ်ပင်လယ်အတွင်းရှိ စပရက်လေကျွန်းစု မြောက်ပိုင်းဧရိယာသို့ သင်္ဘောများမဝင်ရောက်ရန် သတိပေးချက် ထုတ်ခဲ့သည်။ တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံ၏ စစ်ရေးဆောင်ရွက်မှုများကို ဆန့်ကျင်ကြောင်း အထင်အရှားပြသလိုသည့် အမေရိကန်က တရုတ်နိုင်ငံကပိုင်ဆိုင်သည်ဟု အငြင်းပွားနေသည့် ဧရိယာများဆီသို့ ရေယာဉ်များ အကြိမ်ကြိမ်စေလွှတ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အရပ်သားအုပ်ချုပ်ရေးအတွက် ဆူဒန်ဆန္ဒပြပြည်သူများနှင့် စစ်ဘက်အကြီးအကဲများ ဆွေးနွေးပွဲပြန်လည်စတင်

**ခါတွန် ဇူလိုင် ၄**

ဆူဒန်၌ ဆန္ဒပြခေါင်းဆောင်များနှင့် လက်ရှိအုပ်ချုပ်နေသည့် စစ်ဘက်အကြီးအကဲများအကြား အရပ်သားအုပ်ချုပ်မှုအဖွဲ့အစည်းသစ်တစ်ရပ် ဖွဲ့စည်းရေးဆွေးနွေးပွဲများကို ဇူလိုင် ၃ ရက်တွင် ပြန်လည်စတင်ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း အရပ်သားအုပ်ချုပ်ခွင့်အတွက် ယခင်ကပြုလုပ်ခဲ့သည့် ညှိနှိုင်းဆွေးနွေးမှုများသည် ပြီးခဲ့သည့်လက ဆန္ဒပြသူများအား အင်အားသုံးနှိပ်ကွပ်မှုများဖြစ်ပွားခဲ့ပြီးနောက် ရပ်ဆိုင်းသွားခဲ့သည်။ အာဖရိကပြည်ထောင်စုနှင့် အီသီယိုပီးယားမှ ကြားဝင်စေ့စပ်ညှိနှိုင်းသူများက အုပ်ချုပ်ရေးအပြောင်းအလဲနှင့်ပတ်သက်၍ အချိန်ကြာမြင့်စွာရပ်ဆိုင်းနေသည့် ညှိနှိုင်းဆွေးနွေးမှုများ ပြန်လည်စတင်လုပ်ဆောင်ရန် တိုက်တွန်းခဲ့ပြီးနောက် စစ်ဘက်အကြီးအကဲများနှင့် ဆန္ဒပြခေါင်းဆောင်များအကြား ဆွေးနွေးပွဲပြန်လည်စတင်ခဲ့ခြင်း ဖြစ်သည်။

ပြီးခဲ့သည့်တစ်လအကြာက ခါတွန်မြို့ရှိ ဆန္ဒပြပြည်သူများ စခန်းချနေထိုင်ရာနေရာကို ရက်စက်စွာအင်အားသုံးနှိမ်နင်းမှုပြုလုပ်ခဲ့သည့်အတွက် ဆန္ဒပြပြည်သူအများအပြားသေဆုံးခဲ့ပြီးနောက်တွင် နှစ်ဖက်တင်းမာမှုများ ပိုမိုပြင်းထန်လာခဲ့သည်။

**အေအက်ဖ်ပီ**

# ကွန်ဂရက်ပါတီခေါင်းဆောင်နေရာမှ ရာဟူးလ်ဂန္ဒီနုတ်ထွက်

**နယူးဒေလီ ဇူလိုင် ၄**

အိန္ဒိယနိုင်ငံ၏ အဓိကအတိုက်အခံကွန်ဂရက်ပါတီ ဥက္ကဋ္ဌ ရာဟူးလ်ဂန္ဒီသည် ပါတီ၏ ထိပ်တန်းခေါင်းဆောင်ရာထူးမှ နုတ်ထွက်ပြီဖြစ်ကြောင်း ဇူလိုင် ၃ ရက်က အများပြည်သူသို့ အသိပေးကြေညာလိုက်သည်။

ကွန်ဂရက်ပါတီ၏ ဥက္ကဋ္ဌတစ်ဦးအနေဖြင့် တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့သည့်အတွက် ၎င်းအနေဖြင့် ဂုဏ်ယူမိပါကြောင်း ၎င်းက ပြောကြားခဲ့သည်။ နိုင်ငံနှင့် ၎င်း၏ အဖွဲ့အစည်းတို့၏ ကျေးဇူးတရားများကို ပေးဆပ်ရန်ရှိကြောင်း လူမှုကွန်ရက်ပေါ်တွင် ၎င်းဖော်ပြခဲ့သည့်စာ၌ ရေးသားထားသည်။

မကြာသေးမီက ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲအတွင်း ၎င်းပါတီ၏ လုပ်ဆောင်နိုင်မှုအားနည်းခဲ့သည့်အတွက် ၎င်းတွင်တာဝန်ရှိကြောင်းကိုလည်း ရာဟူးလ်ဂန္ဒီက ဝန်ခံခဲ့ပြီး ပါတီအနေဖြင့် ခေါင်းဆောင်သစ်ရွေးချယ်ရန် တိုက်တွန်းထားသည်။

ကွန်ဂရက်ပါတီ၏ ဥက္ကဋ္ဌတစ်ဦးအနေဖြင့် ၂၀၁၉ ရွေးကောက်ပွဲရှုံးနိမ့်ခဲ့မှုအတွက် ၎င်းတွင် တာဝန်မကင်းကြောင်း၊ ပါတီ၏ အနာဂတ်တိုးတက်ဖွံ့ဖြိုးမှုအတွက် တာဝန်ယူစိတ်၊ တာဝန်ခံစိတ်ရှိရန် အဓိကကျကြောင်း၊ ယင်းအချက်များသည် ကွန်ဂရက်ပါတီခေါင်းဆောင်ပိုင်းမှ ၎င်းနုတ်ထွက်ရသည့် အကြောင်းရင်းပင်ဖြစ်ကြောင်း သူ၏စာတွင် ရေးသားထားသည်။

အထွေထွေရွေးကောက်ပွဲအတွင်း ကွန်ဂရက်ပါတီသည် ရာထူးနေရာ ၅၂ ခုကိုသာ ရရှိခဲ့သည်။ ရာဟူးလ်ဂန္ဒီသည် အိန္ဒိယနိုင်ငံ၏ ဩဇာအာဏာကြီးမားသည့် နေရူးဂန္ဒီမိသားစုမှ စတုတ္ထမျိုးဆက်ဖြစ်သည်။

**ဆင်ဟွာ**


ကွန်ဂရက်ပါတီ ဥက္ကဋ္ဌ ရာဟူးလ်ဂန္ဒီ။

# ကားမောင်းခွင့်ရသော်လည်း နောက်ထပ်အခွင့်အရေးတွေ လိုအပ်နေဆဲဖြစ်သည့် ဆော်ဒီအမျိုးသမီးများ

ချိုးစန္ဒီနွေး

**ဆော်ဒီအာရေဗျမှာ အမျိုးသမီးတွေကို ကားမောင်းခွင့်ပေးလိုက်တာ အချိန်တစ်နှစ်ကျော် နီးပါးရှိလာပါပြီ။ အမျိုးသမီးတွေအပေါ် ကန့်သတ်ချက်တွေများတဲ့ ဆော်ဒီလိုနိုင်ငံမျိုးမှာ ဒါဟာသမိုင်းဝင်တဲ့ လှုပ်ရှားမှုတစ်ခုဖြစ်ခဲ့ပါတယ်။အမျိုးသမီးတွေကို ကားမောင်းခွင့်ရအောင် ခွင့်ပြုပေးခဲ့တဲ့သူကတော့ အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်မန်ဖြစ်ပြီး သူဟာ အမျိုးသမီးတွေအပေါ် ကန့်သတ်ထားတဲ့ အခြားအချက်တွေကို ဖြေလျှော့ပေးခဲ့တဲ့သူပါ။ ဒါကြောင့်လည်း သူ့ကို အမျိုးသမီးတွေဘက်က ရပ်တည်ပေးသူလို့ တချို့သူတွေက ပြောကြပါတယ်။**



အမျိုးသမီးများ ကားမောင်းခွင့် တရားဝင်ခွင့်မပြုမီ ယာဉ်မောင်းနေရာတွင် ထိုင်နေသည့် ဆော်ဒီအမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။

### ကန့်သတ်ချက်တွေရှိနေဆဲ

ဆော်ဒီအမျိုးသမီးတွေဟာ လမ်းမထက်မှာ ကားမောင်းဖို့အခွင့်အရေးရသွားပြီဖြစ်ပေမယ့် အခြားသောကန့်သတ်ထားတဲ့အရာတွေဟာ ဒီနေ့ထိတိုင်ရှိနေဆဲပါပဲ။ အဲဒါကတော့ အုပ်ထိန်းသူဥပဒေပါပဲ။ အမျိုးသမီးတွေဟာ မိသားစုထဲက အမျိုးသားတွေရဲ့ ခွင့်ပြုချက်မရဘဲ အခြေခံကိစ္စလေးတွေကို တောင် ဆုံးဖြတ်လို့မရပါဘူး။ အမျိုးသမီးတွေရဲ့အခွင့်အရေးအတွက် တိုက်ပွဲဝင်နေကြတဲ့ တက်ကြွလှုပ်ရှားသူတွေတောင် တားဆီးမှုတွေရဲ့နောက်ကွယ်မှာ လက်မှိုင်ချ အရှုံးပေးချင်လာပါပြီ။ ပြီးခဲ့တဲ့နှစ်က အမျိုးသမီးတွေကို ကားမောင်းခွင့်ပေးလိုက်ပြီးတဲ့နောက်မှာ အမျိုးသမီးတွေအတွက် လိုင်စင်တွေ ထောင်နဲ့ချီပြီး ထုတ်ပေးခဲ့တယ်လို့ အာဏာပိုင်တွေက ပြောပါတယ်။ အမျိုးသမီးတွေအတွက် ယာဉ်မောင်းသင်တန်းကျောင်းတွေပေါ်လာပြီးတော့ အချို့သော အမျိုးသမီးတွေဟာလည်း ယာဉ်မောင်းလိုင်စင်တွေနဲ့ ဓာတ်ပုံရိုက်ပြီး လူမှုကွန်ရက်မှာ မျှဝေတာတွေ ပြုလုပ်ခဲ့ကြပါတယ်။

### ကားထုတ်လုပ်မှုအပြောင်းအလဲဖြစ်နိုင်

ကားထုတ်လုပ်ရေးတွေကလည်း ဆော်ဒီအမျိုးသမီးတွေအတွက် ရည်ရွယ်ပြီး အရောင်းမြှင့်တင်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဆော်ဒီမှာ အမျိုးသမီးတွေ ကားမောင်းခွင့်ရသွားတာကြောင့် ဆော်ဒီနိုင်ငံအတွင်း ကားထုတ်လုပ်မှုမှာ အပြောင်းအလဲတွေ ဖြစ်လာနိုင်တယ်လို့ ကျွမ်းကျင်သူတွေက ပြောခဲ့ကြပါတယ်။ ၂၀၁၉ ခုနှစ် မတ်လအတွင်းမှာတော့ ဆော်ဒီနိုင်ငံရဲ့သယ်ယူပို့ဆောင်ရေးအရာရှိတစ်ဦးဖြစ်တဲ့ မိုဟာမက်ဘတ်စ်မီက ယာဉ်မောင်းလိုင်စင်ရသွားတဲ့ အမျိုးသမီးပေါင်း ၇၀၀၀၀ ခန့် ရှိသွားပြီလို့ ပြောခဲ့ပါတယ်။ ဒါ့အပြင် အမျိုးသမီးတွေအတွက် ယာဉ်မောင်းသင်တန်းကျောင်းဟာလည်း ခုနစ်ခုအထိရှိလာခဲ့ပါတယ်။ ဒါပေမယ့်လည်း အမျိုးသမီးတက်ကြွလှုပ်ရှားသူတွေကတော့ အခုအချိန်ထိ ထိန်းသိမ်းခံထားရဆဲဖြစ်ပါတယ်။

### မမေ့လျော့သင့်

အမျိုးသမီးတွေကို ကားမောင်းခွင့်မပြုမီက အမျိုးသမီးတက်ကြွလှုပ်ရှားသူ ၁၁ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ၎င်းတို့ရဲ့တက်ကြွလှုပ်ရှားမှုနဲ့ ပတ်သက်တဲ့ အခြားသောစွဲချက်တွေတင်ပြီး ဖမ်းဆီးခဲ့ပါတယ်။ တချို့ကိုတော့ အာမခံငွေနဲ့ ပြန်လွှတ်ပေးလိုက်ပြီး တချို့ကိုတော့ တစ်နှစ်ကျော်ကြာအောင် ထောင်သွင်းအကျဉ်းချခဲ့ပါတယ်။ တချို့တွေကျတော့လည်း တရားရင်ဆိုင်ဖို့ စောင့်ဆိုင်းကြဆဲလို့ လူ့အခွင့်အရေးအုပ်စုတွေက ပြောပါတယ်။ အခုဆိုရင် အမျိုးသမီးတွေ ကားမောင်းခွင့်ရသွားတာ တစ်နှစ်ကျော်ကြာသွားပါပြီ။ ဒီအတွက်လည်း သမိုင်းမှတ်တိုင် တင်သင့်သလို အမျိုးသမီးအခွင့်အရေးအတွက် ဖမ်းဆီးခံခဲ့ရတဲ့ တက်ကြွလှုပ်ရှားသူတွေကိုလည်း မမေ့လျော့သင့်ပါဘူးလို့ လူ့အခွင့်အရေးအုပ်စုတွေက ပြောပါတယ်။

လူ့အခွင့်အရေးအုပ်စုဖြစ်တဲ့ ALQST မှ ညွှန်ကြားရေးမှူးဖြစ်သူ ရာယာအက်စီရီက ဆော်ဒီအာရေဗျမှာ အမျိုးသမီးအခွင့်အရေးအတွက် တက်ကြွလှုပ်ရှားခဲ့သူတွေ သတ္တိရှိရှိ ပါဝင်ခဲ့တာကို သတိရသင့်တယ်လို့ ပြောခဲ့ပါတယ်။ အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားသူဖြစ်တဲ့ လူဂျင်အယ်ဟတ်သလူဟာ အမျိုးသမီးတွေ ကားမောင်းခွင့်ရရေး တောင်းဆိုခဲ့သူဖြစ်ပြီး ၂၀၁၈ ခုနှစ် မေလကတည်းက ဖမ်းဆီးခံခဲ့ရတာဟာဆိုရင် အခုအချိန်ထိတိုင် လွတ်မြောက်မလာသေးပါဘူး။ သူ့ရဲ့အစ်မဖြစ်သူ လီနာအယ်ဟတ်သလူကတော့ ဘယ်လ်ဂျီယံနိုင်ငံမှာ နေထိုင်သူဖြစ်ပြီး လူဂျင်ရဲ့တရားခွင်ကို မတ်လအတွင်းမှာ ပြုလုပ်မယ်လို့ သတ်မှတ်ခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ကြားနာစစ်ဆေးမှုကို ရွှေ့ဆိုင်းလိုက်တယ်လို့ ပြောပါတယ်။

### ပြောင်းလဲမှုဟာ အဓိပ္ပာယ်မရှိ

မစ္စလူဂျင် အပါအဝင် အခြားအမျိုးသမီးတွေသာ သူတို့ရဲ့ဘဝကိုရင်းပြီး တက်ကြွလှုပ်ရှားမှုမှာ မပါဝင်ခဲ့ဘူးဆိုရင် အခုလို ပြုပြင်ပြောင်းလဲမှုတွေဟာ ဖြစ်လာမှာမဟုတ်ဘူးလို့ သူက ပြောပါတယ်။ ကားမောင်းခွင့်ရသွားတာဟာ အမျိုးသမီးတွေအတွက် တကယ့်ကိုကောင်းမွန်တဲ့အပြောင်းအလဲပါပဲ။ ဒါပေမယ့် အမျိုးသမီးအခွင့်အရေးအတွက် တက်ကြွလှုပ်ရှားသူတွေ ဖမ်းဆီးခံထားရတာက မလွတ်သေးဘူးဆိုရင် ဒီပြောင်းလဲမှုဟာလည်း ဘာမှအဓိပ္ပာယ်မရှိပါဘူးလို့ အစ်မဖြစ်သူ လီနာက ပြောပါတယ်။ ဒါတင်မကသေးပါဘူး၊ လူဂျင်ဟာ အမျိုးသမီးတွေ ကားမောင်းခွင့်ရရေး၊ အုပ်ထိန်းသူဥပဒေကနေ ကင်းလွတ်ခွင့်ရရေး၊ အိမ်တွင်းအကြမ်းဖက်မှုတွေကနေ လွတ်မြောက်ခွင့်ရရေးတို့အတွက် တက်ကြွလှုပ်ရှားပေးခဲ့သူပါလို့ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့မှာ လီနာက ပြောပြပေးခဲ့ပါတယ်။

### အုပ်ထိန်းသူဥပဒေ

အချို့သော တက်ကြွလှုပ်ရှားသူ အမျိုးသမီးတွေကတော့ အုပ်ထိန်းသူဥပဒေကို အဆုံးသတ်ပေးဖို့ တောင်းဆိုကြရင်း ထိန်းသိမ်းခံခဲ့ရတာပါ။ အုပ်ထိန်းသူဥပဒေအရ မိန်းကလေးတစ်ယောက်ရဲ့အုပ်ထိန်းသူဟာ ဖခင်ဖြစ်ပြီး အဲဒီမိန်းကလေး အိမ်ထောင်ကျသွားရင်တော့ ခင်ပွန်းဖြစ်သူက အုပ်ထိန်းသူဖြစ်လာပါတယ်။ အကယ်၍ အမျိုးသားဖြစ်သူ သေဆုံးသွားပြီဆိုရင် အုပ်ထိန်းခွင့်ဟာ သားဖြစ်သူဆီကို ရွှေ့သွားပြီး သားမရှိခဲ့ဘူးဆိုရင် ဆွေမျိုးထဲက အမျိုးသားတစ်ယောက်ယောက်ကအုပ်ထိန်းသူ ဖြစ်လာပါတယ်။ အမျိုးသမီးတစ်ယောက်ဟာ အုပ်ထိန်းသူရဲ့ သဘောထားကို ဆန့်ကျင်မယ်ဆိုရင် ဖမ်းဆီးခံရမှာဖြစ်ပြီး မနာခံမှုအတွက်လည်း တရားစွဲဆိုခံရမှာပဲဖြစ်ပါတယ်။ ကားမောင်းခွင့်တရားဝင်ရသွားပြီဖြစ်လို့ ကားမောင်းလိုင်စင်ရဖို့တော့ အမျိုးသမီးတွေဟာ အုပ်ထိန်းသူရဲ့ခွင့်ပြုချက်ရယူဖို့ မလိုပါဘူး။ ဒါပေမယ့် အိမ်ထောင်ပြုဖို့၊ ကျောင်းနေဖို့၊ တက္ကသိုလ်တက်ဖို့၊ ပတ်စ်ပို့လျှောက်ဖို့ အဲဒါတွေကတော့ အုပ်ထိန်းသူရဲ့ ခွင့်ပြုချက်ရယူဖို့ လိုပါတယ်။

### လျော့ကျမသွားသေး

အိမ်ရှေ့မင်းသားမိုဟာမက် ကိုယ်တိုင်က ဆော်ဒီကို ခေတ်မီပြီး ပြုပြင်ပြောင်းလဲမှုတွေပြည့်နေတဲ့ နိုင်ငံအဖြစ် ပုံဖော်ချင်ပေမယ့်လည်း အပြည်ပြည်ဆိုင်ရာက စောင့်ကြည့်လေ့လာသူတွေကတော့ ဆော်ဒီနိုင်ငံအတွင်းမှာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေဟာ လျော့ကျမသွားဘူးလို့ ပြောကြပါတယ်။ ၂၀၁၈ ခုနှစ်တုန်းက ဂျာနယ်လစ်တစ်ဦးဖြစ်တဲ့ ခါရှော့ဂီ အစ္စတန်ဘူလ်ရှိ ကောင်စစ်ဝန်ရုံးအတွင်းမှာ အသတ်ခံရတာဟာ ဆော်ဒီအိမ်ရှေ့မင်းသားနဲ့ ဆက်စပ်မှုရှိတယ်လို့ ပြောကြပါတယ်။ ခါရှော့ဂီအသတ်ခံရမှုမှာ သက်သေအထောက်အထားတွေ ဖျက်ဆီးခံရတာဟာဆိုရင် အိမ်ရှေ့မင်းသား မသိဘဲတော့ မဖြစ်နိုင်ဘူးလို့ ကုလသမဂ္ဂ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ နောက်ပြီး ယီမင်စစ်ပွဲမှာ ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တပ်တွေ ဝင်ရောက်တိုက်ခိုက်နေတာကိုလည်း လူ့အခွင့်အရေးအုပ်စုတွေက ရှုတ်ချပါတယ်။

### မေးခွန်းအဖြစ်ရှိနေဆဲ

အမျိုးသမီးတက်ကြွလှုပ်ရှားသူတွေကို ဖမ်းဆီးထားတာနဲ့ ပတ်သက်ပြီး အဖြေရှာကြဖို့ အမေရိကန်နဲ့ ဗြိတိန်ပါလီမန်အမတ်တွေက ဆော်ဒီကို ဖိအားပေးခဲ့ကြပါတယ်။ ဥရောပပါလီမန်ကလည်း အမျိုးသမီးအခွင့်ရေးတောင်းဆိုသူတွေကို လွှတ်ပေးဖို့ ဆော်ဒီအစိုးရကို တောင်းဆိုပေးခဲ့ပါတယ်။ အခုဆိုရင် အမျိုးသမီးတွေ ကားမောင်းခွင့်ရတာလည်း တစ်နှစ်ကျော်ရှိလာပါပြီ။ အမျိုးသမီးအခွင့်အရေးတက်ကြွလှုပ်ရှားသူတွေရဲ့ နောက်ထပ် တောင်းဆိုမှုတစ်ခုဖြစ်တဲ့ အုပ်ထိန်းမှုဥပဒေအောက်က ကင်းလွတ်နိုင်ခွင့်ရပါ့မလားဆိုတာကတော့ မေးခွန်းအဖြစ် ရှိနေဆဲပါ။ ။

ကိုးကား -နယူးယောက်တိုင်းမ်စ်

**“အမျိုးသမီးတစ်ယောက်ဟာ အုပ်ထိန်းသူရဲ့ သဘောထားကို ဆန့်ကျင်မယ်ဆိုရင် ဖမ်းဆီးခံရမှာဖြစ်ပြီး မနာခံမှုအတွက်လည်း တရားစွဲဆိုခံရမှာပဲဖြစ်ပါတယ်။ ကားမောင်းခွင့်တရားဝင်ရသွားပြီဖြစ်လို့ ကားမောင်းလိုင်စင်ရဖို့တော့ အမျိုးသမီးတွေဟာ အုပ်ထိန်းသူရဲ့ ခွင့်ပြုချက်ရယူဖို့ မလိုပါဘူး။ ဒါပေမယ့် အိမ်ထောင်ပြုဖို့၊ ကျောင်းနေဖို့၊ တက္ကသိုလ်တက်ဖို့၊ ပတ်စ်ပို့လျှောက်ဖို့ အဲဒါ တွေကတော့ အုပ်ထိန်းသူရဲ့ ခွင့်ပြုချက်ရယူဖို့ လိုပါတယ်”**

## နိုင်ငံတကာသတင်းတိုထွာ

### ကမ္ဘောဒီးယား အရှေ့ပိုင်းပြည်နယ်တွင် အာဖရိက ဝက်အပြင်းဖျားရောဂါ ဒုတိယအကြိမ်ကူးစက်ခံရမှုဖြစ်

ဖနောင်ပင် ဇူလိုင် ၄

ကမ္ဘောဒီးယားနိုင်ငံတွင် ဗီယက်နမ်နှင့် နယ်နိမိတ်ထိစပ်နေသည့် နိုင်ငံအရှေ့တောင်ပိုင်း တဘောင်ခါမမ်ပြည်နယ်၌ မွေးမြူထားသည့် ဝက်များတွင် အာဖရိက ဝက်အပြင်းဖျားရောဂါ ဒုတိယအကြိမ် ထပ်မံကူးစက်မှုဖြစ်ပွားနေသည်ကို တွေ့ရှိရကြောင်း ဒေသမီဒီယာ ခမာတိုင်းမ်က ဖော်ပြခဲ့သည်။

အိုရိန်အိုဗွိဒေသရှိ ဆွိုင်ကျေးရွာနှင့် ကမ်ပေါင်ဆီရီကျေးရွာတို့ရှိ ဝက်များတွင် အာဖရိကဝက်အပြင်းဖျားရောဂါ ဗိုင်းရပ်စ်ကူးစက်ခံနေရကြောင်း တွေ့ရှိရသည်ဟု ကမ္ဘောဒီးယား စိုက်ပျိုးရေးဝန်ကြီး ဗန်ဆာခွန်က ပြောကြားခဲ့သည်။ ရောဂါကူးစက်ခံရမှုကြောင့် ဝက်ကောင်ရေ မည်မျှသေဆုံးကြောင်း စိုက်ပျိုးရေးဝန်ကြီးက ပြောကြားခဲ့ခြင်းမရှိပေ။ သို့သော် ရောဂါဖြစ်ပွားရာဇုန်အတွင်းရှိ ဝက်များအားလုံးကို သီးသန့်ဖယ်ထားရန် ကျန်းမာရေးတာဝန်ရှိသူများကို ညွှန်ကြားထားကြောင်းသိရသည်။ ဆင်ဟွာ

### လစ်ဗျားမှ ဟက်ဖ်တာသည် ပင်လယ်ဓားပြတစ်ဦးသာဖြစ်ကြောင်း တူရကီသမ္မတပြော

ထရီပိုလီ ဇူလိုင် ၄

လစ်ဗျားစစ်အာဏာသိမ်းခေါင်းဆောင် ကာလီဖာဟက်ဖ်တာသည် ပင်လယ်ဓားပြတစ်ဦးသာဖြစ်သည်ဟု တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်ကပြောကြားလိုက်ကြောင်း သိရသည်။ မြောက်အာဖရိကနိုင်ငံအတွင်း၌ တင်းမာမှုများမြင့်တက်နေချိန်တွင် ၎င်းက ထိုသို့မှတ်ချက်ချခဲ့ခြင်းဖြစ်သည်။

တူရကီနိုင်ငံသည် ထရီပိုလီရှိ နိုင်ငံတကာအသိအမှတ်ပြု အမျိုးသားစုစည်းညီညွတ်ရေးအစိုးရအဖွဲ့ကို ထောက်ခံသူဖြစ်သည်။ ဗိုလ်ချုပ်ဟက်ဖ်တာက အဓိကမြို့တစ်မြို့ကိုလက်လွှတ်ဆုံးရှုံးခဲ့ရမှုအတွက် တူရကီနိုင်ငံကို ပြစ်တင်လိုက်ပြီးနောက် ယခုရက်သတ္တပတ်တွင် တူရကီသင်္ဘောသားခြောက်ဦးကို ဟက်ဖ်တာ၏တပ်ဖွဲ့များက ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

လစ်ဗျားနိုင်ငံအနေဖြင့် မကြာမီအချိန်အတွင်း ပေါ်ထွက်လာမည့် ရွေးကောက်ပွဲများကို ထိန်းချုပ်နိုင်မည့်အခွင့်အရေးတစ်ရပ်ရရှိရန်နှင့် ပြည်သူများအနေဖြင့် ၎င်းတို့၏ရပိုင်ခွင့် ဒီမိုကရေစီနည်းဆန်ဆန် ကိုယ်စားပြုခွင့်ရရှိနိုင်ရန် မျှော်လင့်ကြောင်း တူရကီသမ္မတက ပြောကြားလိုက်သည်။

အေအက်ဖ်ပီ

# ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းမှ နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား ကြိုဆိုကာ ထောက်ပံ့ငွေများပေးအပ်

**ပဲခူး ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းမှ နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား ကြိုဆိုပွဲနှင့် ထောက်ပံ့ပေးခြင်းအခမ်းအနားကို ယနေ့ နံနက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ကြိုဆိုအားပေးစကားပြောကြားခဲ့ပြီး နေရပ်ပြန်ရောက်လာသူ ငါးဦးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက တစ်ဦးလျှင်ငွေကျပ် ငါးသောင်းစီကို လည်းကောင်း၊ ကန်ဘိုကုမ္ပဏီမှ တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းစီကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတို့က ထောက်ပံ့ရေးပစ္စည်းကိုးမျိုးပါ ဘူးများကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံဒုက္ခသည်စခန်းမှ နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သွားရောက်ထောက်ပံ့ခဲ့ရာ ပထမအကြိမ်အဖြစ် ၂၂-၁၀-၂၀၁၆ ရက်နေ့တွင် ဝေါမြို့နယ်မှ လေးဦး၊ ဒုတိယအကြိမ်အဖြစ် ၇-၅-၂၀၁၈ ရက်နေ့တွင် ပဲခူးမြို့နယ်မှ ငါးဦး၊ တတိယအကြိမ်အဖြစ် ၂၂-၂-၂၀၁၉ ရက်နေ့တွင် ဝေါမြို့နယ်မှ ခုနစ်ဦး၊ တောင်ငူမြို့နယ်မှ ၁၀ ဦး၊ ထန်းတပင်မြို့နယ်မှ ၁၅ ဦးတို့ဖြစ်ပြီး ယခုစတုတ္ထအကြိမ်အဖြစ် ၃-၇-၂၀၁၉ ရက်နေ့တွင် ကျောက်တံခါးမြို့နယ်မှ ငါးဦးတို့အား သွားရောက်ခေါ်ဆောင်နိုင်ခဲ့သည်။

**ကူညီဆောင်ရွက်ပေးသွားမည်**

အဆိုပါ နေရပ်ပြန်လိုသူမြန်မာနိုင်ငံသားများအား ၎င်းတို့ အခြေချနေထိုင်မည့် နေရပ်ဒေသသို့ ပို့ဆောင်ပေးခြင်း၊ အိမ်ထောင်စုအလိုက် လတ်တလော ထောက်ပံ့ပစ္စည်းနှင့် ငွေကြေးများပေးအပ်ခြင်း၊ ယာယီအထောက်အထားများထုတ်ပေးခြင်းမှသည် အိမ်ထောင်စုဇယား (ပုံစံ-၁၀)နှင့် နိုင်ငံသားခိုင်မာမှုအဆင့်အလိုက် မှတ်ပုံတင်ထုတ်ပေးခြင်း၊ နေရာချထားခြင်း၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကူညီပံ့ပိုးပေးခြင်းတို့ကို သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**




တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ထိုင်းနိုင်ငံမှ ပြန်လာသည့် အမျိုးသမီးအား ထောက်ပံ့ငွေပေးအပ်စဉ်။

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က မြို့နယ်စည်ပင်များသို့ ယာဉ်၊ စက်ယန္တရားများ ပေးအပ်

**ပုသိမ် ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့က မြို့နယ်စည်ပင်သာယာရေးကော်မတီများသို့ ထောက်ပံ့သည့် ယာဉ်၊ စက်ယန္တရားများ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့က မြို့တော်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးလှမိုးအောင်က ယနေ့ အခမ်းအနားနှင့် ပေးအပ်သွားမည့် ယာဉ်၊ စက်ယန္တရားများမှ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ပံ့ရန်ပုံငွေ ၂ ဒသမ ၃၇၈ ဘီလျံတန်ဖိုးရှိ မြေတူးစက် (မြေ+ရေ) တစ်စီး၊ မြေတူးစက် (မြေ)၁၃ စီး၊ ရေပုပ်စုပ်ယာဉ် ၂၄ စီး၊ အမှိုက်ကန်ယာဉ်သုံးစီး၊ အမှိုက်သိမ်းယာဉ် ၁၆ စီး လွှဲပြောင်း ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်တွင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ပံ့ရန်ပုံငွေကျပ် ၁ ဒသမ ၀၈၂ ဘီလီယံနှင့် မြေတူးစက် ခုနစ်စီး၊အမှိုက်သိမ်းယာဉ် အစီး ၂၀ တို့ကိုလည်းကောင်း၊ ဧရာဝတီဖောင်ဒေးရှင်းမှ ပြန်ရသည့် ငွေအနက်က ငွေကျပ် ၁ ဒသမ ၁၃ ဘီလီယံနှင့် မြေတူးစက် ၃ ဒသမ ၅ တန် ကိုးစီး၊ မြေတူးစက် ၂၀ တန် တစ်စီး၊ ရေသယ်ယာဉ် (ကိုရီးယား) လေးစီးတို့ကို လည်းကောင်း ဝယ်ယူထောက်ပံ့သွားမည်ဖြစ်သည့်အတွက် နောင်နှစ်ကုန်အထိဆိုလျှင် ယာဉ်၊ စက်ယန္တရား ၉၈ စီးလွှဲပြောင်းပေးအပ်ပြီးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများထံသို့ ယာဉ်၊ စက်ယန္တရားများကို ထောက်ပံ့ပေးအပ်ပြီး ပေးအပ်သည့် ယာဉ်၊ စက်ယန္တရားမောင်းနှင်နိုင်သည့် စွမ်းရည်နှင့်ယာဉ်များကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။**မောင်မောင်မြင့် (ပြန်/ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် စက်ယန္တရားများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

# အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ကွင်းဆင်းစစ်မည့်လုပ်ငန်းညှိနှိုင်းစည်းဝေး

**မင်းတပ် ဇူလိုင် ၄**

အမျိုးသားလွှတ်တော်မှ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေ ဦးဆောင်သောအဖွဲ့နှင့် ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်ပါဝင်သော ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများတွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခြင်း၊ မေးခွန်းရှင်ကိုယ်စားလှယ်များက ဖြည့်စွက်မေးမြန်းခြင်း၊ ကော်မတီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌဦးသိမ်းဆွေဦးဆောင်သောအဖွဲ့သည် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်၊ ခရိုင် အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာဌာနများနှင့် မင်းတပ်မြို့ရှိ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးနေရာ၊ ခရိုင်၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရုံးနေရာ၊ ခရိုင်သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနရုံးနေရာနှင့် ထွင့်ခေါင်ကြီးဟိုတယ်တို့ကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် ကွင်းဆင်းစစ်မည့်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

# မုံရွာမြို့ မြို့တော်ခန်းမ၌ မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မုံရွာ ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးကော်မတီကကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ အခမ်းအနားနှင့် မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ၁၉၉၆ ခုနှစ်ကတည်းက ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း၊ ယင်းကော်မတီတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာအမျိုးသမီးအဖွဲ့အစည်း ကွန်ရက်၊ ကျား/မ တန်းတူညီမျှရေးကွန်ရက်၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးငယ်များဘဝ မြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များ လျော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းတို့ ပါဝင်ပြီး မြန်မာအမျိုးသမီးများ၏အရေးကို တက်ကြွစွာဆောင်ရွက်လျက်ရှိသည်ကို မိမိအနေဖြင့် များစွာဝမ်းမြောက်ကျေနပ်ရကြောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း ၂၀၁၃ - ၂၀၂၂ ကို ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ စီမံကိန်းတွင် ဦးစားပေးနယ်ပယ် ၁၂ ရပ်ကို ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစီမံကိန်းမှာ ပါဝင်သော လုပ်ငန်းနယ်ပယ် ၁၂ ရပ်အနက် ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းယန္တရားနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ အမျိုးသမီးများနှင့် ကျန်းမာရေး၊ အမျိုးသမီးများနှင့် ပညာရေး၊ အမျိုးသမီးများနှင့် အရေးပေါ် အခြေအနေ၊ အမျိုးသမီးများနှင့် အသက်မွေးဝမ်းကျောင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးကြမည်ဖြစ်ပြီး အခမ်းအနားသို့ တက်ရောက်လာသူများအနေဖြင့် လေ့လာသိရှိခွင့်ရရှိကြကာ ရှေ့လုပ်ငန်းစဉ်များအတွက် ဝိုင်းဝန်းပါဝင်ဆွေးနွေးနိုင်မည့် အခွင့်အရေးကိုပါ ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအမျိုးသမီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက တိုင်းဒေသကြီးအမျိုးသမီးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို (ယင်းမာပင်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနား၌ အမှာစကားပြောကြားစဉ်။

# စိမ်းလန်းသန့်ရှင်းကျောင်းများ ဖော်ဆောင်နိုင်ရေး သင်တန်းဖွင့်လှစ်

**တောင်ကြီး ဇူလိုင် ၄**

ရှမ်းပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော စိမ်းလန်းသန့်ရှင်းကျောင်းများ ဖော်ဆောင်နိုင်ရေး သင်တန်းအမှတ်စဉ်(၁)ဖွင့်ပွဲကို ယမန်နေ့က ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ရှမ်းပြည်နယ်အတွင်းရှိ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းမှ အခြေခံပညာကျောင်း ၁၉ ကျောင်းမှ ဆရာ ဆရာမများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဘာသာရပ်များ ပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စိန်မမက စိမ်းလန်းသန့်ရှင်းသောကျောင်းများ ဖော်ဆောင်ရသည့် ရည်ရွယ်ချက်ကို တင်ပြခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော် (တောင်ကြီး)**

# မကွေးတက္ကသိုလ်တွင် ဝင်ခွင့်လျှောက်လွှာအိတ်များကို ဇူလိုင် ၂၃ ရက်အထိ ပိတ်ရက်မရှိ လက်ခံပေးသွားမည်



မကွေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကို တွေ့ရစဉ်။

**မကွေး ဇူလိုင် ၄**

မကွေးတက္ကသိုလ်တွင် ဘာသာရပ် ၁၆ ခု သင်ကြားပေးလျက်ရှိပြီး တက္ကသိုလ်ဝင်ခွင့်လျှောက်မည့် ကျောင်းသားများအနေဖြင့် ယမန်နှစ်က အမှတ်များအတိုင်း အထူးပြုဘာသာရပ်များကို လျှောက်ထားနိုင်ကြောင်း သိရသည်။

မကွေးတက္ကသိုလ်တွင် သင်ကြားပေးနေသည့် အထူးပြုဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ ဇီဝဓာတုဗေဒနှင့် အဏုဇီဝဗေဒဘာသာရပ်များဖြစ်ကြောင်း သိရသည်။

"ဇွန် ၂၄ ရက်ကစပြီး တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်တွေလက်ခံနေပါတယ်။ ဇူလိုင် ၂၃ ရက်အထိ လက်ခံပေးမှာဖြစ်ပါတယ်။ ပိတ်ရက်မရှိ လက်ခံပေးနေပါတယ်။ မကွေးတက္ကသိုလ်မှာ လက်ရှိဘာသာရပ် ၁၆ ခု သင်ကြားပေးနေပါတယ်။ ဝင်ခွင့်တင်တဲ့အခါ သီးခြားတက္ကသိုလ်ဝင်ခွင့်တွေကို သပ်သပ်အပို့ခိုင်းပါတယ်။ ဆေးဘက်ဆိုင်ရာကို လျှောက်တဲ့အိတ်ရယ်၊ အဆင့်မြင့်ပညာဦးစီးဌာနကိုတင်မယ့် အိတ်တွေကို ကျွန်တော်တို့ကျောင်းက လက်ခံပေးနေပါတယ်။ ဒီတက္ကသိုလ်ကနေတစ်ဆင့် ပြန်လည်ပို့ပေးသွားမှာဖြစ်ပါတယ်။ ဆေးတက္ကသိုလ်နဲ့ ဆေးပညာနှီးနွယ်တက္ကသိုလ်တွေကို လျှောက်ထားတဲ့ လျှောက်လွှာအိတ်တွေကိုတော့ သက်ဆိုင်ရာဦးစီးဌာနကို နှစ်ကြိမ်ခွဲပေးပို့ပေးရမှာဖြစ်ပါတယ်။ သီးခြား တက္ကသိုလ် ၁၄ ခု ကို လျှောက်ထားမယ့် ကျောင်းသားတွေကိုတော့ မိမိတက်ချင်တဲ့ တက္ကသိုလ်ကို ကိုယ်တိုင်သွားလျှောက်ခိုင်းပါတယ်။ ပိုမြန်အောင်လို့ပါ။ ဒီနှစ်ထူးခြားတာကတော့ ကျောင်းသားတွေက အမှတ်မီမယ်ဆိုရင် ကြိုက်တဲ့ တိုင်းဒေသကြီးက ကိုယ်တက်ချင်တဲ့တက္ကသိုလ်ကို တက်ခွင့်ရှိပါတယ်။ အရင်ကဆို မကွေးတိုင်းထဲမှာ တက္ကသိုလ်ဝင်တန်းအောင်တဲ့ ကျောင်းသားက မကွေးမှာပဲ တက်ခွင့်ရှိတယ်။ အခုဆိုရင် အခြားနယ်က မိမိဝါသနာပါရာ တက္ကသိုလ်တွေကို သွားရောက်တက်ချင်ရင် အဲဒီတက္ကသိုလ်တွေက သတ်မှတ်ထားတဲ့အမှတ်မီရင် တက်ခွင့်ရပြီ။ ဒါကတော့ ဒီနှစ်ရဲ့ ထူးခြားတဲ့အချက်ပါ။ ဒေသမခွဲဘဲ အမှတ်နဲ့ပဲခွဲတဲ့စနစ်လို့ ပြောလို့ရပါတယ်" ဟု မကွေးတက္ကသိုလ်သင်တန်းရေးရာဌာနမှူး ဦးမောင်အေးက ပြောသည်။

ရန်ကုန် နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မန္တလေး)၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီးနယ်မြေ)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် (မိတ္ထီလာမြို့) စသည့် သီးခြားရွေးချယ်မည့် တက္ကသိုလ်များသို့ ပထမဦးစားပေး လျှောက်ထားပါက အဆိုပါတက္ကသိုလ်များသို့ မိမိတို့ကိုယ်တိုင် တိုက်ရိုက်တင်သွင်း လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ မကွေးတက္ကသိုလ်တွင် ဆရာဆရာမဦးရေ ၄၀၀ ကျော်ရှိပြီး တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူဦးရေမှာ မဟာတန်းအပါအဝင် ၇၇၉၆ ဦးရှိသည်။

"ဝင်ခွင့်လျှောက်လွှာ တင်တဲ့ ကျောင်းသား ကျောင်းသူတွေအနေနဲ့ မိမိရွေးချယ်မယ့်ကျောင်း၊ ဘာသာရပ်တွေကို ပထမဦးစားပေး၊ ဒုတိယဦးစားပေး စသဖြင့် အစဉ်လိုက် ၂၂ ခုလုံးကို ဖြည့်ပေးစေချင်ပါတယ်။ ဒါဆိုရင် ဝင်ခွင့်မကျဘူးဆိုတာ မရှိစေရပါဘူး။ အရင်နှစ်တွေ အတွေ့အကြုံအရ ကလေးတွေက တစ်ခုတည်းပဲဖြည့်တဲ့အတွက် မမီတော့ ပြန်မကျတာတွေရှိခဲ့တာပါ။ ဝင်ခွင့်လျှောက်လွှာပါအချက်တွေကို ပြည့်စုံအောင် ထည့်သွင်းမယ်ဆိုရင် ဝင်ခွင့်ပြန်မကျဘူးဆိုတာ မရှိနိုင်ပါဘူး" ဟု ၎င်းက ဆက်လက်ပြောသည်။

**ဇူလိုင်မိုး (မြန်မာ့အလင်း)**

# မင်းလှမြို့နယ် အရှိုချင်းတိုင်းရင်းသားကျေးရွာနှစ်ရွာတွင် သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးမည်

**မင်းလှ ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်းရှိ အရှိုချင်းတိုင်းရင်းသားများ နေထိုင်လျက်ရှိသော ချောင်းခွကျေးရွာနှင့် ဒေါင်းဘုတ် ကျေးရွာတို့၌ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေများဖြင့် သောက်သုံးရေရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ချောင်းခွကျေးရွာတွင် ရေတွင်းများရှိသော်လည်း ရေစုကန်မရှိသဖြင့် ရေစုကန်တစ်ခုတည်ဆောက်ပေးပါရန် တင်ပြလာမှုကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ ကျပ် ၄၅ သိန်းဖြင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်း၊ ဒေါင်းဘုတ်ကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် ကျေးရွာနှင့် ပေ ၄၀၀၀ ခန့်ကွာ ဝေးသောနေရာမှ ခက်ခဲစွာ သယ်ယူနေရသဖြင့် ကျေးရွာအတွင်းသို့ ရေရောက်ရှိအောင် ဆောင်ရွက်ပေးပါရန် တင်ပြလာမှုကြောင့် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၈၀ ဖြင့် လက်တူးတွင်း တစ်တွင်းတူးဖော်ခြင်း၊ ရေပိုက်လိုင်း ပေ ၄၃၀၀ သွယ်တန်းခြင်း လုပ်ငန်းများကို ယခုဘဏ္ဍာနှစ် အမီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်နန္ဒာအိက ပြောသည်။

အဆိုပါကျေးရွာနှစ်ရွာတွင် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေပြင်အခြေအနေကို သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဇော်ဟန်၊ မြို့နယ်ကျေးလက်ဦးစီးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖတို့က ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ကွင်းဆင်းကြည့်ရှုရာတွင် လက်ထောက်ညွှန်ကြားရေးမှူးက ချောင်းခွကျေးရွာတွင် ရေစုကန်ကို ရေရှည်အတွက် မျှော်မှန်းပြီး ကုန်မြင့်နေရာတွင် တည်ဆောက်သွားကြရန်နှင့် ဒေါင်းဘုတ်ကျေးရွာတွင် ကျေးရွာမှ ရွေးချယ်ထားသော လက်တူးတွင်းတူးဖော်မည့်နေရာနှင့် ရေပိုက်လိုင်း သွယ်တန်းမည့် အခြေအနေများကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာနှစ်ရွာတွင် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးပါက အိမ်ခြေ ၁၉၅ အိမ်မှ အရှိုချင်းတိုင်းရင်းသား ၇၀၀ ကျော်တို့၏ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**

**ရောဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာရှိ အထက ကြို့ကုန်းကျောင်းသို့ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက လှူဒါန်းသည့် အားကစားပစ္စည်းများကို တပ်ဆင်ပြီးစီး၍ ဖွင့်ပွဲကို ဇူလိုင် ၂ ရက်တွင် ကျင်းပရာ ကျောင်းသူလေးများက အားကစားပစ္စည်းများ အသုံးပြုနည်းကို သရုပ်ပြသနေစဉ်။**

ချစ်သက်လယ်(အိမ်မဲ)



# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၄-၇-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၁၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၂၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၁၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၂၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၅/၉၃၀ ကျပ် | ၉၃၅/၉၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၅/၉၄၀ ကျပ် | ၉၅၀/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၈၁၅ ကျပ် | ၈၄၅/၈၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၉၀၅ ကျပ် | ၉၅၀/၉၆၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၀၆ · ၆ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၉၉ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၀ · ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၉၅ · ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၇ · ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၇ · ၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၉ · ၂၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၉၁၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ · ၇၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၄ · ၃၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ · ၁၃၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ အမျိုးသမီးများအတွက် သင်တန်းများဖွင့်

**ဘားအံ ဇူလိုင် ၄**

ကရင်ပြည်နယ်အတွင်း သမဝါယမအသင်းများမှ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့် စွမ်းရည်တည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ အမျိုးသမီးများအတွက် ချည်ထည်အိတ်မျိုးစုံ ချုပ်လုပ်မှုသင်တန်း၊ လက်မှု ဇာထိုးပန်းထိုးသင်တန်း၊ ယိုစုံ/ဖျော်ရည်သင်တန်းနှင့် ဆပ်ပြာပြုလုပ်နည်း သင်တန်းများ ဖွင့်ပွဲကို ဘားအံမြို့ရှိ ပြည်နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၃ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ကရင်ပြည်နယ် သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ယခု မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ သင်တန်းများကို မြန်မာနိုင်ငံ သမဝါယမအသင်း၊ သီရိမေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းနှင့် ရန်ကုန်မှ သမဝါယမဦးစီးဌာန ရုံးချုပ်တို့ ပူးပေါင်း၍ အကောင်အထည်ဖော် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကို ကရင်ပြည်နယ်အတွင်း ဘားအံမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်၌ ယခုနှစ်ဇွန်လမှ ၂၀၂၀ ခုနှစ် ဇွန်လထိ တစ်နှစ်တာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



အိတ်ချုပ်သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများကို ပြည်နယ်ဝန်ကြီး ကြည့်ရှုနေစဉ်။

ယခုဖွင့်လှစ်သော အမျိုးသမီးများအတွက် အသက်မွေးပညာ သင်တန်းများသို့ ဘားအံမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်တို့မှ သင်တန်းသူ ၁၂၀ တက်ရောက်ကြပြီး ဘားအံမြို့နယ်၌ ဖွင့်လှစ်သည့် လက်မှု ဇာထိုးပန်းထိုး သင်တန်းတွင် သင်တန်းသူ ၃၀ နှင့် အိတ်ချုပ်သင်တန်းတွင် သင်တန်းသူ ၃၀၊ လှိုင်းဘွဲမြို့နယ်၌ ဖွင့်လှစ်သည့် ယိုစုံ/ဖျော်ရည်သင်တန်းတွင် သင်တန်းသူ ၃၀ နှင့် ဆပ်ပြာပြုလုပ်နည်း သင်တန်းတွင် သင်တန်းသူ ၃၀ တို့ ဖြစ်ကြောင်း၊ သင်တန်းများတွင် သီရိမေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းမှ နည်းပြများက သင်တန်းကာလ တစ်ပတ်ကြာ သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင် (ပြန်/ဆက်)**

---

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်း ဘီးလင်း စက်မှုလယ်ယာစခန်း၌ ဖွင့်လှစ်

**ဘီးလင်း ဇူလိုင် ၄**

တောင်သူများ လယ်ယာသုံးစက်ကိရိယာများကို စနစ်တကျ ကျွမ်းကျင်စွာ မောင်းနှင်နိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းကို ဇူလိုင် ၁ ရက်က ဘီးလင်းမြို့နယ် အမှတ်(၃၇)စက်မှုလယ်ယာစခန်း၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ဘီးလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦးက အမှာစကားပြောကြားပြီး သထုံခရိုင် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးဝင်းလွင်က တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုခြင်းကြောင့် လုပ်သားရှားပါးမှု ပြဿနာများကို ဖြေရှင်းနိုင်စေရန်၊ ရာသီချိန်အမီ ထွန်ယက်စိုက်ပျိုးနိုင်စေရန်နှင့် စက်ကိရိယာများကို စနစ်တကျ မောင်းနှင်ထိန်းသိမ်းပြုပြင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ဘီးလင်းမြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းတွင် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းနည်းများကို သင်တန်းကာလ နှစ်ပတ်ကြာ စာတွေ့လက်တွေ့သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

---

# ကာမိုင်းမြို့၌ ဦးစီးဌာနနှစ်ခု ပူးပေါင်း၍ နယ်လှည့်အသိပညာပေးမှုများ ဆောင်ရွက်

**ကာမိုင်း ဇူလိုင် ၄**

ဖားကန့်မြို့နယ် ကာမိုင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအား နယ်လှည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂ ရက်က ကထန်ယန်ကျေးရွာအုပ်စု ကထန်ယန်ကျေးရွာရှိ စိန့်ပီတာဘုရားကျောင်းဝင်း ကေဗင်းခန်းမ၌ ဟောပြောပွဲကျင်းပခဲ့သည်။



ဟောပြောပွဲအပြီးတွင် အသိပညာပေး နံရံကပ်စာစောင်များ ပြသနေစဉ်

ဟောပြောပွဲတွင် ကာမိုင်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်သက်ဦးက ပြည်သူ့စာကြည့်တိုက် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ထားမှုနှင့် ပြည်သူများအနေဖြင့် လာရောက်၍ စာငှား စာဖတ်နိုင်ကြောင်းကိုလည်းကောင်း၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း ရှင်းလင်းပြောကြားကာ မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့သည်။

ထို့နောက် ကာမိုင်းမြို့ စိုက်ပျိုးရေးဦးစီးမှူးက စပါးသက်တမ်းအလိုက် မြေဩဇာထည့်သွင်းနည်း၊ မြေဩဇာကို အကျိုးရှိ ထိရောက်စွာ သုံးစွဲနည်းများ၊ စပါးစိုက်ပျိုးနည်းနှင့် ယင်း၏အကျိုးဆက်များ၊ ငမြောင်တောင်ပိုးအန္တရာယ် ကြိုတင်ကာကွယ်ရေး သိကောင်းစရာများ၊ စပါးဖျက် ခရုအမျိုးအစားတစ်ခုဖြစ်သော ရွှေခရုအကြောင်းနှင့် ကာကွယ်နှိမ်နင်းသည့် နည်းလမ်းများ၊ ပိုးသတ်ဆေးများကို စနစ်တကျ အသုံးပြုရန်နှင့် ဘေးထွက်ဆိုးကျိုး မရှိစေရေးအတွက် လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး တောင်သူများက သိရှိလိုသည့် မေးမြန်းချက်များကိုလည်း ဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့သည်။ **ဇွဲသူရအောင် (ပြန်/ဆက်)**

---

# ဟားခါးမြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန သင်တန်းကျောင်းများအတွက် အသုံးအဆောင်များ ပေးအပ်လှူဒါန်း

**ဟားခါး ဇူလိုင် ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများဖြစ်သော ချင်းပြည်နယ် ဟားခါးမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများနှင့် သင်တန်းသူများအတွက် အသုံးအဆောင်ပစ္စည်းများကို ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့က ဇူလိုင် ၃ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

ချင်းပြည်နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ဦးကျုံဟူးနှင့် အဖွဲ့က နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများအတွက် မျက်နှာသုတ်ပဝါ အထည် ၂၀၀ နှင့်အတူ တစ်သျှူး၊ ဆပ်ပြာမှုန့်၊ သွားတိုက်ဆေး၊ သွားတိုက်တံ စသည့် အသုံးအဆောင်များကို ကျောင်းအုပ်ကြီး ဦးတင်မျိုးထွန်းထံသို့လည်းကောင်း၊ အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်း (ဟားခါး)၌ သင်တန်းတက်ရောက်နေသည့် သင်တန်းသူ ၈၀ အတွက် မျက်နှာသုတ်ပဝါ၊ သွားတိုက်တံ၊ တစ်သျှူး၊ ဆပ်ပြာနှင့် မီးဖိုချောင်သုံးပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ဟာလိန်းအွယ်ထံသို့လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူးနှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ရှိ မျှော်လင့်ခြင်းရောင်ခြည် မိဘမဲ့ဂေဟာသို့လည်း ဆက်လက်သွားရောက်ပြီး အဆိုပါဂေဟာရှိ ကလေးငယ် ၂၀ အတွက် မျက်နှာသုတ်ပဝါ၊ ဆပ်ပြာ၊ သွားတိုက်တံနှင့် မီးဖိုချောင်သုံးပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**




အိမ်တွင်းမှုသင်တန်းကျောင်းအတွက် အသုံးအဆောင်များ ထောက်ပံ့ပေးအပ်စဉ်။

---

# စကုမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေ

**စကု ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး စကုမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို စကုမြို့ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ ပူးပေါင်းအဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃ ရက်က စကုမြို့အမှတ်(၂)နယ်မြေ အောင်ချမ်းသာရပ်နှင့် အမှတ်(၃)နယ်မြေ ဖောင်တန်းအနောက်ပိုင်းရပ်များသို့ ကွင်းဆင်း၍ ရာသီတုပ်ကွေးရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း ကျန်းမာရေး အသိပညာပေးခြင်း၊ ခြင်နှိမ်နင်းရေးလုပ်ငန်းစဉ်များဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် နေအိမ်ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ဆောင်ရွက်ရမည့်အချက်များ၊ ရာသီတုပ်ကွေးရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် လိုက်နာရမည့်အချက်များ အသိပညာပေး ဟောပြောခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပူးပေါင်းအဖွဲ့အနေဖြင့် ရာသီတုပ်ကွေးရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် မြို့ပေါ်ရပ်ကွက်များ၌ အသိပညာပေးခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ အဘိတ်ဆေးခတ်ပေးခြင်းများကို မိုးရာသီကာလအတွင်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုးဝင်း( မင်းဘူး)**

---

## သတင်းတိုများ

### လေဘေးသင့်ပြည်သူများအား ပစ္စည်းများထောက်ပံ့

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ဘုရားချောင်းကျေးရွာအုပ်စု မအူချောင်းကျေးရွာနှင့် မြေနုကျေးရွာအုပ်စု ကျုံတုံးကျေးရွာတို့၌ ဇူလိုင် ၁ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် သုံးလုံး ပြိုကျပျက်စီးပြီး အိမ် ၂၃ လုံး အမိုးလန်ပျက်စီးခဲ့ရာ မအူပင်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ထောက်ပံ့ပစ္စည်းများကို ဇူလိုင် ၂ ရက်က သွားရောက်ပေးအပ်ခဲ့ကြသည်။ ပြိုကျပျက်စီးသည့် အိမ်တစ်လုံးလျှင် အိမ်ဆောက်ပစ္စည်းဖိုး ကျပ်တစ်သိန်းနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးစီ၊ အမိုးလန်ပျက်စီးသည့် အိမ်များအတွက် သွပ်မိုးအိမ်တစ်လုံးလျှင် ကျပ်ငါးသောင်းနှင့် ဓနိမိုးအိမ်တစ်လုံးလျှင် ကျပ်သုံးသောင်းစီနှင့် လူဦးရေ ၁၂၄ ဦးအတွက် တစ်ပတ်စာ ဆန်ရိက္ခာဖိုး ကျပ် ၂၆၀၄၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**အောင်ခိုင်၊ အောင်မြင့်မြတ်(မအူပင်)**

### စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကွင်းဆင်းဆောင်ရွက်

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် အမက(၈) မူလတန်းလွန်ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများအဖြစ် ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဇူလိုင် ၃ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ်ပြန်/ဆက်ဦးစီးဌာနဦးစီးမှူး ဒေါ်ရီရီမြင့်က အာဇာနည်နေ့အကြောင်း သိကောင်းစရာများ၊ မူးယစ်ဆေးဝါးအန္တရာယ်များ၊ လူကုန်ကူးမှုအန္တရာယ်များ၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျောင်းစာကြည့်တိုက်များ ပေါ်ပေါက်လာရေး စသည်တို့ကို ဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဓာတ်ပုံ များနှင့် နံရံကပ်စာစောင်များကိုလည်း ခင်းကျင်းပြသခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

### လှည်းကူးမြို့၌ ရေစီးရေလာကောင်းစေရန် ရေနုတ်မြောင်းတူးဖော်

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အောင်မင်္ဂလာရပ်ကွက်အတွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ရေနုတ်မြောင်းအတွင်းမှ အမှိုက်သရိုက်များ၊ မြက်ပင်ပေါင်းပင်များ ရှင်းလင်းခြင်းနှင့် မြောင်းတူးဖော်ခြင်းများကို ဇူလိုင် ၂ ရက်က ဆောင်ရွက်ခဲ့ကြသည်။ လှည်းကူးမြို့၌ အောင်မင်္ဂလာရပ်ကွက်အတွင်းရှိ လမ်းများသည် ရေမြောင်းများ ပိတ်ဆို့နေမှုကြောင့် နှစ်စဉ် မိုးရာသီတိုင်း ရေကြီးရေလျှံဖြစ်လေ့ရှိသဖြင့် ရပ်ကွက်၏ အဓိက ရေထွက်ပေါက်ဖြစ်သော ဖားလေးရိုးအရောက် ပေပေါင်း ၃၀၀၀ ကျော်ရှိ ရေမြောင်းများကို ဘက်ဟိုးဖြင့် တူးဖော်ပေးခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင် တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**နိုင်လင်း(လှည်းကူး)**

### နွားထိုးကြီးမြို့၌ကျောင်းကျန်းမာရေးအသိပညာပေးဟောပြော

နွားထိုးကြီးမြို့ မြို့မအခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၃ ရက်က ကျင်းပခဲ့ပြီး ဒေါက်တာထွန်းအောင်ကျော်က သွားနှင့်ခံတွင်း ကျန်းမာရေး၊ ခံတွင်းကင်ဆာ ကင်းဝေးရန်အတွက် ရှောင်ကြဉ်ရမည့်အချက်များ၊ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် ဆေးရွက်ငုံခြင်းတို့၏ ဆိုးကျိုးများ၊ တစ်နေ့နှစ်ကြိမ် သွားတိုက်ရန် စသည်တို့ကို ကျောင်းသား ကျောင်းသူများအား ဟောပြောပြီး ငှက်ဖျားတိုက်ဖျက်ရေးတာဝန်ခံ ဦးစိုးလွင်ကလည်း သွေးလွန်တုပ်ကွေးနှင့် ရာသီတုပ်ကွေးရောဂါ ကူးစက်မှုမရှိစေရန် ဆောင်ရန် ရှောင်ရန်များ၊ သွေးလွန်တုပ်ကွေးရောဂါ၏ လက္ခဏာများ၊ သွေးလွန်တုပ်ကွေး ဖြစ်လာပါက ဆေးရုံ ဆေးခန်းများတွင် ကုသမှုခံယူရန် စသည်တို့ကို ဟောပြောခဲ့သည်။

**သန်းအောင်ဇော်**

### ကျောက်ဖြူမြို့၌ ရာသီတုပ်ကွေးပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

ကျောက်ဖြူမြို့ စည်ပင်သာယာဈေးကြီး၌ H1N1 ရာသီတုပ်ကွေးရောဂါအကြောင်း အသိပညာပေးခြင်းနှင့် ကျန်းမာရေးဌာနမှ ထုတ်ဝေသော ရာသီတုပ်ကွေး အသိပညာပေး လက်ကမ်းစာစောင်များ၊ နှာခေါင်းစည်းများ ဖြန့်ဝေခြင်းကို ဇူလိုင် ၃ ရက်က ဆောင်ရွက်ခဲ့သည်။ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးကျော်နှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဌာနမှ ခရိုင်ဆရာဝန်ကြီး ဒေါက်တာနေလင်းနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ပူးပေါင်းပါဝင်၍ ဈေးအတွင်း လူစည်ကားနေရာများ၌ ဈေးသည်များနှင့် ဈေးဝယ်လာသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ **ဖြိုးဝေလင်း (ပြန်/ဆက်)**

# ကြိုးကြာနီနဲ့အတူ ပရီမီယာလိဂ်မှာ တောက်ပလာနိုင်တဲ့ ဟော်လန်ကြယ်ပွင့်

**အောင်က**

ဒီနှစ်နွေရာသီဈေးကွက်မှာ ထိပ်တန်းအသင်းကြီးတွေကစားသမားတွေ အပြိုင်အဆိုင်ခေါ်ယူနေချိန်မှာတော့ တိတ်ဆိတ်စွာနဲ့ ရှိနေခဲ့တဲ့အသင်းထဲမှာ လီဗာပူးအသင်းကလည်း တစ်သင်း အပါအဝင်လို့ပြောရမှာပါ။ ပြီးခဲ့တဲ့ရာသီက သမိုင်းဝင်အောင်မြင်မှုတစ်ခုအဖြစ် ချန်ပီယံလိဂ်ကိုရယူထားနိုင်တဲ့ လီဗာပူးအသင်းရဲ့ ကစားသမားစုဖွဲ့မှုပိုင်းကတော့ အပြစ်ပြောစရာမလိုအောင် ပြည့်စုံမှုရှိတယ်လို့ ပြောရမယ်။ ဒါကြောင့်လည်း လီဗာပူးအသင်းဟာ ဒီနှစ်နွေရာသီဈေးကွက်မှာတော့ ကစားသမားသစ်ခေါ်ယူမှုထက် အသင်းကို ဟန်ချက်ညီညီအကောင်းဆုံးဖြစ်ဖို့ ပိုမိုအာရုံစိုက်နေတာ ဖြစ်ပါတယ်။

### လီဗာပူးရဲ့ခေါ်ယူမှု

ဒါပေမယ့် လီဗာပူးအသင်းဟာ မကြာသေးကမှ ဒီနှစ်နွေရာသီရဲ့ ပထမဦးဆုံး ခေါ်ယူမှုတစ်ခုတော့ ပြုလုပ်ထားခဲ့ပါတယ်။အဲဒါကတော့ ဟော်လန်ကလပ် ဇီဝိုလီအသင်းရဲ့ ခံစစ်မှူး ဆက်ဗန်ဒန်ဘတ်ဖြစ်ပါတယ်။ လီဗာပူးအသင်းအနေနဲ့ သူ့ကို ဘိုင်ယန်မြူးနစ်၊ အိုင်းယက်စ်အသင်းတို့နဲ့ ယှဉ်ပြိုင်ပြီး ပေါင် ၁ ဒသမ ၃ သန်းနဲ့ခေါ်ယူခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ခြေစွမ်းပေါ်မူတည်ပြီး ပေါင် ၄ ဒသမ၄ သန်းအထိမြင့်တက်သွားဖို့လည်း ရှိနေပါတယ်။ လီဗာပူးအသင်းအနေနဲ့ အသက် ၁၇ နှစ်အရွယ် သာရှိနေသေးတဲ့ ဆက်ဗန်ဒန်ဘတ်ကို ဘာကြောင့် ခေါ်ယူခဲ့တာလဲ။

ဆက်ဗန်ဒန်ဘတ်ဟာ အသက် (၁၇ နှစ်)သာရှိနေသေးတာကြောင့် လီဗာပူအသင်းရဲ့လူငယ်အသင်းမှာသာ ကစားခွင့်ရနိုင်တယ်လို့တော့ စဉ်းစားကောင်းစဉ်းစားနိုင်ပါတယ်။ ဒါပေမယ့် သူဟာပြီးခဲ့တဲ့ရာသီအတွင်း ဇီဝိုလီအသင်းရဲ့အဓိကကစားသမားတစ်ဦးအဖြစ် ကစားနိုင်ခဲ့တာတွေကြောင့် လီဗာပူးအသင်းကြီးမှာလည်း ပါဝင်ကစားခွင့်မရနိုင်ဘူးလို့ ယတိပြတ်ပြောလို့ မရပါဘူး။

### စံချိန်ကောင်းသူ

သူဟာလက်ရှိအချိန်မှာအသက် (၁၇နှစ်)သာရှိနေသေးပေမယ့် ဇီဝိုလီအသင်းနဲ့အတူ ဟော်လန်ထိပ်တန်းလိဂ်မှာ ၂၂ ပွဲပါဝင်ကစားထားပြီးဖြစ်ပါတယ်။ ဒီ့အပြင် အသင်းမှာစတင်ပါဝင်ကစားစဉ်က သူ့ရဲ့အသက်က ၁၆ နှစ်သာရှိနေသေးတာလည်း ဖြစ်ပါတယ်။ သူဟာဟော်လန်လိဂ်မှာတော့ အသက်အငယ်ဆုံးပါဝင်ကစားသူတစ်ဦးအဖြစ် စံချိန်မတင်ထားနိုင်ပါဘူး။ ဒါပေမယ့် ဟော်လန်လိဂ်မှာ အသက်အငယ်ဆုံးလိဂ်ပွဲအများဆုံးကစားထားသူအဖြစ် စံချိန်တင်ထားနိုင်ခဲ့ပါတယ်။ ဒီ့အပြင်သူဟာ အသင်းနဲ့အတူ စတင်ပါဝင်ကစားခွင့်ရတဲ့ပွဲမှာ အဝါကတ်အပြခံခဲ့ရတာကြောင့် ဟော်လန်လိဂ်သမိုင်းမှာတော့ အသက်အငယ်ဆုံးအဝါကတ်အပြခံရသူအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့ပါတယ်။

### တောင်ပံကစားသမား

ဆက်ဗန်ဒန်ဘတ်ရဲ့ကစားပုံတွေ ကိုစောင့်ကြည့်တဲ့အခါ ပထမဦးဆုံး သတိထားမိမှာက သူ့ရဲ့ကစားနိုင်မှုအလျှင်ဖြစ်ပါတယ်။ သူဟာ အံ့အားသင့်ဖွယ်ကောင်းလောက်အောင် လျင်မြန်လွန်းတဲ့သူဖြစ်ပါတယ်။ ဒါကလည်း ယခင်က တောင်ပံကစားသမားတစ်ဦးအဖြစ် ကစားခဲ့တာကြောင့်လည်း ဖြစ်နိုင်ပါတယ်။ သူ့ရဲ့ကစားသမားဘဝ အစောပိုင်းအချိန်တွေတုန်းကသူဟာ ညာတောင်ပံကစားသမားတစ်ဦးအဖြစ်ကစားခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် သူ့ရဲ့ ခံစစ်ပိုင်းကစားနိုင်မှု စွမ်းရည်တွေကြောင့် ညာနောက်ခံကစားသမားအဖြစ် ကစားခွင့်ရခဲ့တာလည်းဖြစ်ပါတယ်။ သူဟာနေရာပြောင်းလဲကစားစေခဲ့ပေမယ့် အခက်အခဲမရှိ သက်သောင့်သက်သာကစားနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ရာသီတုန်းကဆိုရင်လည်း ဇီဝိုလီအသင်းရဲ့ဘောလုံးပေးပို့နိုင်မှု အများဆုံးကစားသမားတွေထဲမှာတော့ သူကတစ်ဦးအပါအဝင် ဖြစ်ခဲ့ပါတယ်။




### ကိုယ့်ကိုယ်ကိုယ်ဝေဖန်သူ

ဆက်ဗန်ဒန်ဘတ်ဟာ ပြီးခဲ့တဲ့ရာသီတုန်းကဆိုရင် သူ့ရဲ့ခြေစွမ်းတွေကြောင့် သတင်းစာတွေရဲ့ခေါင်းကြီးပိုင်းတွေမှာ တခမ်းတနားကို ဖော်ပြခြင်းခံခဲ့ရပါတယ်။ ဒါပေမယ့် သူဟာအမြဲတမ်း သူ့ကိုယ်သူဝေဖန်ပြီး တိုးတက်မှုတွေ ရရှိနေဖို့အတွက် စိန်ခေါ်မှုတွေရင်ဆိုင်နေတဲ့သူလို့ ဆိုပါတယ်။ အဲဒီလို စိတ်ဓာတ်မျိုးတွေကြောင့်လည်း သူ့ကိုတော့ ပရိသတ်အများစုက နှစ်သက်ကြတာလည်း ဖြစ်ပါတယ်။ အခုတော့ သူဟာ လီဗာပူးအသင်းမှာလည်း အကောင်းဆုံးကြိုးစားပြီး သူ့ရဲ့ခြေစွမ်းတွေကို သက်သေပြဖို့အတွက် အဆင်သင့်ရှိနေတယ်လို့ ဆိုပါတယ်။

### ဖိအားတွေကိုမကြောက်သူ

ဆက်ဗန်ဒန်ဘတ်ဟာ ဟော်လန်လိဂ်မှာတော့ သူ့ထက်အသက် နှစ်ဆလောက်ကြီးတဲ့ ကစားသမားတွေနဲ့ယှဉ်ပြိုင်ကစားရပေမယ့် ရှိန်နေခြင်းမရှိဘဲ အကောင်းဆုံးကစားနိုင်တာကိုတော့ တွေ့ရမှာပါ။ ဟော်လန်ဂန္တဝင်ကစားသမား ဗန်ပါစီကိုတောင် အကောင်းဆုံး ယှဉ်ပြိုင်ကစားထားနိုင်ခဲ့သူဖြစ်ပါ တယ်။ပြီးခဲ့တဲ့အင်တာဗျူးတစ်ခုမှာဆိုရင်လည်းသူက သူ့အနေနဲ့ ဘယ်လိုပြိုင်ဘက်မျိုးမဆိုကြောက်ရွံ့ခြင်းမရှိဘဲ အကောင်းဆုံးယှဉ်ပြိုင်နိုင်တယ်လို့တောင် ထုတ်ဖော်ပြောဆိုထားခဲ့ပါသေးတယ်။

ဒါကြောင့် လာမယ့်ရာသီသစ်မှာ တော့လီဗာပူးအသင်းက ခေါ်ယူထားခဲ့တဲ့ လူငယ်ကစားသမားသစ်ဆက်ဗန်ဒန်ဘတ်ကို ပရီမီယာလိဂ်မှာတော့ ဘယ်လောက်အထိ တောက်ပလာမယ့် ကြယ်ပွင့်ကစားသမားအဖြစ်တွေ့မြင်ရမလဲဆိုတာကိုတော့ စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။ ။

**လီဗာပူးအသင်းဟာ မကြာသေးကမှ ဒီနှစ်နွေရာသီရဲ့ ပထမဦးဆုံး ခေါ်ယူမှုတစ်ခုတော့ ပြုလုပ်ထားခဲ့ပါတယ်။ အဲဒါကတော့ ဟော်လန်ကလပ် ဇီဝိုလီအသင်းရဲ့ ခံစစ်မှူး ဆက်ဗန်ဒန်ဘတ် ဖြစ်ပါတယ်။ လီဗာပူးအသင်းအနေနဲ့ သူ့ကို ဘိုင်ယန်မြူးနစ်၊ အိုင်းယက်စ်အသင်းတို့နဲ့ ယှဉ်ပြိုင်ပြီး ပေါင် ၁ ဒသမ ၃ သန်းနဲ့ခေါ်ယူခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့ခြေစွမ်းပေါ်မူတည်ပြီး ပေါင် ၄ ဒသမ၄ သန်းအထိမြင့်တက်သွားဖို့လည်း ရှိနေပါတယ်။**



## ယခုနွေရာသီအတွင်း ပီအက်စ်ဂျီသို့ ကော်တင်ညို ပြောင်းရွှေ့မည်မဟုတ်ဟု အေးဂျင့်ဖြစ်သူ ပြောဆို

ဘာစီလိုနာအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဖီလစ်ပီကော်တင်ညိုသည် ယခုနွေရာသီဈေးကွက် ကာလအတွင်းတွင် ပီအက်စ်ဂျီအသင်း သို့ ပြောင်းရွှေ့လိမ့်မည် မဟုတ်ကြောင်း ကော်တင်ညို၏ အေးဂျင့်ဖြစ်သူက အတည်ပြုပြောဆိုလိုက်သည်။

ဘာစီလိုနာအသင်းတာဝန်ရှိသူများသည် ပီအက်စ်ဂျီအသင်းမှ တိုက်စစ်မှူး နေမာအား ပြန်လည်ခေါ်ယူရေးတွင် ကော်တင်ညိုအား အလိုက်ပေးကမ်းလှမ်း လိမ့်မည်ဟု သတင်းများ ထွက်ပေါ်လာပြီးနောက် ကော်တင်ညို၏ အေးဂျင့်ဖြစ်သူ ကီရာဂျိုရက်ချင်က ယခုကဲ့သို့ ထုတ်ဖော်ပြောဆိုခဲ့ခြင်းဖြစ်သည်။ အေးဂျင့်ကီရာက ဘာစီလိုနာအသင်း အထွေထွေမန်နေဂျာ ပက်ဆီဂူရာနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ကော်တင်ညိုအနေဖြင့် လာမည့်ဘောလုံးရာသီတွင် ဆက်ရှိနေမည်ဟု ဆီဂူရာက ပြောဆိုခဲ့သည်ဟုဆိုသည်။

“ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းမှာ ကျွန်တော်နဲ့ ဆီဂူရာတို့ ဘာစီလိုနာမြို့မှာ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ သူက ဘာစီလိုနာအသင်းအနေနဲ့ အခုနွေရာသီ ဈေးကွက်ကာလအတွင်းမှာ ကော်တင်ညိုအတွက် ပြောင်းရွှေ့ကြေး ဘယ်လောက်နဲ့ပဲဖြစ်ဖြစ် ရောင်းချသွားမှာ မဟုတ်ဘူးလို့ ပြောဆိုခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ပီအက်စ်ဂျီအသင်းနဲ့ ဆက်သွယ်နေတာမျိုးမရှိပါဘူး”ဟု ပြောဆိုခဲ့သည်။

အသက် ၂၇ နှစ်အရွယ်ရှိ ဘရာဇီးကစားသမား ကော်တင်ညိုသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းအတွက် စုစုပေါင်း ၅၃ ပွဲ ပါဝင်ကစားခဲ့ကာ ၁၁ ဂိုး သွင်းယူခဲ့သူဖြစ်သည်။

ဘရာဇီးတိုက်စစ်ကစားသမား နေမာက ဘာစီလိုနာအသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် ဆန္ဒရှိကြောင်း ဖွင့်ဟပြောဆိုခဲ့ပြီးနောက် ဘာစီလိုနာအသင်းသည် နေမာအား ပြန်လည်ခေါ်ယူရေးအတွက် ယခုသီတင်းပတ်အစောပိုင်းမှ စတင်ကာ ခေါ်ယူရေးကိစ္စများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ တိုက်စစ်မှူး နေမာ (၂၇နှစ်)သည် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဘာစီလိုနာအသင်းတွင် ပါဝင်ကစားခဲ့ပြီးနောက် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့သွားခဲ့သူဖြစ်သည်။

ဘာစီလိုနာအသင်းသည် နေမာအား ပြန်လည်ခေါ်ယူရေးအတွက် ကြိုးပမ်းရာတွင် အသင်းမှ ကစားသမားများ ဖြစ်သည့် ရာကီတစ်၊ အမ်တီတီနှင့် ဒေ့ာစမာဒမ်ဘီလီတို့ကို အလိုက်ပေး ကမ်းလှမ်းလာဖွယ်ရှိနေသည်ဟုလည်း ဆိုသည်။

**ထက်အောင်**

## ပေါ့ဂ်ဘာအား ခေါ်ယူရေးအတွက် ဂါရတ်ဘေးလ်ကို အလိုက်ပေးရန် ရီးရဲအသင်း ဆန္ဒရှိနေ



ရီးရဲမက်ဒရစ်အသင်းသည် ယခုနွေရာသီဈေးကွက်ကာလအတွင်းတွင် အသင်းမှ တောင်ပံတိုက်စစ်ကစားသမား ဂါရတ်ဘေးလ်အား အလိုက်ပေးကာ မန်ယူအသင်း ကစားသမား ပေါလ်ပေါ့ဂ်ဘာအား ခေါ်ယူသွားရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ရီးရဲအသင်းအနေဖြင့် ယခုနွေရာသီအတွင်းတွင် ချယ်လ်ဆီးအသင်းမှ အီဒင်ဟာဇက်အား ခေါ်ယူထားပြီးဖြစ်သော်လည်း ရီးရဲ အသင်း၏ နည်းပြဖြစ်သူ ပြင်သစ်လူမျိုး နည်းပြဇီဒန်းသည် ၎င်း၏ တစ်နိုင်ငံတည်း သားဖြစ်သူ ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကိုလည်း ထပ်မံခေါ်ယူရန် ဆန္ဒရှိနေကြောင်း စပိန်သတင်းစာ Marca တွင် ရေးသားဖော်ပြထားသည်။ သို့သော်လည်း မန်ယူအသင်းအနေဖြင့်မူ ကလပ်စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူထားသည့် ပေါ့ဂ်ဘာအား ရောင်းချသွားရန် ဝန်လေးလျက်ရှိသည်ဟုဆိုသည်။

မန်ယူအသင်းသည် ပေါ့ဂ်ဘာအား ရောင်းချမည်ဆိုပါက ပြောင်းရွှေ့ကြေးအဖြစ် ပေါင်သန်း ၁၂၀ ရရှိရန် ရည်မှန်းထားပြီး ရီးရဲအသင်းသည် အဆိုပါ ပြောင်းရွှေ့ကြေး ပမာဏအား ပေးချေနိုင်သည့်အခြေအနေမရှိခြင်းကြောင့် ဝေလကစားသမား ဂါရတ်ဘေးလ်ကို အလိုက်ပေးကမ်းလှမ်းသွားရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ စပါးကစားသမားဟောင်း ဂါရတ်ဘေးလ်သည် ရီးရဲအသင်း၏ အနာဂတ်အစီအစဉ်များတွင် ပါဝင်ခြင်းမရှိတော့ကြောင်း အသင်းတာဝန်ရှိသူများ၏ အသိပေးပြောဆိုမှု ခံထားရသူဖြစ်သည်။ သို့သော်လည်း ဂါရတ်ဘေးလ်ကမူ ရီးရဲအသင်းတွင် ဆက်နေသွားကာ အသင်း၌ ပြန်လည်နေရာရရှိရေးအတွက် ကြိုးစား သွားမည်ဖြစ်သည်ဟု အခိုင်အမာ ပြောဆိုထားသည်။

မန်ယူအသင်းသည် ဂါရတ် ဘေးလ်အား နှစ်သက်မှုရှိသော်လည်း လက်ရှိအချိန်တွင် ဒီနာမိုဇာဂရက် အသင်းမှ စပိန်လူငယ်တောင်ပံတိုက် စစ်ကစားသမား ဒါနီအိုလ်မို (၂၁ နှစ်) အား ခေါ်ယူရေးကို ပိုမို အလေးထားနေသည်ဟုဆိုသည်။

ယခုနွေရာသီဈေးကွက်ကာလအတွင်းတွင် အသင်းကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသည့် မန်ယူအသင်းသည် လက်စတာအသင်း ဗဟိုခံစစ်မှူး ဟာရီမက်ဂွဲယားအား ခေါ်ယူရေးအတွက် လက်စတာအသင်းက တောင်းဆိုထားသည့် ပြောင်းရွှေ့ကြေး ပေါင် ၈၅ သန်းကိုလည်း ပေးချေသွားရန် အဆင်သင့်ရှိနေသည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိသည်။ မန်စီးတီးအသင်း၏ ပစ်မှတ်ထားခြင်းခံနေရသူ မက်ဂွဲယားသည် ယခုနွေရာသီအတွင်း အသင်းမှ ထွက်ခွာလိုကြောင်း လက်စတာအသင်း တာဝန်ရှိသူများကို အသိပေးပြောဆိုထားသူ ဖြစ်သည်။

**ထက်အောင်**

# ရှားတောမြို့တွင်း လမ်းအချို့အား နိုင်လွန်ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်မည်

**ရှားတော ဇူလိုင် ၄**

ကယားပြည်နယ် ရှားတောမြို့တွင်း လမ်းအချို့အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း နိုင်လွန်ကတ္တရာခေါ် ကတ္တရာကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း လမ်းအထူးအဖွဲ့ ၁၃ ထံမှ သိရသည်။

ယခုရှားတောမြို့တွင်းလမ်းအချို့အား နိုင်လွန်ကတ္တရာခေါ် ကတ္တရာကွန်ကရစ်လမ်းများအဖြစ်သို့ အဆင့်မြှင့်တင်တည်ဆောက်သွားမည့် အခြေအနေမှာ လွိုင်ကော် - ပွန်ချောင်း - ရှားတော - တာတမော့လမ်း မြို့တွင်းပိုင်းကို ပေ ၃၂၅၀၊ ဘုရင့်နောင်လမ်းအား ၈၃၄ ပေ၊ ဦးအောင်ဇေယျလမ်းနှင့် တပင်ရွှေထီးလမ်းကို ၂၃၃၄ ပေနှင့် မင်းခေါင်လမ်းအား ပေ ၁၀၆၀ စုစုပေါင်း ရှားတောမြို့တွင်း လမ်းအရှည် ၇၄၇၈ ပေကို လမ်းအထူးအဖွဲ့ ၁၃ မှ တာဝန်ယူတည်ဆောက်မည် ဖြစ်သည်။

ကယားပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတို့၏ မြို့တွင်းလမ်းအချို့ကို ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်မှ စတင်၍ နိုင်လွန်ကတ္တရာ ခေါ်ကတ္တရာကွန်ကရစ်အဆင့်မြင့်လမ်းများအဖြစ်သို့ အဆင့်ဆင့်တိုးချဲ့တည်ဆောက်လျက်ရှိရာ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်ကုန်ပိုင်းတွင် လမ်းအရှည်စုစုပေါင်း ၁၈ မိုင်၊ ၅ ဒသမ ၀၂ ဖာလုံ တည်ဆောက်ပြီးစီးမည် ဖြစ်သည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

# လယ်ယာသုံးဒေါင်ဖန်းလက်တွန်းထွန်စက်များကို တောင်သူများအား အရစ်ကျစနစ်ဖြင့်ရောင်းချပေး

**ယင်းမာပင် ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၁) စက်မှုလယ်ယာစခန်းမှ တန်ဖိုးမြင့်ထွန်စက်ကြီးများကို ဝယ်ယူအသုံးမပြုနိုင်သော တောင်သူများအတွက် လယ်ယာသုံးဒေါင်ဖန်း လက်တွန်းထွန်စက်များကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၁) စက်မှုလယ်ယာစခန်းမှ ဦးစီးအရာရှိ ဦးတင်မိုးထံမှ သိရသည်။



**တောင်သူများထံ လက်တွန်း ထွန်စက်များကို အရစ်ကျ ရောင်းချပေးပြီး ပြင်ဆင် ထိန်းသိမ်းနည်း များ ပြသ ပေးနေစဉ်။**

"ကျွန်တော်တို့ ယင်းမာပင်မြို့နယ် အမှတ် (၄၁) စက်မှုလယ်ယာစခန်းမှ တောင်သူပညာပေးစက်များဖြင့် ထွန်ယက်ရေး သရုပ်ပြ ဆောင်ရွက်ပြသတာ၊ ထွန်စက်ပြင်သင်တန်းတွေ ဖွင့်လှစ်ဆောင်ရွက်ပေးနေသလို ထွန်းစက်အကြီးများကို ဝယ်ယူအသုံးမပြုနိုင်တဲ့တောင်သူတွေအတွက် ခုလို အသေးစား ဒေါင်ဖန်းလက်တွန်းထွန်စက်တွေကို အရစ်ကျစနစ်နဲ့ရောင်းချပေးရတာ ဖြစ်ပါတယ်။ ဒီထွန်စက်တွေကို ဌာနမှ တစ်ရစ်လျှင် ငွေကျပ် ၄၉၆၀၀၀ နှုန်းဖြင့် သုံးရစ်အကျေဆပ်စနစ်နဲ့ ရောင်းချပေးခြင်း ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါစခန်းအနေဖြင့် ထွန်စက်များကို ယင်းမာပင်မြို့နယ်နှင့် ပုလဲမြို့နယ်များမှ တောင်သူများကို လက်မှုလယ်ယာစနစ်မှစက်မှုလယ်ယာစနစ်သို့ တိုးတက်ပြောင်းလဲ ဆောင်ရွက်လာနိုင်အောင် အရစ်ကျစနစ်ဖြင့် ရောင်းပေးနေပြီး အခြားမြို့နယ်များမှ ဝယ်ယူလိုသည့် တောင်သူများကိုလည်း ချိတ်ဆက်ရောင်းချပေးနေကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ယခုအချိန်အထိ လအလိုက်ရရှိသည့် ဒေါင်ဖန်းလက်တွန်းထွန်စက် အစီး ၈၀ ကို တောင်သူများထံ ဆက်လက် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သန်းငွေအောင် (ကနီ)**

# အာဇာနည်နေ့အထိမ်းအမှတ် နယ်လှည့်ဟောပြောပွဲကျင်းပ

**မြောင်းမြ ဇူလိုင် ၄**

(၇၂)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် နယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို မြောင်းမြမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြောင်းမြမြို့ အမက (၁၃) ဘုရားချောင်းကျောင်း၌ ဇူလိုင် ၂ ရက်က သွားရောက်ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် ခရိုင်ပြန်/ဆက်ဦးစီးမှူး ဒေါ်စန္ဒာမိုးက အာဇာနည်နေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် Youth Club အဖွဲ့ဝင် ဦးစိုးမိုးက အာဇာနည်ကိုးဦးတို့၏ အကြောင်းကို ရှင်းလင်းဟောပြောကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်း နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကိုလည်း ကျောင်းသား ကျောင်းသူများအား ခင်းကျင်းပြသသည်။

**ခရိုင် (ပြန်/ဆက်)**

# လူငယ်နှင့် မူးယစ်ဆေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**သံတွဲ ဇူလိုင် ၄**

လူငယ်များသည် အနာဂတ်တွင် တိုင်းပြည်၏ အားထားရမည့် မျိုးဆက်သစ်လူငယ်များဖြစ်လာစေရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရန် ရည်ရွယ်ချက်များဖြင့် ပြည်သူ့စကားဝိုင်းကို လူငယ်နှင့်မူးယစ်ဆေးခေါင်းစဉ်ဖြင့် သံတွဲမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မြို့မ၌ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဆေးဝါးသမိုင်းကြောင်းနှင့် ဆိုးကျိုးများ၊ တားမြစ်ဥပဒေများ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ နိုင်ငံတော်မှ နှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့်ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲပါက ဖြစ်ပေါ်နိုင်သော စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးဆိုင်ရာ ထိခိုက်လာမည့် ဆိုးကျိုးများကို သိရှိနားလည်ပြီး ကျောင်းသား ကျောင်းသူလူငယ်များ အထူးသတိထားရှောင်ရှားကြရန် ဆွေးနွေးပြီးနောက် ကျောင်းသား ကျောင်းသူများ၏ ပြန်လည်မေးမြန်းချက်များကို ရဲမှူးဌေးအောင်နှင့် ဒေါက်တာသဇင်ခိုင်တို့က ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**နေမျိုးအောင်(ပြန်/ဆက်)**

# သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး အသိပညာပေး ဟောပြော

**ပျော်ဘွယ် ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ ရှမ်းပွဲရပ်ကွက်၌ ယမန်နေ့က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရပ်ကွက်နေပြည်သူများအား အသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

ဟောပြောပွဲတွင် မြို့နယ်စခန်းမှူး ဒုရဲမှူး သိန်းဝင်းက အမျိုးသမီးများဆိုင်ရာ ဥပဒေအကြောင်း၊ ဒေါက်တာလဲ့လဲ့အောင်က ရင်ခွင်မဲ့ကလေးငယ်များ လျော့ကျရေးဆောင်ရွက်ရန်များ၊ မြို့နယ်အမျိုးသမီးရေးရာကော်မတီမှ ဒေါ်သီသီမာက သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေးအကြောင်းတို့ကို ဟောပြောကြရာ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**၀၀၇**

---

## သက်ငယ်မုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး



**သက်ငယ်မုဒိမ်းမှုသည် ထောင်ဒဏ်နှစ် ၂၀ ချမှတ်နိုင်သော ပြစ်မှုဖြစ်သည်**

**အခြေအနေ အချိန်အခါ နေရာမရွေး သက်ငယ်မုဒိမ်းမှု ဖြစ်ပွားနိုင်သည်**



**သက်ငယ်မုဒိမ်းမှုဆိုသည်မှာ အသက် (၁၆) နှစ်အောက် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ မုဒိမ်းမှုကျူးလွန်ခြင်းကို ဆိုသည်**

### ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရန်

#### ဌာနဆိုင်ရာ တာဝန်ရှိသူများမှ ဆောင်ရွက်ရန်

-နေရာမရွေး၊ အချိန်မရွေး၌ မည်သူမဆိုမှ ကလေးသူငယ်များအပေါ် မုဒိမ်းမှု ကျူးလွန်နိုင်ကြောင်း အသိပညာပေးရန်၊

-မိဘ၊ အုပ်ထိန်းသူများနှင့် ရပ်ရွာလူထုအား ကလေးသူငယ်များအပေါ် သက်ငယ်မုဒိမ်းမှု ကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးရန်၊

#### ရပ်ရွာလူထုမှ ဆောင်ရွက်ရန်

-မိမိနှင့် နီးစပ်ရာ ကလေးသူငယ်များကို မည်သို့သွားလာနေထိုင်ရမည်၊ မည်သို့ အကူအညီတောင်းရမည်၊ မည်သို့တုံ့ပြန်ဆောင်ရွက်ရမည်ကို သင်ကြားထားသင့်ပါသည်။

- ကလေးသူငယ်နှင့် ပတ်သက်၍ မသင်္ကာဖွယ်တွေ့ရှိပါက မေးမြန်းခြင်း၊ လိုက်လံကြည့်ရှုခြင်း ပြုလုပ်ပါ။



### ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရန်

#### အုပ်ထိန်းသူများမှ ဆောင်ရွက်ရန်

-ကလေးသူငယ်အား တစ်ယောက်တည်း၊ အဖော်မပါဘဲ အပြင်သို့ မလွှတ်ရပါ။

-မိမိကလေးကို အကြောင်းကြောင်းကြောင့် ထားရစ်ခဲ့ရန် လိုအပ်ပါက ရပ်ရွာနှင့် ယုံကြည်စိတ်ချရသူများထံ အသိပေးအပ်နှံပါ။

-ကလေးအား မိမိ၏အိမ်လိပ်စာ၊ မိဘအား ဆက်သွယ်ရန် ဖုန်းနံပါတ်များအား အလွတ်ရရှိရေး သင်ကြားထားပါ။

-ကလေးသူငယ်၏ ထိတွေ့ကိုင်တွယ်ရန် မသင့်လျော်သည့် ပါးစပ်၊ရင်ဘတ်၊ လိင်အင်္ဂါ၊ စအို၊ တင်ပါးစသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများအား တစ်စုံတစ်ဦးမှ ကိုင်တွယ်ပါကငြင်းဆန်တတ်အောင် သင်ကြားပေးပါ။

-ကလေး၏ ထူးခြားမှုကို အမြဲသတိပြုပြီး ဂရုတစိုက်မေးမြန်းပါ။

#### ကလေးသူငယ်များမှ ဆောင်ရွက်ရန်

-ကလေးသူငယ်၏ထိတွေ့ကိုင်တွယ်ရန်မသင့်လျော်သည့် ခန္ဓာကိုယ်အစိတ်အပိုင်းအား တစ်စုံတစ်ဦးမှ ကိုင်တွယ်ခြင်း၊ မလျော်မကန်ပြုမူခြင်းဆောင်ရွက်လာပါက ငြင်းဆန်ရန်၊ အော်ဟစ် အကူအညီတောင်းရန်၊ ထွက်ပြေးရန်နှင့် ယုံကြည်ရသူ တစ်ဦးဦးအား ပြောပြတိုင်ကြားရန်။




### ဖြစ်ပွားသည်ကို သံသယရှိ/ သိရှိပါက/ လက်ခံရရှိပါက/ မျက်မြင်တွေ့ရှိပါက

အမြန်ဆုံးတိုင်ကြားနိုင်ရေးကိုဆောင်ရွက်ရန် အလွန်အရေးကြီးပါသည်-

- ◆ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး/ အဖွဲ့အစည်းများထံ အကြောင်းကြားရန်၊
- ◆ ရဲစခန်းသို့ ချက်ချင်းတိုင်ကြားရန်၊
- ◆ အစိုးရကျန်းမာရေးဌာန/ဆေးရုံသို့ သွားရန်၊
- ◆ သက်ဆိုင်ရာ ရဲစခန်းသို့ သက်သေခံပစ္စည်းဟု ယူဆရသည့် အရာမှန်သမျှကို မူလအတိုင်း တစ်ပါတည်းယူဆောင်လာရန်၊
- ◆ လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆက်သွယ်ရန်။




- ကျူးလွန်ခံရသည်ဟုသံသယရှိသော ကလေးငယ်အား ပစ်ပယ်မထားဘဲလုံခြုံဘေးကင်းရာထားရှိပို့ဆောင်ပေးပါ။
- ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်အားပေးမှုများ လိုအပ်ပါသည်။
- ကျူးလွန်ခံရသူကို အပြစ်တင်ခြင်း မပြုရ။
- ကျူးလွန်ခံရသူ၏ ဆန္ဒမပါဘဲ အတင်းအကျပ် လက်ထပ်ထိမ်းမြားပေးခြင်း မပြုရ။

# အမှိုက်အကြောင်း သိကောင်းစရာ

ဇော်မျိုးနိုင်

'အမှိုက်'ဆိုသည်မှာ လူတို့အသုံးမလိုတော့၍ စွန့်ပစ်သော အရာဝတ္ထုပစ္စည်း (အစိုင်အခဲ၊ အရည်၊ အငွေ့) အားလုံးကို အမှိုက်ဟု ခေါ်ဆိုပါသည်။ သတ်မှတ်ပါသည်။ အမှိုက်အမျိုးမျိုး၊ အမှိုက်အမျိုးအစားပေါင်းစုံ ရှိနေသော်လည်း အမှိုက်အမျိုးအစားများခွဲလျှင် အကြမ်းအားဖြင့် အောက်ပါအတိုင်း တွေ့ရှိနိုင်သည်။

**စွန့်ပစ်အမှိုက်အမျိုးအစားများ**

ပလတ်စတစ်နှင့် ပလတ်စတစ်ပစ္စည်းမျိုးစုံ
စက္ကူနှင့် စက္ကူပစ္စည်းမျိုးစုံ
ဟင်းသီးဟင်းရွက်နှင့် စားကြွင်းစားကျန်မျိုးစုံ
သံနှင့် သံထည်ပစ္စည်းမျိုးစုံ
အဝတ်အထည်နှင့် အဝတ်အထည်ဖြတ်စမျိုးစုံ
သစ်သား၊ ဝါးနှင့် သစ်သား ဝါး ဖြတ်စမျိုးစုံ
စွန့်ပစ်လျှပ်စစ်ပစ္စည်းမျိုးစုံတို့ ဖြစ်ကြသည်။

**ပလတ်စတစ်နှင့် ဆက်စပ်အမှိုက်များ၏ ဆိုးကျိုးများ**

ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်များသည် ခိုင်ခံ့ပေါ့ပါးသလို အသုံးပြုရန် လွယ်ကူသဖြင့် ထုပ်ပိုးပစ္စည်းများအဖြစ် တွင်တွင်ကျယ်ကျယ် သုံးစွဲနေကြသည်။ ပလတ်စတစ်အိတ်နှင့် ကြွပ်ကြွပ်အိတ်များသည် သုံးစွဲချိန်တွင် လွယ်ကူ အဆင်ပြေသော်လည်း သုံးစွဲပြီး၍ စွန့်ပစ်ပြီးနောက် ပတ်ဝန်းကျင်ထိခိုက်မှုများစွာကို ဖြစ်ပေါ်စေပါသည်။ အမှိုက်များ သိမ်းဆည်းခြင်းနှင့် စွန့်ပစ်ခြင်း လုပ်ငန်းများတွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများမှာ လွန်စွာ အရေအတွက် များပြားပြီး ထိန်းသိမ်းရန် ခက်ခဲစေသည်။ နောက်ဆုံး စွန့်ပစ်အမှိုက်ပုံများတွင် ရောက်ရှိနေသော ကြွပ်ကြွပ်အိတ်များ၊ ပလတ်စတစ်ပစ္စည်းများသည် အမှိုက်ပုံအောက်တွင် ဆွေးမြည့်ပျက်စီးခြင်းမရှိဘဲ အချိန်ကြာမြင့်စွာ နှစ်ပေါင်းများစွာ ဆက်လက်တည်ရှိနေပါသည်။

မြေထုအတွင်းသို့ ပလတ်စတစ်အမှိုက်များ ရောက်ရှိပါက မြေဆီလွှာကို ထိခိုက်စေနိုင်ပြီး အပင်များစိုက်ပျိုးရာတွင်လည်း အထွက်နှုန်းကို လျော့နည်းစေနိုင်သည်။ ပလတ်စတစ်အိတ်များဖြင့် ထုပ်ပိုးထားသည့် အစားအစာများကို စားသုံးခြင်းဖြင့် ယင်းတွင်ပါဝင်သည့် ဒြပ်ပေါင်းများသည် အစားအစာအတွင်းသို့ စိမ့်ဝင်သွားသည့်အတွက် ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ ရေတွင်း၊ ရေကန်၊ ရေမြောင်းများနှင့် ချောင်းများအတွင်းသို့ ရောက်ရှိသွားသော ပလတ်စတစ်များကို ရေနေသတ္တဝါများက စားသုံးမိခြင်းကြောင့် သတ္တဝါများကို သေဆုံးစေနိုင်သည်။

ပလတ်စတစ်အမှိုက်များကို မီးရှို့ဖျက်ဆီးသောအခါတွင်လည်း ပလတ်စတစ်နှင့် ပလတ်စတစ်ပစ္စည်းများ ရောနှောမီးလောင်ရာမှ ဒိုင်အောက်စင်နှင့် အခြား အဆိပ်သင့်စေနိုင်သော ဓာတုပစ္စည်းများ ထွက်ရှိမှုကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကို ဖြစ်ပွားစေနိုင်သည်။

**ပလတ်စတစ်နှင့် အဆိပ်သင့် အားဖြည့်ပစ္စည်းများ**

လူတို့အသုံးပြုနေသော ပလတ်စတစ်အိတ်များနှင့် ပလတ်စတစ်ပစ္စည်းများကို ထုတ်လုပ်ရာတွင် ဓာတုပစ္စည်းအမျိုးမျိုးကို ရောနှောအသုံးပြု၍ လူတို့ အသင့်သုံးနိုင်သော ကုန်ချောအဖြစ် ထုတ်လုပ်ကြသည်။ ပလတ်စတစ်ထုတ်ကုန်များ ထုတ်လုပ်ရန်အတွက် အသုံးပြုရသည့် ဓာတုကုန်ကြမ်းပစ္စည်းများတွင် အဆိပ်သင့်အားဖြည့်ပစ္စည်းများ ပါဝင်နေခြင်းကြောင့် ပလတ်စတစ်အိတ်များဖြင့် ထုပ်ပိုးထားသော စားသောက်ကုန်များကို ရေရှည် စားသုံးပါက အောက်ပါရောဂါများ ဖြစ်ပွားစေနိုင်ပါသည်။

| ပါဝင်သည့် ဓာတုပစ္စည်း | ဖြစ်ပွားနိုင်သည့်ရောဂါ |
|---|---|
| - ဘန်ဇင်း (Benzene) | ကင်ဆာရောဂါဖြစ်စေနိုင်သည်။ |
| - စတိုင်ရင်း (Styrene) | ကင်ဆာရောဂါဖြစ်စေနိုင်သည်။ |
| - အက်ဆီတုန်း (Acetone) | နှလုံး၊ သွေးကြောနှင့် အသက်ရှူလမ်းကြောင်းများကို ထိခိုက်ပျက်စီးနိုင်သည်။ |
| - ဆာလဖာဒိုင်အောက်ဆိုဒ် (Sulphur Dioxide) | သွေးကြောနှင့်အသက်ရှူလမ်းကြောင်းများကို ထိခိုက်ပျက်စီးနိုင်သည်။ |
| - နိုက်ထရိုက်အောက်ဆိုဒ် (Nitrous Oxide) | နှလုံး၊ သွေးကြောနှင့် ဗဟို နပ်ကြောစနစ်ကို ထိခိုက်ပျက်စီးစေနိုင်ပြီး ကလေးများ၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုကို ထိခိုက်စေနိုင်သည်။ |
| - အီသိုင်လင်းအောက်ဆိုဒ် (Ethylene Oxide) | ကင်ဆာရောဂါဖြစ်ပွားစေနိုင်ပြီး မျိုးဆက်ပြန့်ပွားမှုစနစ်ကို ထိခိုက်စေသည်။ |
| - အငွေ့ပြန်လွယ်သည့်အော်ဂဲနစ်ဓာတ်ပေါင်းများ(Volatile Organic Compound) | ကင်ဆာရောဂါကို ဖြစ်ပွားစေနိုင်ပြီး မျိုးဆက်ပြန့်ပွားမှုစနစ်ကို ထိခိုက်စေနိုင်သည်။ |

**သာမန်အမှိုက်များနှင့် ပလတ်စတစ် / ပလတ်စတစ်ပစ္စည်းအမှိုက်များ ဆွေးမြည့်ပျက်စီးဖို့ အချိန်ဘယ်လောက်ကြာမလဲ။**

လူတို့ နေ့စဉ် စားဝတ်နေရေးအတွက် အသုံးပြုနေသော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အမျိုးမျိုးတို့မှ ထွက်လာသော အမှိုက်များသည် အမျိုးအစားအပေါ် မူတည်၍ အချိန်ကာလတစ်ခုတွင် အလိုလို ဆွေးမြည့်ပျက်စီးသွားတတ်ကြသည်။ ပလတ်စတစ်အိတ်နှင့် ပလတ်စတစ်ပစ္စည်းများ မပေါ်မီကဆိုလျှင် အမှိုက်အမျိုးအစား အများစုသည် အချိန်တိုအတွင်း ဆွေးမြည့်ပျက်စီးသွားနိုင်သော အမှိုက်များ ဖြစ်ခဲ့သည်။ ပလတ်စတစ်အမှိုက်များမှာမူ အလိုလို ဆွေးမြည့်ပျက်စီးသွားရန် အလွန်ခဲယဉ်းသောပစ္စည်းများဖြစ်နေသည်။ အမှိုက်အမျိုးအစားအလိုက် ဆွေးမြည့်ပျက်စီးသွားရန် ခန့်မှန်းကြာချိန်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။



ဂါနာနိုင်ငံ Accra ကမ်းခြေမှ စုပုံနေသော ပလတ်စတစ် စွန့်ပစ်အမှိုက်များ ဓာတ်ပုံ - Wikipedia

| အမှိုက်အမျိုးအစား | ဆွေးမြည့်ပျက်စီးရန် ကြာချိန် |
|---|---|
| စက္ကူမျက်နှာသုတ်ပဝါ | ၂-၄ ပတ် |
| ငှက်ပျောသီးခွံ | ၃-၄ ပတ် |
| စက္ကူအိတ် | ၁ လ |
| သတင်းစာ | ၁ လခွဲ |
| ပန်းသီးအူတိုင် | ၂ လ |
| ကတ်ထူစက္ကူ / ဂျပ်စက္ကူ | ၂ လ |
| ချည်သားလက်အိတ် | ၃ လ |
| လိမ္မော်သီးခွံ | ၆ လ |
| သစ်သား | ၁ နှစ် |
| သိုးမွှေးခြေအိတ် | ၁-၅ နှစ် |
| နွားနို့ကတ်စက္ကူသေတ္တာ | ၅ နှစ် |
| စီးကရက်အစီခံ | ၁၀-၁၂ နှစ် |
| သားရေဖိနပ် | ၂၅-၄၀ နှစ် |
| စတီးခွက် | ၅၀ နှစ် |
| ပလတ်စတစ်ခွက် | ၅၀ နှစ် |
| ဖိနပ်အောက်ခံသားရေပြား | ၅၀-၈၀ နှစ် |
| ပလတ်စတစ်ပစ္စည်းများ | ၅၀-၈၀ နှစ် |
| အလူမီနီယမ်ခွက် | ၂၀၀-၅၀၀ နှစ် |
| ပလတ်စတစ်ပုလင်း | ၅၀၀ နှစ် |
| ကလေးအညစ်အကြေးခံ | ၅၅၀ နှစ် |
| ငါးမျှားတံကြိုး | ၆၀၀ နှစ် |
| ပလတ်စတစ်အိတ် | ၂၀၀-၁၀၀၀ နှစ် |

**စွန့်ပစ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု**

ပလတ်စတစ်အမှိုက်များ အပါအဝင် လူသားတို့စွန့်ပစ်သော အမှိုက်များကြောင့် အောက်ပါ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ ဖြစ်စေနိုင်သည်-

(၁) အနံ့ဆိုးများထွက်ခြင်း၊
(၂) ကြွက်၊ ခြင်၊ ယင်များ နေထိုင်ပေါက်ဖွားခြင်း၊ ယင်းတို့မှတစ်ဆင့် ကူးစက်ရောဂါများ ပြန့်ပွားစေခြင်း၊
(၃) မီသိန်းဓာတ်ငွေ့များထွက်ရှိပြီး မီးလောင်စေခြင်း၊
(၄) လေထုညစ်ညမ်းစေခြင်း၊
(၅) ရေဆိုး(Leachate)များ ထွက်ရှိခြင်း၊ ထိုရေများသည် မြေအောက်ရေ အရင်းအမြစ်များနှင့် အနီးအနားရှိ ရေကန်၊ မြစ်၊ ချောင်းများ၊ အဝီစိတွင်းများအတွင်းသို့ စီးဝင်ကာ ရေထုကို ညစ်ညမ်းစေခြင်း၊ အဆိပ်အတောက်များဖြစ်စေခြင်း၊
(၆) အမှိုက်များစုပုံရာမှ မြေဆီလွှာတွင် အက်စစ်ဖြစ်ထွန်းပြီး မြေအရည်အသွေးများ ယုတ်လျော့စေခြင်း။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော အမှိုက်များထွက်ရှိမှုကို လျှော့ချနိုင်ရန်အတွက် ဆောင်ရွက်ကြရမည်ဖြစ်သည်။ စွန့်ပစ်အမှိုက်များ လျှော့ချသည့် နည်းလမ်းများတွင် ထိရောက်သောနည်းလမ်းတစ်ခုမှာ အမှိုက်ခွဲခြားစွန့်ပစ်ခြင်း ဖြစ်သည်။ မိမိတို့အိမ်များမှ ထွက်လာသော အမှိုက်များကို အောက်ပါအတိုင်း အမှိုက်ခြောက်နှင့် အမှိုက်စိုဟု အမျိုးအစား နှစ်မျိုးခွဲခြား၍ စွန့်ပစ်ရန် လိုအပ်ပါသည်။

**အမှိုက်ခြောက်**

ဖန်ပုလင်းများ၊ သံ / သတ္တုဘူးခွံများ၊ ပလတ်စတစ်အမှိုက်မျိုးစုံ၊ စက္ကူ စွန့်ပစ်ပစ္စည်းမျိုးစုံ။

**အမှိုက်စို**

ပန်းအခြောက်များ၊ မီးဖိုချောင်ထွက်အမှိုက်များ(ဟင်းသီးဟင်းရွက်နှင့် အသား)၊ စားကြွင်းစားကျန်များ။

**အမှိုက်များ ခွဲခြားစွန့်ပစ်ခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများကို ရရှိ ခံစားရစေနိုင်ပါသည်။**

(၁) မီးဖိုချောင်ထွက်အမှိုက်များမှ မြေဆွေး / မြေသြဇာပြုလုပ်နိုင်ခြင်း၊
(၂) စွန့်ပစ်အမှိုက်များမှ စွမ်းအင်ထုတ်လုပ်နိုင်ခြင်း၊
(၃) Recycle လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေရရှိနိုင်ခြင်း၊
(၄) အမှိုက်များကို သိမ်းဆည်းရလွယ်ကူခြင်း၊
(၅) အမှိုက်သိမ်းလုပ်သားများ၏ ကျန်းမာရေးကို မထိခိုက်စေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိခံစားရစေနိုင်မည်ဖြစ်သည်။

**5R စနစ်ဖြင့် စွန့်ပစ်အမှိုက်များ လျှော့ချခြင်း**

ပလတ်စတစ်အသုံးပြုမှု အလွန်များလာသော ယနေ့ခေတ်တွင် စွန့်ပစ်အမှိုက်များအနက် ပမာဏအများဆုံး အမှိုက်အမျိုးအစားသည်လည်း ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်များနှင့် ပလတ်စတစ်ပစ္စည်းများမှ ထွက်သောအမှိုက်များ ဖြစ်လာကြသည်။ အလိုအလျောက် ဆွေးမြည့်သွားရန် အလွန်ခဲယဉ်းပြီး သဘာဝ ပတ်ဝန်းကျင်ကို နှစ်ပေါင်းများစွာ ထိခိုက်စေနိုင်သော ပလတ်စတစ်အမှိုက်များကို လျှော့ချနိုင်ရန်အတွက် ပလတ်စတစ်အိတ်များ အသုံးပြုမှုကို စတင်လျှော့ချရမည်ဖြစ်သည်။ ပလတ်စတစ်အသုံးပြုမှုကို လျှော့ချရန်နှင့် စွန့်ပစ်အမှိုက်များကို လျှော့ချရန်အတွက် 5R စနစ်ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များက ဖော်ထုတ်အကြံပြုထားရာ အောက်ပါအတိုင်းဖြစ်သည်။

**Reduce (အမှိုက်ထွက်ရှိမှုနည်းအောင် ပြုလုပ်ခြင်း)**

မလိုအပ်သည့် ပစ္စည်းများကို မဝယ်ပါနှင့်။ ကြာရှည်ခံမည့် ပစ္စည်းများကိုသာ ဝယ်ယူသုံးစွဲပါ။ စာရွက်ကို တစ်ဖက်အစား နှစ်ဖက်သုံးပါ။ တစ်ဖက်လွတ်စက္ကူများကို အကြမ်းရေးစက္ကူအဖြစ် ပြန်သုံးပါ။ ဈေးဝယ်ရာတွင် တစ်ခါသုံး ပလတ်စတစ်အိတ်များအစား ခြင်းတောင်း၊ အဝတ်အိတ်များကိုသာ သုံးပါ။ အကြိမ်များစွာ ပြန်သုံးပါ။ ထမင်း၊ ဟင်းများကို စားနိုင်သလောက်သာ ချက်ပါ။ ကျန်သဖြင့် လွှင့်ပစ်ရမည့်ထမင်း၊ ဟင်းများကို လျှော့ချပါ။

အိမ်များတွင် တစ်သျှူးအစား လက်သုတ်ပဝါကိုသာ သုံးပါ။ တစ်ခါသုံးပန်းကန်၊ ဇွန်း၊ ခရင်း၊ တူများအစား ကြွေပန်းကန်၊ စတီးဇွန်း၊ စတီးတူများကို သုံးစွဲပါ။ စားစရာဝယ်ရာတွင်လည်းကောင်း၊ ဈေးဝယ်သွားရာတွင်လည်းကောင်း ထည့်စရာတစ်ခုခု ယူဆောင်သွားပြီး ပလတ်စတစ်အိတ်သုံးစွဲမှုကို လျှော့ချပါ။

**Reuse (အမှိုက်များကို ပြန်လည်အသုံးပြုခြင်း)**

ဈေးဝယ်ရာတွင် မိမိမှာရှိသော ဈေးဝယ်အိတ်အဟောင်းများကို ပြန်သုံးစွဲပါ။ မိမိ၏ အဝတ်ဟောင်းများကို အလွယ်တကူ မစွန့်ပစ်ဘဲ နွမ်းပါးသူများအား ပေးပါ။ ပြန်သုံးလို့ရသည့် စွန့်ပစ်ပစ္စည်းများကို ပြန်သုံးပါ။ မိမိမသုံးရသေးသော လက်ဆောင်ရသည့် ပစ္စည်းများကို အခြားသူများအား လက်ဆောင်အဖြစ် ပြန်ပေးပါ။

တီဗွီ၊ ကွန်ပျူတာ၊ မော်နီတာ၊ ပန်ကာများနှင့် ရေခဲသေတ္တာများ ပျက်စီးပါက လွယ်လွယ်ကူကူ မစွန့်ပစ်ပါနှင့်။ တတ်နိုင်သလောက် ပြုပြင်သုံးပါ။

**Recycle (အမှိုက်များကို တီထွင်ပြုပြင်သုံးစွဲခြင်း)**

ရောင်း၍ရသော သတင်းစာစက္ကူအဟောင်း၊ စာအုပ်အဟောင်း၊ ပုလင်းများ၊ သံဘူးများကို ရောင်းချပါ။ အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်ခြင်းဖြင့် အမှိုက်မှ တစ်ဆင့် ပြန်လည်တီထွင်အသုံးချနိုင်သည့် အခွင့်အလမ်းများကို မြှင့်တင်ပါ။ စွန့်ပစ်ပလတ်စတစ်များမှ အမှိုက်ပုံးများထုတ်လုပ်ခြင်း၊ မြေသြဇာထုတ်လုပ်ခြင်း၊ အဝတ်ဖြတ်စ၊ ညှပ်စများကို ဆက်ကာ ခေါင်းအုံးစွပ်၊ လိုက်ကာများ ပြုလုပ်ခြင်းတို့ဖြင့် အမှိုက်မဖြစ်အောင် ပြုပြင်သုံးစွဲပါ။ မိမိအသုံးမဝင်သော လက်ဆောင်ရသည့် ပစ္စည်းများကို အခြားသူများအား လက်ဆောင်အဖြစ် ပြန်ပေးပါ။ ပုလင်းခွံ၊ သံဘူး စသည်တို့ကို အခြားကုန်ပစ္စည်းများအဖြစ် ပြောင်းလဲပြုပြင် သုံးစွဲပါ။

**Reject (ငြင်းပယ်ပါ)**

ဈေးဝယ်ရာတွင် ပစ္စည်းများကို ကြွပ်ကြွပ်အိတ် တစ်အိတ်ထဲတွင် စုပေါင်းထည့်ခြင်းမျိုး ပြုလုပ်ပါ။ ကြွပ်ကြွပ်အိတ်အသစ်ဖြင့်ထည့်ရန် မလိုအပ်လျှင် ဆိုင်ကပေးသော်လည်း မယူဘဲ ငြင်းဆန်ပါ။ ကြွပ်ကြွပ်အိတ်နှင့် ပလတ်စတစ်အိတ်များ အသုံးပြုရမည့် ကိစ္စတိုင်းကို တတ်နိုင်သမျှ ငြင်းပယ်ပါ။

**Return (ပြန်ပို့ပါ)**

ဈေးဝယ်စင်တာများမှရရှိသော အိတ်ခွံများကို စုဆောင်းထားပြီး အလိုရှိသောဆိုင်များသို့ ပြန်ပို့ပါ။ ထိုသို့ ပြန်ပို့ပေးသည့် အိတ်ခွံများကို ဆိုင်များက ပြန်လည်အသုံးပြုခြင်းဖြင့် နှစ်ဦးနှစ်ဖက် ကောင်းမွန်သော အကျိုးကျေးဇူးများ ရရှိနိုင်သည်။

သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာမှုများကြောင့် သဘာဝဘေးအမျိုးမျိုးဖြစ်ပွားလျက်ရှိသော ယနေ့ကာလတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော အကြောင်းရင်းများထဲမှ အဓိက အကြောင်းတစ်ခုဖြစ်သည့် စွန့်ပစ်အမှိုက်များကို လျှော့ချထိန်းသိမ်းရေးလုပ်ငန်းတွင် မြန်မာနိုင်ငံသားတိုင်း တစ်တပ်တစ်အား ပါဝင်နိုင်ကြရေးအတွက် အကြံပြု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**"မြေထုအတွင်းသို့ ပလတ်စတစ်အမှိုက်များ ရောက်ရှိပါက မြေဆီလွှာကို ထိခိုက်စေနိုင်ပြီး အပင်များ စိုက်ပျိုးရာတွင်လည်း အထွက်နှုန်းကို လျော့နည်းစေနိုင်သည်။ ပလတ်စတစ်အိတ်များဖြင့် ထုပ်ပိုးထားသည့် အစားအစာများကို စားသုံးခြင်းဖြင့် ယင်းတွင်ပါဝင်သည့် ဒြပ်ပေါင်းများသည် အစားအစာအတွင်းသို့ စိမ့်ဝင်သွားသည့်အတွက် ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ ရေတွင်း၊ ရေကန်၊ ရေမြောင်းများနှင့် ချောင်းများအတွင်းသို့ ရောက်ရှိသွားသော ပလတ်စတစ်များကို ရေနေသတ္တဝါများက စားသုံးမိခြင်းကြောင့် သတ္တဝါများကို သေဆုံးစေနိုင်သည်။ ပလတ်စတစ်အမှိုက်များကို မီးရှို့ဖျက်ဆီးသောအခါတွင်လည်း ပလတ်စတစ်နှင့် ပလတ်စတစ်ပစ္စည်းများ ရောနှောမီးလောင်ရာမှ ဒိုင်အောက်စင်နှင့် အခြား အဆိပ်သင့်စေနိုင်သော ဓာတုပစ္စည်းများ ထွက်ရှိမှုကြောင့် အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများကို ဖြစ်ပွားစေနိုင်သည်"**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
## ၂၀၁၉ခုနှစ် ပထမနှစ်ဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၁၉-၂၀၂၀ပညာသင်နှစ်၊ စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B.Agr.Sc)၊ (၅)နှစ်သင်တန်းအတွက် ၂၀၁၉ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ လျှောက်ထားသူသည်-
- (က) ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ ဘာသာတွဲဖြင့် အောင်မြင်သူ ဖြစ်ရမည်။
- (ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ်(၄၀၀)နှင့်အထက် ရရှိသူဖြစ်ရမည်။
- (ဃ) ကွင်းလက်တွေ့လုပ်ငန်းများတွင် ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင်ပါဝင်လေ့ကျင့် လုပ်ဆောင်ကြရမည်ဖြစ်ပါသဖြင့် ကျန်းမာရေးကောင်းမွန်ကြောင်းနှင့် ကျောင်းအပ်နှံချိန်ကာလအတွင်း(သက်ဆိုင်ရာ တက္ကသိုလ်တွင်ရှိသည့် တိုက်နယ်ဆေးရုံ) စစ်ဆေးခံရမည်။
- (င) တက္ကသိုလ်မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

၃။ (က) အမျိုးသားဦးရေ(၁၅၀)နှင့် အမျိုးသမီးဦးရေ (၁၅၀)စုစုပေါင်း (၃၀၀) ဦးလက်ခံမည်။
- (ခ) နိုင်ငံတော်ကထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် ဒေသများနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ သတ်မှတ်ထားသည့် အမှတ်နှင့်ကိုက်ညီသော လျှောက်ထားသူများကို စုစုပေါင်း လက်ခံဦးရေ၏ ၁၀%အထိရရှိရန် ရွေးချယ်ဆောင်ရွက်ပါမည်။

၄။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာပုံစံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပြီး မိမိအစီအစဉ်ဖြင့် (A4-Size)ကွန်ပျူတာရိုက်၍ လျှောက်ထားနိုင်သလို အောက်ပါ Link များတွင်လည်း Download ဆွဲ၍ ရယူနိုင်ပါသည်။
(www.yau.edu.mm/category/news)
(https://www.facebook.com/Yezin Agricultural University)

၅။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည်။
- (က) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ထောက်ခံချက်(မူရင်း)
- (ခ) အမှတ်စာရင်း(မူရင်း)
- (ဂ) လျှောက်ထားသူနှင့်မိဘနှစ်ပါးတို့၏ နိုင်ငံသားစိစစ်ရေးကတ် (မိတ္တူ)
- (ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံချက်(မူရင်း) (သို့မဟုတ်) သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်(မူရင်း)
- (င) လိုင်စင်ဓာတ်ပုံ (၃)ပုံ

၆။ လျှောက်လွှာကို ကျောင်းသားရေးရာဌာန၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်သို့လိပ်မူ၍ စာတိုက်သေတ္တာအမှတ် ၁၅၀၁၃သို့ ၂၃-၈-၂၀၁၉ ရက်(သောကြာနေ့)နောက်ဆုံးထား၍ ပေးပို့ရမည်။ သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မမှန်မကန်ဖော်ပြ၍ လျှောက်ထားကြောင်းစစ်ဆေး တွေ့ရှိပါက ရွေးချယ်ခြင်းခံရစေကာမူ ပယ်ဖျက်ခြင်း၊ တက္ကသိုလ်မှ ထုတ်ပယ်ခြင်းခံရမည်။

၇။ အကယ်၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့်ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့်စိစစ် ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ အိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။

၈။ အသေးစိတ် သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန-ဖုန်း-၀၆၇-၃၄၁၆၅၁၂ နှင့် ဝန်ထမ်းရေးရာဌာန-ဖုန်း-၀၆၇-၃၄၁၆၅၁၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**
**ပထမနှစ်ဝင်ခွင့်လျှောက်လွှာ**
**(၂၀၁၉ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက်သာ)**

ဓာတ်ပုံ ကပ်ရန်

၁။ အမည်(အပြည့်အစုံ)....... နိုင်ငံသားစိစစ်ရေးကတ်အမှတ် ............
၂။ မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်)..............................
၃။ တက္ကသိုလ်ဝင်စာမေးပွဲခုံအမှတ်.........ခုနှစ်......စာစစ်ဌာန........
၄။ လူမျိုး.............. ကိုးကွယ်သည့်ဘာသာ.........................
၅။ အမြဲတမ်းနေထိုင်သောလိပ်စာ(အပြည့်အစုံ)...........................
..............................................................
၆။ ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ်...............................
၇။ ဖခင်အမည်.......... နိုင်ငံသားစိစစ်ရေးကတ်အမှတ် ...............
အလုပ်အကိုင်..................... ဖုန်းနံပါတ် ..................
မိခင်အမည်............... နိုင်ငံသားစိစစ်ရေးကတ်အမှတ်............
အလုပ်အကိုင်.................... ဖုန်းနံပါတ်...................
၈။ ဝန်ခံချက်
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ။............ ................
ဝင်ခွင့်လျှောက်ထားသူလက်မှတ်
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပါသည်။
ရက်စွဲ။............ ............
မိဘအုပ်ထိန်းသူလက်မှတ်

---

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ကော့ကရိတ်မြို့နယ်၊ ငါးတိုင်ကျေးရွာနေ မောင်ဇော်ဇော်ကြည်(ခ)စောဇော်ဇော်ကြည် ၃/ကကရ(နိုင်)၁၆၀၆၆၅ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

---

### တစ်ဦးတည်း ဖြစ်ပါကြောင်း

ကော့ကရိတ်မြို့နယ်၊ ငါးတိုင်ကျေးရွာနေ ဦးကြာအိ(ခ)ဦးကြာအီမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### မိဘအမည်မှန်

ပေါင်မြို့နယ်၊ အထက(ဇင်းကျိုက်)၊ နဝမတန်းမှ မစန္ဒာမွန်နှင့်အမက (မူလွန်)ဝတ်ကြီး၊ စတုတ္ထတန်းမှ မစုမြတ်သိန်းတို့၏မိဘအမည်မှန်မှာ ဦးတင်ဝင်း၁၀/ကထန(နိုင်) ၀၉၀၅၅၀ နှင့် ဒေါ်အေးအေးမွန် ၁၀/ဘလန(နိုင်)၀၇၈၄၁၂ တို့ဖြစ်ပါကြောင်း။ **ဦးတင်ဝင်း-ဒေါ်အေးအေးမွန်**

### မွေးသက္ကရာဇ်အမှန်

ဦးကြာအီ၏သား ကော့ကရိတ်မြို့နယ်၊ ငါးတိုင်ကျေးရွာနေ စောဇော်ဇော်ကြည် ၃/ ကကရ(နိုင်)၁၆၀၆၆၅ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၁-၁၉၉၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ ပန်းကုန်းကျေးရွာနေ မောင်ဇင်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးစိန်ဘသန်း ၃/ကကရ(နိုင်)၀၇၁၈၆၃ ဖြစ်ပါကြောင်း။ **ဦးစိန်ဘသန်း**

### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ အထက(ခွဲ)ဒုံဝန်း၊ ဆဋ္ဌမတန်း(A)မှ နန်းမေမြတ်နိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်း ၁၀/ဘလန(နိုင်) ၀၆၈၁၉၁ ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

သထုံမြို့နယ်၊ အထက(၂) တက္ကသိုလ်ဝင်တန်း(E)မှ မမိုမိုကို၏ မိခင်အမည်မှန်မှာ ဒေါ်မြင့် ၁၀/သထန(နိုင်)၂၈၀၅၁၁ ဖြစ်ပါကြောင်း။

---

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန
## ရိက္ခာဆန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ ကယားပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ လွိုင်ကော်အကျဉ်းထောင်တွင် အကျဉ်းသား/သူ၊ အချုပ်သား/သူများအား ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်(အောက်တိုဘာလမှ စက်တင်ဘာလအထိ) ကျွေးမွေးရန်လိုအပ်သည့် ငစိန်(သို့မဟုတ်)ဧည့်မထ(၂၅%) ရိက္ခာဆန် ၃၁၇၀ အိတ်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားတိုင်း ရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် မိမိတင်သွင်းသည့် ဈေးနှုန်းနှင့် ပေးသွင်းရမည့် ရိက္ခာဆန်အိတ် တန်ဖိုးကျသင့်ငွေ၏(၁%)ကို တင်ဒါအာမခံစပေါ်ငွေအဖြစ် Payment Order Cheque (PO Cheque)ပြုလုပ်ပေးသွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး တင်ဒါပေးသွင်းရမည့် အသေးစိတ်အချက်အလက်များအား အကျဉ်းဦးစီးဌာန၊ ကယား ပြည်နယ်ဦးစီးမှူးရုံး၊ ဖုန်း-၀၈၃-၂၂၂၄၀၇၁ နှင့် အကျဉ်းဦးစီးဌာန၊ လွိုင်ကော်အကျဉ်းထောင်၊ ဖုန်း-၀၈၃-၂၂၂၁၀၀၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၈-၇-၂၀၁၉ရက် နံနက် ၉နာရီ |
| တင်ဒါပုံစံအရောင်းပိတ်ရက် | - | ၇-၈-၂၀၁၉ရက် ညနေ ၄း၃၀နာရီ |
| တင်ဒါဖွင့်ဖောက်မည့်ရက် | - | ၈-၈-၂၀၁၉ရက် နံနက် ၉နာရီ |

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**အကျဉ်းဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
## အိတ်ပိတ်လေလံခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ပြည်တော်သစ်အိမ်ရာရှိ (၆)ခန်းတွဲ(၄)ထပ်၊ တိုက်အမှတ်(၂) (၃) (၄) (၅) (၆) အဆောက်အအုံဟောင်း(၅)လုံးအား ဖြိုဖျက်ရှင်းလင်းနိုင်ရေးအတွက် လေလံတင်ခေါ် ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများအနေဖြင့် အိတ်ပိတ်လေလံတင်သွင်း နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) လေလံလျှောက်လွှာ ရောင်းချမည့်ရက် | - | ၅-၇-၂၀၁၉ရက်မှ ၁၈-၇-၂၀၁၉ရက်အထိ (ရုံးချိန်အတွင်း) |
| (ခ) လေလံလျှောက်လွှာ တင်သွင်းရမည့်နေရာ | - | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံးအမှတ်(၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ် |
| (ဂ) လေလံလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက် | - | ၂၃-၇-၂၀၁၉ရက်(ရုံးချိန်အတွင်း) |

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၃၇၅၀၃၇၊ ၀၁-၃၈၇၂၆၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အဆောက်အအုံဟောင်းဖျက်သိမ်းရှင်းလင်းရေးကော်မတီ**



ကလေးနာမည်ပေး ဆရာကြီး
# ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးကောင်းမွန်းတပ်အိမ်ရောင်းထွက်ဖို့ထီပေါက်မပေါက်
01-399426,01-394727,09-73009994,09-5152521
လူကြီးလိုရာမေးကိုယ်ဝန်ဆောင်ရက်ရွေး တိုက်အမှတ်(၉)ဒုထပ်၊၈၇လမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့

## ရောင်းမည်

ဒဂုံအရှေ့မြို့နယ် ဦးဖိုးလှိုင်လမ်းနှင့်
ကျန်စစ်သားလမ်းမကြီးထောင့်နှင့် ၃ ကွက်ခြား ၁၀၈ရပ်ကွက်
အလျား ပေ ၆၀ အနံ ပေ ၄၀ စီးပွားရေးလုပ်ရန်ကောင်း သိန်း၅၀၀
ဖုန်း-၀၉-၂၅၄၃၅၁၇၃၇

### ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ရသားအုပ်စု၊ အင်္ကျီလက်ကျေးရွာနေ မမီမီထွန်း(ခ)မျိုးမျိုးဆွေ၏ ဖခင်အမည်မှန်မှာ ဦးသောင်းညွန့် ၅/ကဘလ(နိုင်)၀၂၄၀၇၅ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မုံရွာမြို့ SEC ကိုယ်ပိုင်အထက်တန်းကျောင်း ဆဋ္ဌမတန်းမှ မောင်ပြည့်ဝေလျှံ၏ဖခင်အမည်မှန်မှာ ဦးဇာနီမင်း ၉/မလန(နိုင်)၁၁၈၅၂၁ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ရေစကြိုမြို့နယ်၊ သမန္တပို့ကျေးရွာ အမှတ်(၈)မူလွန် ပဥ္စမတန်းမှ မောင်ခန့်ဝေကျော်၏ဖခင်အမည်မှန်မှာ ဦးဝင်းဇော်မိုး ၈/ရစက(နိုင်) ၁၄၈၀၀၃ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကျောက်တန်းမြို့နယ်၊ ကျုံကန်အထက(ခွဲ) အဋ္ဌမတန်းမှ မောင်ဇော်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော်ဦး ၁၂/သခန(နိုင်)၀၅၃၁၂၃ ဖြစ်ပါကြောင်း။ **ဦးဝင်းဇော်ဦး**

### ဖခင်အမည်မှန်

ရေစကြိုမြို့၊အထက(၁)တက္ကသိုလ်ဝင်တန်း(D)မှ မောင်အောင်ဇင်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးမင်းထွန်း ၈/ရစက(နိုင်)၁၄၇၆၅၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကျောက်တန်းမြို့နယ်၊ အထက(ခနောင်)နဝမတန်းမှ မောင်ရန်လင်းဝေ၏ဖခင်အမည်မှန်မှာ ဦးခင်မောင်ထွေး ၁၂/ကတန(နိုင်)၁၀၃၂၅၆ ဖြစ်ပါကြောင်း။ **ဦးခင်မောင်ထွေး**

### ဖခင်အမည်မှန်

အရာတော်မြို့နယ်၊ ဝါးရောင်းအုပ်စု၊ ဝါးရောင်းကျေးရွာ အထက(ခွဲ) နဝမတန်းမှ မောင်ကျော်မိုးမင်း၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဆန်း ၅/အရတ(နိုင်)၀၃၈၈၄၄ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက(ဇင်းကျိုက်) တက္ကသိုလ်ဝင်တန်းမှ မပွင့်ဖူးအောင်၏ ဖခင်အမည်မှန်မှာ ဦးမင်းအောင်ထွန်း ၁၀/ပမန(နိုင်) ၁၄၅၉၃၅ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

အရာတော်မြို့နယ်၊ ဝါးရောင်းအုပ်စု၊ ဝါးရောင်းကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မဖြူဖြူငြိမ်း၏ဖခင်အမည်မှန်မှာ ဦးချိုဦး ၅/အရတ(နိုင်)၁၃၁၃၉၃ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက(မရမ်းကုန်း) နဝမတန်းမှ နော်စိုးဖော၏ ဖခင်အမည်မှန်မှာ ဦးစောတာလား ၁၀/သထန(နိုင်) ၁၈၉၆၁၇ ဖြစ်ပါကြောင်း။

---

## ပညာရေးဝန်ကြီးဌာန
## ပုသိမ်တက္ကသိုလ်
## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
## သင်တန်းသားများခေါ်ယူခြင်း

၁။ ပုသိမ်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ အောက်ဖော်ပြပါ သင်တန်းများ ကိုဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

(က) Diploma in Aquaculture (Dip.Aqua)
- အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ အဏ္ဏဝါသိပ္ပံနှင့် သတ္တဗေဒ အထူးပြုဖြင့်သိပ္ပံဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- သင်တန်းကာလ(၉)လ (၅-၈-၂၀၁၉)ရက်မှ (၅-၄-၂၀၂၀) ရက်ထိ
- လျှောက်လွှာထုတ်ပေးမည့်ရက်နှင့်လျှောက်လွှာ စတင်လက်ခံမည့်ရက် (၈-၇-၂၀၁၉) ရက်မှ (၃၁-၇-၂၀၁၉)ရက်ထိ
**ဦးပြည်စိုးသန့်** ဖုန်း-၀၉-၂၅၀၄၄၅၉၁၉

**ဦးကျော်ဇောဝေ** ဖုန်း-၀၉-၄၃၀၉၀၄၆၂







**ပျောက်ဆုံးကြောင်း**
ကျွန်မ နန်းချယ် ၁၃/ဟပန(နိုင်)၁၁၂၁၅၇ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၄၃၇၄၅၈၆**

**အမည်ပြောင်း**
ပင်လောင်းမြို့နယ်၊ ဘုရားဖြူကျေးရွာအုပ်စု၊ ကြက်သွန်ကုန်းကျေးရွာနေ ဦးပြုံးထူ၏သား အလက (မီးသွေးချောင်း)၊ ပ္ဆမတန်းမှ စိုင်းမင်းသန့်အောင်အား စိုင်းနော်ခမ်းဟု ပြောင်းလဲခေါ်ပါရန်။

### ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်နိုင် ၁၃/ရစန(နိုင်) ၁၀၃၉၃၇ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၄၃၇၄၅၈၆**

### မွေးသက္ကရာဇ်အမှန်
တောင်ကြီးတက္ကသိုလ် ပထမနှစ် ဥပဒေပညာသင်ကြားနေသော ဦးကျုံး၏သမီး မခင်ကြူ၏ မွေးသက္ကရာဇ် အမှန်မှာ ၂၈-၆-၂၀၀၀ ဖြစ်ပါကြောင်း။

### အမည်ပြောင်း
ဦးစိုင်းနိုင်ထွေး-ဒေါ်ကြည်ကြည်ခိုင်တို့၏သား အထက(ဗထူး)၊ ပ္ဆတန်း(ခ)မှ မောင်ကောင်းခန့်နိုင်အား မောင်ကောင်းမြတ်မင်းဟု ပြောင်းလဲခေါ်ပါရန်။

### အမည်ပြောင်း
ရပ်စောက်မြို့နယ်၊ အမက(၁၁)မိုင်၊ တတိယတန်းမှ မောင်စွမ်းပြည့်ညီအား မောင်စည်သူမင်းဇင်ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်စည်သူမင်းဇင်**

### ပျောက်ဆုံးကြောင်း
ကျွန်တော် ခွန်ထွန်းနီ ၁၃/ဆဆန(နိုင်) ၀၉၃၀၀၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၈၄၈၈၆၃၃**

### မွေးသက္ကရာဇ်အမှန်
ပင်းတယမြို့ ဆူးဗိုလ်ကုန်းရပ်ကွက်နေ ဦးမြင့်လွင်ဦး၏သမီး မသဥ္ဇာမြင့်လွင် ၁၃/ပတယ(နိုင်) ၀၆၃၆၉၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၄-၂၀၀၁ ဖြစ်ပါကြောင်း။

### အမည်ပြောင်း
ရပ်စောက်မြို့နယ်၊ အမက (၁၊ မူလွန်)၊ ပထမတန်းမှ မအိမ့်ဖူးဖူးအောင်အား မသင်းသင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။
**မသင်းသင်းအောင်**

### အမည်မှန်
တောင်ကြီးမြို့၊ အထက (၅)၊ နဝမတန်း(က)မှ မစန္ဒာအေး၏ အမည်မှန်မှာ နန်းစန္ဒာအေး ဖြစ်ပါကြောင်း။
**နန်းစန္ဒာအေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT)
## ပထမနှစ်သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ဘွဲ့ကြိုသင်တန်းများကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းကာလမှာ (၅)နှစ်ဖြစ်ပြီး အောက်ဖော်ပြပါ အဓိကဘာသာရပ်(၂)ခုကို သင်ကြားပေးမည်။ B.E(Hons) ဘွဲ့ကို အပ်နှင်းမည်ဖြစ်ပြီး ဘာသာရပ်တစ်ခုလျှင် စုစုပေါင်း ကျောင်းသားကျောင်းသူဦးရေ (၆၀)ဦးစီး လက်ခံသင်ကြားပေးသွားမည်ဖြစ်သည်-
- (က) Computer Science and Engineering (CSE)
- (ခ) Electronics and Communications Engineering (ECE)

၃။ သင်တန်းတက်ရောက်မည့်သူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-
- (က) မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနအားလုံးမှ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ဖော်ပြပါဘာသာတွဲများဖြင့် အောင်မြင်သူများ လျှောက်ထားနိုင်ပါသည်-
  - (၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ
  - (၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ
  - (၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ
  - (၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ
  - (၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဇီဝဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ
- (ခ) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။ လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။ မိမိကိုင်ဆောင်သော နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(နိုင်)(ပြု)(ဧည့်)ကို အပြည့်အစုံဖော်ပြ၍ မိတ္တူများကိုလည်း ပူးတွဲတင်ပြရမည်။
- (ဂ) နိုင်ငံခြားသား ဧည့်ပါမောက္ခများ ပါဝင်သင်ကြားမည်ဖြစ်သဖြင့် လျှောက်ထားသူများသည် အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချမှုအား နားလည်နိုင်သော အရည်အချင်းရှိရမည်။

၄။ အထက်အပိုဒ်(၃)ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် တိုက်ရိုက်လျှောက်ထားရမည်။

၅။ ဝင်ခွင့်လျှောက်လွှာများကို ၈-၇-၂၀၁၉ ရက်မှစ၍ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ကျောင်းသားရေးရာဌာနတွင် စတင်ထုတ်ယူနိုင်ပြီး ၁၆-၈-၂၀၁၉ ရက် နောက်ဆုံးထား၍ တိုက်ရိုက်လျှောက်ထားရမည်။ လျှောက်လွှာများကို အစိုးရရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ လျှောက်ထားရမည်ဖြစ်ပါသည်။

၆။ လျှောက်ထားသူများသည် အောက်ဖော်ပြပါအချက်အလက်များကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့မှသာ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လက်ခံစဉ်းစားပေးမည်ဖြစ်ပါသည်-
- (က) ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ် (မူရင်း/မိတ္တူ)
- (ခ) ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သည့် အမှတ်စာရင်း (မူရင်း/မိတ္တူ)
- (ဂ) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း/မိတ္တူ)
- (ဃ) (၆)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၄)ပုံ
- (င) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းမှ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ

၇။ သတ်မှတ်ချက်များနှင့်ကိုက်ညီပြီး လျှောက်လွှာနှင့်အတူ တင်ပြရမည့်အချက်အလက်ပြည့်စုံသည့် လျှောက်ထားသူများသည် ၇-၉-၂၀၁၉ ရက်နှင့် ၈-၉-၂၀၁၉ ရက်များတွင် မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်စာစစ်ဌာန၌ အရည်အချင်းစစ်ဝင်ခွင့်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြရမည်ဖြစ်ပါမည်။

၈။ တက္ကသိုလ်ဝင်ခွင့်အတွက် ဝင်ခွင့်စာမေးပွဲရမှတ်နှင့် တက္ကသိုလ်ဝင်တန်းရမှတ်ကို ပူးတွဲစဉ်းစားမည်ဖြစ်ပြီး အောင်မြင်သူများကိုသာ လက်ခံသင်ကြားပေးမည်ဖြစ်ပါသည်။

၉။ အရည်အချင်းစစ်ဝင်ခွင့်စာမေးပွဲသည် ၂ နာရီမွေးခွန်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအဆင့် သင်္ချာ၊ အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ရူပဗေဒဘာသာရပ်ဆိုင်ရာ မေးခွန်းများဖြေဆိုရမည်ဖြစ်ပါသည်။

၁၀။ ဖြေဆိုရမည့်ခုံအမှတ်များကို မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ကြော်ငြာသင်ပုန်းများနှင့် www.miit.edu.mm ၌ ကြော်ငြာ၍ ဖြေဆိုခွင့်ကတ်ပြားထုတ်ပေးမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားမပါရှိပါက စာမေးပွဲဝင်ရောက်ဖြေဆိုခွင့် လုံးဝ(လုံးဝ) ခွင့်ပြုမည်မဟုတ်ပါ။

၁၁။ အသေးစိတ်အချက်အလက်များကို www.miit.edu.mmတွင်လည်းကောင်း၊ ဖုန်း-၀၉-၇၈၅၅၅၇၇၀၆ နှင့် ၀၉-၇၈၅၅၅၇၇၀၉ တို့သို့လည်းကောင်း တိုက်ရိုက်ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဌာနမှူး (သင်တန်း)**
**မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်**
**(၇၃)လမ်းနှင့် ၄ရွှေဝါလမ်းထောင့်**
**မန္တလေး**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၀၄/မမ/CE | နေပြည်တော်ဘူတာတည်ဆောက်ရေးစီမံကိန်း၊ ရေဝင်လမ်းကြောင်းအမှတ်(၄)မော်တော်ယာဉ်ရုံအား ရေထွက်ပေါက်တံတား (4' Flat Top) (၂)လုံး တည်ဆောက်ခြင်းလုပ်ငန်းနှင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း |
| ၂ | ၂၀၅/မမ/CE | အင်ဂျင်နီယာမှူး(တံတား)မလွှကုန်း၊ အင်ဂျင်နီယာမှူး(တံတားဆောင်)အလုပ်ရုံ/မလွှကုန်းတွင် 40'-0" Span Steel Girder (Deck Type) (2)Nos ထုတ်လုပ်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့် နေ့/အချိန် - (၂၂.၇.၂၀၁၉) (တနင်္လာနေ့)၊ (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၅.၇.၂၀၁၉)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 7K/7309 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/3808 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**


SEVEN စံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"။
09 - 33 333 511
09 - 33 333 514
09 - 33 333 644


## ဓမ္မသုခမဟာစည်သာသနာ့ရိပ်သာ ဝါတွင်းလစဉ် (၇)ရက် တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ရွှေကြက်ယက်ကျောင်းတိုက်ဝင်း၊ ဓမ္မသုခမဟာစည်သာသနာ့ရိပ်သာ၌ ဒေါက်တာကိတ္တိသာရ (ချောင်းဦးဆရာတော်) မှ နှစ်စဉ်ကျင်းပသော ဝါတွင်းကာလတရားစခန်းပွဲများကို ၇-လ၊ ၈-လ၊ ၉-လ၊ ၁၀လတို့တွင် လစဉ် ၁၁ရက်မှ ၁၇ရက်ထိ ကျင်းပမည်ဖြစ်ပါ၍ တရားအားထုတ်လိုသူများ ဖုန်း-၀၉-၇၈၀၀၀၃၄၅၆၊ ၀၉-၇၉၅၀၀၅၃၆၆၊ ၀၉-၅၀၀၅၀၅၉ တို့သို့ စာရင်းပေးနိုင်ပြီး လစဉ် ၁၀ ရက် ညနေအရောက် လာရပါမည်။ စနေ-တနင်္ဂနွေ အားလပ်သူများ စခန်းပွဲကာလတွင်း သောကြာလာ တနင်္ဂနွေပြန် အားထုတ်နိုင်ပါသည်။ အသက်ရွယ်ကြီးသူများ ဦးစားပေးလက်ခံပါမည်။ ကျန်းမာရေးကောင်းမွန်ရပါမည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမတက္ကသိုလ်/ကောလိပ်များနှင့် ယွန်းပညာကောလိပ် ပထမနှစ်ကျောင်းသားများခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် သမဝါယမတက္ကသိုလ်/ကောလိပ်များနှင့် ယွန်းပညာကောလိပ်တွင် အောက်ပါသင်တန်းများ ဖွင့်လှစ်မည်-

(က) သမဝါယမတက္ကသိုလ် (သန်လျင်၊ စစ်ကိုင်း)တို့မှ ပေးအပ်မည့်ဘွဲ့များမှာ-
- (၁) B.BSc (Regional Development)
- (၂) B.BSc (Accounting and Finance)
- (၃) B.BSc (Applied Statistics)
- (၄) B.BSc (Marketing Management)
- (၅) B.BSc (Social Enterprise Management)

(ခ) သမဝါယမကောလိပ် (ဖောင်ကြီး၊ မန္တလေး)တို့မှ ပေးအပ်မည့်ဒီပလိုမာများမှာ-
- (၁) Diploma in Social Enterprise Management (Dip. S.E.M)
- (၂) Diploma in Business Management (Dip. B.M)
- (၃) Diploma in Banking, Finance and Insurance (Dip. B.F.I)
- (၄) Diploma in Regional Development (Dip. R.D)
- (၅) Diploma in Financial Management (Dip. F.M)
- (၆) Diploma in Business Accounting (Dip. B.Acct)
- (၇) Diploma in Marketing Management (Dip. M.M)
- (၈) Diploma in Applied Statistics (Dip.A.S)

(ဂ) ယွန်းပညာကောလိပ် (ပုဂံ)
Diploma in Lacquerware Technology (Dip. L.T)

၂။ ဘွဲ့အတွက် သင်တန်းကာလမှာ (၄)နှစ်စီဖြစ်ပြီး ဒီပလိုမာများအတွက် သင်တန်းကာလမှာ (၂)နှစ်စီ ဖြစ်ပါသည်။

၃။ အဆိုပါသင်တန်းများသို့ လျှောက်ထားသူများသည် ၂၀၁၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်သူ (မည်သည့်ဘာသာတွဲဖြင့်မဆို)ဖြစ်ပြီး ကျောင်းအလိုက် သတ်မှတ်ထားသည့် အောက်ပါတက္ကသိုလ်ဝင်စာမေးပွဲရမှတ်များနှင့် ကိုက်ညီပါက လျှောက်ထားနိုင်ပါသည်-

(က) သမဝါယမတက္ကသိုလ်(သန်လျင်၊ စစ်ကိုင်း)သို့ လျှောက်ထားသူများသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် ၃၈၅ မှတ်နှင့်အထက် ရရှိသူဖြစ်ရမည်။

(ခ) သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး)သို့ လျှောက်ထားသူများသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် ၃၅၀မှတ်နှင့်အထက် ရရှိသူဖြစ်ရမည်။

(ဂ) ယွန်းပညာကောလိပ်(ပုဂံ)သို့ လျှောက်ထားသူများသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် မည်သည့်ရမှတ်ရရှိသူများမဆို လျှောက်ထားနိုင်သည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ(သို့မဟုတ်) အောင်ကြောင်းထောက်ခံစာမူရင်း

(ခ) အမှတ်စာရင်းမူရင်း

၅။ လျှောက်လွှာနှင့်လမ်းညွှန်များကို သမဝါယမဦးစီးဌာန(ညွှန်ကြားရေးမှူးချုပ်ရုံး)၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ညွှန်ကြားရေးမှူးချုပ်ရုံး)၊ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်သမဝါယမဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနများ၊ သမဝါယမတက္ကသိုလ်/ကောလိပ်များနှင့် ယွန်းပညာကောလိပ်တို့တွင် ဝယ်ယူလျှောက်ထားနိုင်ပြီး လျှောက်လွှာပိတ်ရက်မှာ ၃၀-၈-၂၀၁၉ ရက်နေ့ဖြစ်ပါသည်။ အသေးစိတ်သိလိုသော အချက်အလက်များကို ဖုန်း-၀၆၇-၄၁၀၃၄၃၊ ၀၆၇-၄၁၀၂၇၃၊ ၀၅၆-၂၃၂၅၆၊ ၀၇၂-၂၃၀၁၅၊ ၀၂-၅၇၁၉၆၊ ၀၁-၆၂၆၀၇၄၊ ၀၆၁-၆၀၂၆၇ များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရဲဝတ်ပစ္စည်း(၁၇)မျိုးကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်မှာ ၆-၇-၂၀၁၉ရက်မှ ၇-၈-၂၀၁၉ ရက်အထိ ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်မှာ ၈-၈-၂၀၁၉ရက် ၁၀:၀၀နာရီ ဖြစ်ပါသည်။
၄။ တင်ဒါပုံစံများ တစ်စောင်လျှင် ၁၀၀၀၀/ကျပ်(တစ်သောင်းကျပ်)နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲလေ့ကျင့်ရေးဌာနကြီး၊ နေပြည်တော်၊ ရုံးအမှတ် (၈) တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၁၂၁၄၈၊ ၀၆၇-၃၄၁၂၆၀၄သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ဘွိုင်လာစစ်ဆေးရေး) ကြော်ငြာစာ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ဘွိုင်လာစစ်ဆေးရေး)မှ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများသင်တန်း ၂/၂၀၁၉ ကို ၂၂-၇-၂၀၁၉ရက်မှ ၁၆-၈-၂၀၁၉ရက်ထိ နေပြည်တော်ရှိ ရုံးအမှတ် ၄၁၊ သင်တန်းခန်းမတွင် ဖွင့်လှစ်ပို့ချသွားပါမည်။ ၎င်းသင်တန်းကို တက်ရောက်လိုသူပြင်ပသင်တန်းသားများသည် အနိမ့်ဆုံးအခြေခံပညာအလယ်တန်းအောင်မြင်ရန်လိုအပ်ပြီး အောက်ဖော်ပြပါလိပ်စာသို့ ၁၈-၇-၂၀၁၉ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်း လျှောက်ထားနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဆက်သွယ်ရန်ဌာန-ဘွိုင်လာစစ်ဆေးရေးဌာန၊ ရုံးအမှတ် ၁၄၊ နေပြည်တော်၊**
**ဖုန်း-၀၉-၄၂၁၀၆၀၃၀၀၊ ၀၉-၄၄၆၁၈၉၆၅၊ ၀၆၇၃ ၄၀၉၆၅၁**


ဗုဒ္ဓမ္မသံဃ San brotherhood
Air-Con, ရေခဲသေတ္တာ၊အဝတ်လျှော်စက်များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။
မိုးရာသီ အိမ်အရောက်ပို့ အထူးဈေးနှုန်း
အဝတ်လျှော်စက် 220,000 Ks 150,000 Ks (Secondhand)
အဝတ်လျှော်စက် 160,000 Ks
အဝတ်ခြောက်စက် 240,000 Ks (6 kg) 260,000 Ks (7 kg)
ရေခဲသေတ္တာ 135,000 Ks (Secondhand)
1HP 340,000 Ks တပ်ဆင်ပြီးဈေးနှုန်း (၃ နှစ်အာမခံ)
"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
ဇဝန (သဃ်န်းကျွန်း) 09-5148138, 09-424222217
သမိုင်း(မရမ်းကုန်း) 01-709373, 09-73116475
နဝဒေး (လှိုင်သာယာ) 01-704467, 09-73217035
FMI City (လှိုင်သာယာ) 01-3681854, 09-5084831
နိဗ္ဗာန်လမ်း (ကြည့်မြင်တိုင်) 01-703684, 09-43130068
ဒညင်းကုန်း (ရွှေပြည်သာ) 09-5012419, 09-73126244
သုဓမ္မာလမ်း (မ/ဥက္ကလာ) 09-5190383, 09-73251535
ရွှေဂုံတိုင်မီးပွိုင့် (ဗဟန်း) 09-43083868, 01-703241
ကျောက်မြောင်း (တာမွေ) 09-73004800, 09-73066836
ဆင်မင်းဈေးအနီး (အလုံ) 01-704101, 09-5002738
Capital အနီး (ဒေါပုံ) 09-5053114, 01-708842
ဘုရင့်နောင်လမ်းမ (လှိုင်) 09-5024365, 09-424222218
တောင်မြောက်လမ်းဆုံ (တ/ဒဂုံ) 09-5187139, 09-451238329


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2B/9203 Toyota Townace BU67 L/T (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးလှမောင် ၉/ပသက(နိုင်)၀၅၀၇၉၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့၊ တမူးမြို့နယ်၊ မြို့မရပ်ကွက်၊ အကွက်အမှတ်[၂-(ဂ)ကံကြီး၀]၊ ဦးပိုင်အမှတ် (A-6)၊ ဧရိယာ ၀ဒသမ၁၁၀၈ကေ အကျယ်အဝန်းရှိ ဦးတင်စိန်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံ (ရေ+မီး)အစုံဆက်လက်သုံးစွဲခွင့် အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူဦးတင်စိန်(ဘ)ဦးဘိုးအုံ KLA-၀၃၀၃၉၄၊ ၅/ကလဝ(နိုင်)၀၀၅၅၉၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေများကို အပြေအကျေပေးချေ၍ ဝယ်ယူကာ လက်ရှိလက်ရောက်ပိုင်ဆိုင်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိမွန်ကျော်** LL.B
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၉၈/၂၀၁၃)**
**အကွက် ၂၀၄၊ ရန်ကင်းအောင်ရပ်ကွက်၊ ပုသိမ်ကြီးမြို့၊ ဖုန်း-၀၉-၄၃၀၉၉၃၀၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၈-၇-၂၀၁၉ရက် ၁၀:၀၀နာရီ

(ခ) **တင်ဒါလျှောက်လွှာရောင်းချ/ တင်သွင်းရမည့်နေရာ** - တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ထားဝယ်မြို့

(ဂ) **တင်ဒါပိတ်ရက်နှင့်အချိန်** - ၈-၈-၂၀၁၉ရက် ၁၆:၀၀နာရီ

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၀၂၂၅၉၁၊ ၀၅၉-၂၀၂၃၄၉၅ တို့သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**


မြေကွက်များဈေးကောင်းပေး
ဝယ်လိုသည်
ဒဂုံမြို့သစ်(အရှေ့၊ တောင်၊ မြောက်၊ ဆိပ်ကမ်း)တို့တွင်
မြေကွက်များဝယ်လိုသည်။
ပွဲခပေးရန်မလို
01-2339310
မညွှန့် 01-2339355
01-578044
01-570721

ပွဲတော်အုပ် ဆန်ဆိုင်
အရောက်ပို့
:01512443, 0973017656, 095055574


## ဖခင်အမည်မှန်

အထက(၁) ဘားအံမြို့ နဝမတန်း (G)မှ နန်းနှင်းလွင်လွင်ဇော်၏ ဖခင်အမည်မှန်မှာ ဦးစောရွှေခင် ဖြစ်ပါကြောင်း။

**ဦးစောရွှေခင်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**နတ်မောက်မြို့နယ်တရားရုံးတော်**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၄၁**

ဦးသိန်းသန်းငွေ **တရားလို** နှင့် ဒေါ်နန်းဝါဝါဝင်းအေး **တရားပြိုင်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် အပိုင်း (၂)နေ ဒေါ်နန်းဝါဝါဝင်းအေး (ဘ)ဦးအေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသိန်းသန်းငွေက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ရက် (၁၃၈၁ ခုနှစ် ဝါဆိုလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုတင်ပြလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် ဇူလိုင် ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုလှဖြူ)**
**ဒုတိယမြို့နယ်တရားသူကြီး**
**နတ်မောက်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**မုံရွာခရိုင်တရားရုံးတော်**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၃၄**

ဒေါ်အေးသီ **တရားလို** နှင့် ၁။ ဦးသန့်ဇင် ၂။ ဦးကျော်အေး **တရားပြိုင်များ**

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ (၉)လမ်းနေ ဦးသန့်ဇင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးသီက အချင်းဖြစ်ဝင်းမြေအတွင်း ကျူးကျော်ဝင်ရောက် ဆောက်လုပ်ထားသည့် အဆောက်အအုံနှင့်ကာရံထားသည့် အုတ်တိုင်သံဆန်ကာများကို ဖျက်သိမ်းဖယ်ရှားကာ ဝင်းမြေအား လက်ရောက်ပေးအပ်စေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၅ရက် (၁၃၈၁ခုနှစ် ဝါဆိုလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် ဇူလိုင် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချိုချိုနှင်း)**
**ဒုတိယခရိုင်တရားသူကြီး**
**မုံရွာခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/2552 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/7498 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကျေးဇူးအထူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးရဲမြင့်** စာရေးဆရာရဲမြင့်(သစ်တော)

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သစ်တောဦးစီးဌာန

အသက်(၈၈)နှစ်

၂၉-၆-၂၀၁၉ရက်(စနေနေ့)တွင် ကွယ်လွန်သွားခဲ့သော ဖခင်ကြီးဦးရဲမြင့်၏ဘဝကူးပြောင်းရာတွင် ကူညီဆောင်ရွက်ပေးပါသော သုမင်္ဂလာရာမလယ်တီ ဝိပဿနာကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော်ကြီးအား လည်းကောင်း၊ ဖခင်ကြီး ကျန်းမာရေးအားအစဉ်တစိုက်စေတနာဖြင့် ကုသပေးခဲ့သောသမားတော်ကြီး ဒေါက်တာ ဦးစန်းလွင်နှင့် SSC ဆေးရုံ ICU မှ တာဝန်ကျ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများအားလည်းကောင်း၊ ဈာပနကိစ္စအဝဝအတွက် လိုလေသေးမရှိအောင် အဘက်ဘက်မှပိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် မြန်မာနိုင်ငံသစ်တောအသင်းတို့မှအကြီးအကဲများ၊ အငြိမ်းစားအကြီးအကဲများ/ဝန်ထမ်းများ၊ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ အပူပိုင်းစိမ်းလန်းစိုပြေရေးဦးစီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန(ကုန်သွယ်/လယ်ယာ)၊ ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ မြန်မာနိုင်ငံသား များဘဏ်၊ MITS နှင့် ဌာနဆိုင်ရာအသီးသီးမှ အရာထမ်း၊ အမှုထမ်းများနှင့်အငြိမ်းစားများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းအသီးသီးမှတာဝန်ရှိသူများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ သတင်းစာများနှင့် Social Media များတွင် ဖော်ပြ၍သော်လည်းကောင်း၊ လွမ်းသူ့ပန်းခွေ ပန်းခြင်းပေးပို့၍သော်လည်းကောင်း၊ ဝမ်းနည်းကြောင်းအသိပေးပြောကြားသတင်းမေးကြသူအကြီးအကဲများ/ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံး ကိုအထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ရင်မေ အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ တော်ဝင်လမ်း၊ သီရိရိပ်သာ၊ တာဝါ(၂)၊ အခန်းအမှတ်(2A) နေ (ဦးမောင်ပု-ဒေါ်ခင်လှ)တို့၏သမီး၊ (ဦးမောင်ကလေး-ဒေါ်အေးလှိုင်)တို့၏သမီးချွေးမ၊ [ဗိုလ်မှူးတင်ဦးကြိုင်(ရေ-ငြိမ်း)]၏ဇနီး၊ ဦးသန်းထွန်းအောင်၏ညီမ၊ ဦးသိန်းလွင်-ဒေါ်နွယ်နွယ်ဦး၊ ဦးစိုးနိုင်-ဒေါ်လွင်လွင်ဦး၊ ဦးတင်ဦးလင်းတို့၏မိခင်၊ ဦးကျော်စွာသိန်းလွင်-ဒေါ်မိုးပွင့်ဖြူ၊ ဒေါ်မေသိန်းနွယ်လွင်၊ ဒေါ်နေနွယ်သိန်းလွင်၊ ဦးစန်းလင်းအောင်-ဒေါ်ဖြိုးစိုးနိုင်၊ ဦးဖွဲ့နေဝင်း-ဒေါ်ပြည့်စိုးနိုင်၊ ဒေါ်မေစိုးနိုင်၊ မလင်းလပြည့်ဦးတို့၏အဘွား၊ မောင်လွင်ဖုန်းအံ့၏အဘွားသည် ၄-၇-၂၀၁၉ရက် နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၉ရက် ညနေ (၃)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၁၉ရက် နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဦးသောင်းကျော်ဦး

အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ် ၄၁၃နေ ဗိုလ်မှူးကြီးခင်မောင်မြင့် (ရေ-ငြိမ်း)-(ဒေါ်ကြင်ဟုန်)တို့၏သားကြီး၊(ဦးဖိုးကောင်း)-ဒေါ်ကောင်းစိန်တို့၏သားသမက်၊ ဒေါ်လွင်မာဦး၏ခင်ပွန်း၊ မောင်အာကာဖြိုးကျော်၊ မနွေးအိန္ဒြေကျော်၊ မောင်ဥက္ကာဖြိုးကျော်တို့၏ဖခင်သည် ၄-၇-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင်တွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဒေါ်စန်းစန်းနု

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၂၄၃)နေ (ဦးသိန်းဝေ-ဒေါ်ထားထားခင်)တို့၏သမီး၊ ဦးသန်းမြင့်-ဒေါ်နွယ်နွယ်ဦး၊ ဦးသန်းဦး၊ ဦးတင်မောင်-ဒေါ်သန္တာဦးတို့၏မိခင်၊ မြေးခုနစ်ယောက် မြစ်နှစ်ယောက်တို့၏အဘွားသည် ၄-၇-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၉ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ မြင်တော်သာအိမ်ရာ၊ မြင်တော်သာလမ်း၊ တိုက်အမှတ် (၇)၊ အခန်းအမှတ် (၁၀၂)၊ ပထမထပ်၊ ဧရိယာ (၃၀ ပေ × ၄၀ ပေ) ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိထား ပိုင်ဆိုင်လျက်ရှိသူ ဦးမြင့်ထွန်း (၉/မနန (နိုင်) ၀၆၆၆၈၉) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရံငွေပေးချေပြီး ဖြစ်ပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးဇော်လတ် (LL.B)

တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၀၃၀)

အမှတ်-၉၇(ပထမထပ်)၊ ၃၉-လမ်း(အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း ၀၉-၂၅၄၁၀၅၅၅

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀-သုဝဏ္ဏ (လှသုံးကုန်စက်ရုံအနီး)၊ မြေကွက်အမှတ်-၁၃၇/ခ၊ ဧရိယာ (၀.၀၄၁) ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားပိုင်ဆိုင်လျက်ရှိသူ ဒေါ်နန်းရင် (၁၃/လရန (နိုင်) ၀၀၂၀၅၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရံငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးဇော်လတ် (LL.B)

တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၀၃၀)

အမှတ်-၉၇(ပထမထပ်)၊ ၃၉-လမ်း(အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း ၀၉-၂၅၄၁၀၅၅၅

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ခင်

အသင်းဝင်အမှတ်(၄၁၄)

အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ်(၅၃/၃၀၁)နေ (ဦးဘအောင်-ဒေါ်သိန်းဟန်)တို့၏သမီး ဒေါ်ခင်ခင်သည် ၁-၇-၂၀၁၉ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးသိမ်းငွေ (MEPE-ငြိမ်း)

အသက်(၈၂)နှစ်

(ဦးချိန်-ဒေါ်ငယ်) တို့၏သား၊ ဒေါ်လှချစ်၏ခင်ပွန်း၊ ဦးမြင့်စိုး (MITV)၊ ဒေါ်သင်းသင်းမြတ်၊ ဦးခင်ဇော်-ဒေါ်မြင့်မြင့်ချို၊ ဦးငြိမ်းအောင်-ဒေါ်ခင်သီတာအေး၊ ဦးအောင်မိုးသူ(MOEE)-ဒေါ်နော်ဇာလင်းအောင်၊ ဦးမျိုးဇော်(YEFC)တို့၏ဖခင်၊ မြေး/မြစ်ငါးယောက်တို့၏အဘိုးသည် ၄-၇-၂၀၁၉ရက်နံနက် ၁၀နာရီတွင် ဒဂုံမြောက်၊ (၃၇) ရပ်ကွက်၊ စပေါင်းရုံးလမ်း၊ အမှတ် ၇၂၃ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၁၉ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဦးဇအောင်

(စစ်တွေမြို့)

အထက်တန်းကျောင်းအုပ်ဆရာကြီး

(ငြိမ်း)

အသက်(၇၄)နှစ်

စစ်တွေမြို့နေ (ဦးအောင်ကျော်-ဒေါ်မိုးသာ)တို့၏သား၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်ရေကန်လမ်း၊ တိုက် ၆၉၊ အခန်း-၇လွှာ-Aနေ ဒေါ်မြနု (အလယ်တန်းကျောင်းအုပ် - ငြိမ်း၊ စစ်တွေ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစံသိန်း-ဒေါ်ခိုင်စိန်၊ ဒေါက်တာဇသိန်း-ဒေါ်ခိုင်ခိုင်စောတို့၏ညီ/မောင်၊ ဒေါ်မြစိန် (ထပြ-ငြိမ်း) ၏အစ်ကို၊ ဒေါ်အေးမြဝေ (မအူပင်ကွန်ပျူတာတက္ကသိုလ်)၊ ဒေါ်နှင်းစုဝေ( Grand Hanthar International Hospital) တို့၏ချစ်လှစွာသောဖခင်သည် ၃-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၉ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများမွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးကျော်ဝင်း(ငြိမ်း) က·က·ဝယ်-ဒေါ်အေးအေးကြည်(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး) တို့၏မိခင် ဒေါ်စောတင် အသက်(၉၆)နှစ် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ခင်အုံးမြင့်-ဒေါ်ခင်မာကြူ မိသားစု**

**ပျဉ်းမနား**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဦးရဲမြင့်** [ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သစ်တောဦးစီးဌာန]

အသက်(၈၈)နှစ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်(ငြိမ်း) ဦးတိုးအောင်မြင့်-ဒေါ်မာလာဟန်တို့၏ဖခင်သည် ၂၉-၆-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**

**စားသုံးသူရေးရာဦးစီးဌာန**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမင်းခန့်(ခ)ဦးမြင့်သိန်း (ဒိုက်ဦးမြို့)

မန်နေဂျာ၊ ကုန်သွယ်လယ်ယာ(ငြိမ်း)

အသက်(၇၆)နှစ်

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၂)၊ ဗိုလ်မင်းရောင်လမ်း၊ အိမ်အမှတ် ၃/၃၉၀ နေ(ဦးထွန်း-ဒေါ်သိန်း)တို့၏သား၊ (ဦးမောင်-ဒေါ်သိန်းတင်)တို့၏ သားသမက်၊ မြန်မာစာ ဒေါ်မြင့်နွယ်(အထပြ၊ ငြိမ်း၊ အထက-၁)(ပန် ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ယမင်းထွန်း (DAMCO Co.Ltd)၊ ဦးအောင်မျိုးခိုင်-ဒေါ်ကေသီဆွေ (Myanmar VB Co.,Ltd)၊ ဦးသန်းထွေးအောင်-ဒေါက်တာမင်းခိုင်သင်း(ဗဟိုစည်ဆေးရုံ)တို့၏ဖခင်၊ မောင်အောင်ခန့်ပိုင်၊ မခိုင်မေဖူးသွယ်တို့၏အဘိုးသည် ၄-၇-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၉ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။ (ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

## ဒေါက်တာခင်ဝင်းသက်

ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကုသရေးဦးစီးဌာန

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)

အသက်(၆၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အုန်းနဲ့ကျေးရွာနေ (ဦးတင်မြင့်-ဒေါ်အေးမင်း)တို့၏သမီး၊ ဦးသိန်းကို၏တူမ၊ ဦးကျင်တိတ်၏ဇနီး၊ ဦးအေးမောင်မောင်သက်(အကောက်ခွန်ဦးစီးဌာန)-ဒေါ်နန်းဖြူစင်အေးတို့၏မိခင်၊ မယွန်းလေးမေသက်၊ မကြယ်စင်မေသက်တို့၏အဘွားသည် ၄-၇-၂၀၁၉ရက် (ကြာသပတေးနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာခင်ဝင်းသက်

ညွှန်ကြားရေးမှူး(ငြိမ်း)

ကုသရေးဦးစီးဌာန

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

အသက်(၆၅)နှစ်

မိခင်သဖွယ်၊ အစ်မကြီးသဖွယ် ရှိသေလေးစားအားကိုးရပါသော မမဒေါက်တာခင်ဝင်းသက်သည် ၄-၇-၂၀၁၉ရက် နံနက် ၅း၄၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် မမပြုခဲ့သော ဒါန၊ သီလများကြောင့် မြင့်မြတ်သောဘုံတွင် ငြိမ်းချမ်းစွာရှိပါစေကြောင်း ဆုမွန်တောင်းဆန္ဒပြုပါသည်။

**ယခင်ကုသရေးဌာနခွဲမှ**

**လုပ်ဖော်ကိုင်ဖက်မောင်၊ ညီမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာခင်ဝင်းသက်

## ညွှန်ကြားရေးမှူး(ငြိမ်း)

## အသက်(၆၅)နှစ်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာခင်ဝင်းသက်သည် ၄-၇-၂၀၁၉ ရက် နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးမိသားစု**

## ဒေါ်စောတင် (ဖျာပုံ)

အသက်(၉၆)နှစ်

ဖျာပုံမြို့၊ ပထမလမ်း၊ အမှတ်(၇၂)နေ (ဦးသန်းခိုင်)၏ဇနီး၊ ဗိုလ်မှူးကြီးကျော်ဝင်း(ငြိမ်း)(ကကဝယ်)-ဒေါ်အေးအေးကြည် (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၊ ဒေါ်မြင့်မြင့်အေး၊ ဦးဝင်းကို-ဒေါ်မြင့်မြင့်စိန်၊ (ဦးဟန်အေး)၊ (ဦးအောင် ဇင်)-ဒေါ်မျိုးမျိုး၊ ဦးမြတ်နိုး-ဒေါ်သင်းသင်းအေးတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၄-၇-၂၀၁၉ရက် နံနက် ၂း၂၅နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ် ပုလဲမြို့နယ်၊ ပုလဲ(၃)ရပ်ကွက်၊ မြစပယ်လမ်း၊ အမှတ် ၃၁မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၁၉ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

## ဦးမောင်မောင်ခင်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း-PPE(ငြိမ်း)

အသက်(၈၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ဓမ္မသုခလမ်း၊ အမှတ် ၅၉၆နေ (ဒေါ်တင်ကြည်)(စက်မှု- ၁၊ ငြိမ်း)၏ခင်ပွန်း၊ (ဦးသန်းလွင်ဦး)၊ (ဦးမင်းဆွေ)၊ ဦးရဲလွင်ကျော်-ဒေါ်တင်တင်ခိုင်၊ ဦးသိန်းဝင်း-ဒေါ်ခင်ခင်နိုင်၊ ဦးညီညီမင်း-ဒေါ်သင်းသင်းဝေစိုး၊ ဦးမင်းသန့်(ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန)-ဒေါ်ကြည်ကြည်ခိုင်(ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန)တို့၏ဖခင်၊ ဒေါက်တာခင်သူဇာအောင်(သဃ်န်းကျွန်းစံပြဆေးရုံ)၊ မောင်ဇင်မင်းပိုင်၊ မနှင်းနန္ဒာဝင်း၊ မအိမ့်ဖြိုးခိုင်၊ မရွှန်းလဲ့သီးမင်း၊ မမိုးပြည့်ဇွန်မင်း၊ မဖြိုးပြည့်ဇွန်မင်းတို့၏အဘိုးသည် ၃-၇-၂၀၁၉ရက် ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူ အားရည်စူး၍ ၉-၇-၂၀၁၉ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးအောင်သန်း (B.A,B.L)

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အခွန်အယူခံခုံအဖွဲ့ရုံး

ပြည်တွင်းအခွန်များဦးစီးဌာန

အသက်(၈၄)နှစ်

မလှိုင်မြို့နေ (ဦးသန်း-ဒေါ်သန်းစိန်)တို့၏သား၊ (ဦးဉာဏ်စိုး)-ဒေါ်အေးအေးစိန်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန)တို့၏ဖခင်၊ ဒေါက်တာထက်အာကာဉာဏ်စိုး၏အဘိုး၊ ရန်ကုန်မြို့နေ ဒေါက်တာချစ်-ဒေါ်ကြည်ကြည်ညွန့်၊ ဦးလှမြင့်(စစ်ကိုင်း)၊ ဦးအောင်မြတ်-ဒေါ်မြတ်လေး(မလှိုင်)၊ (ဦးထွန်းရီ)-ဒေါ်ခင်ခင်အေး၊ (ဦးဇော်မြင့်)-ဒေါ်ခင်မျိုးတင့်တို့၏ အစ်ကို၊ တူ၊ တူမ ၁၄ယောက်တို့၏ ဦးကြီးသည် ၄-၇-၂၀၁၉ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ၆နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉) ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်းမ၊ လုံးသွယ်လမ်း၊ အမှတ် ၁၉၂နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးကျော်

ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်(ကညော်)

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂)မြောက်ရပ်ကွက်၊ အနော်မာ ၁၉လမ်း အနောက်၊ အမှတ်(၄၂)နေ (ဒေါ်သန်းမြင့်)၏ခင်ပွန်း၊ ဦးဝင်းဦး(မြန်မာ့အလင်းသတင်းစာတိုက်)-ဒေါ်သင်းသင်းအောင်၊ ဒေါ်မို့မို့ဝင်း၊ ဒေါ်ခင်မိုးမိုး၊ ဒေါ်ဖြူမ၊ ဒေါ်သန်းသန်းထွေး၊ ဦးကျော်ငွေးဝင်း(UNI Air Con:)၊ ဦးလင်းတိန်တို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၄-၇-၂၀၁၉ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၉ရက် မွန်းလွဲ ၂း၃၀နာရီတွင် ကျီးစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်

အသက်(၇၅)နှစ်

သူငယ်ချင်းစိုးဝေ(ဗိုလ်ကြီး-ငြိမ်း)၏ဖခင် ဦးခင်မောင်သည် ၂-၇-၂၀၁၉ရက် ည ၈နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလေးကောင်းရာသုဂတိလားပါစေ။**

**OTS(102)ကျောင်းဆင်းအရာရှိများနှင့်မိသားစုဝင်များ**

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးခိုင်ခန့်မုန်(U Khai Khan Mung)

**Hang Sawk Beh**

အသက်(၅၉)နှစ်

ချင်းပြည်နယ်၊ တွန်းဇန်မြို့နယ်၊ တီးတွမ်းရွာနေ (ဗိုလ်ကြီးဆွန်ခန့်ထန်-ဒေါ်ညောင်ခိုဒိမ်း)တို့၏သား၊ (ဒေါက်တာ ပီတာခမ်လျန်းပေါင်)-ဒေါက်တာအေးအေးငွန်၊ (ဦးခင်းလျန်းထန်)-ဒေါက်တာမိုင်မေခင်၊ (ဦးကပ်ခင်းမန်)တို့၏ညီ၊ ဒေါ်ကျိုန်လမ်း ညောင်-ဦးကမ်းကျင့်ဟောက်၊ ဒေါ်ကျိုန်လျန်းဝုန်-ဒေါက်တာဝမ်းလျန်းထန်၊ ဒေါ်ကျိုန်ဟောက်မန်း-(ဦးဝုန်းလျန်းထန်)၊ (မနွမ်း လွန်းကျိုန်)၊ ဒေါ်ရှမ်းမွမ်းကျိုန်-ဦးဝုန်းဇခန့်တို့၏အစ်ကို၊ တီးတိန်မြို့၊ စကောလမ်းရပ်ကွက်၊ ကွက်အမှတ် ၇၁၊ ဦးပိုင်၇၉၊ (စ/၁၄၈)နေ ဦးခိုင်ခန့်မုန်(ခေတ္တ-မလေးရှား) သည် ၈-၆-၂၀၁၉ရက် (စနေနေ့) ညနေ ၆း၂၆နာရီတွင် ကွာလာလမ်ပူမြို့ Banting ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၉ရက် (တနင်္လာနေ့) တွင် မလေးရှားနိုင်ငံ စံတော်ချိန် မွန်းတည့် ၁၂နာရီတွင် ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အဘက်ဘက်မှ စေတနာဖြင့် ကူညီပံ့ပိုးပေးခဲ့ကြသော ZAM အဖွဲ့၊ ခုနစ်ရက်သားသမီး နာရေးကူညီမှုအသင်းနှင့် ဆွေမျိုးမိတ်သင်္ဂဟများအပေါ်၌လည်း အထူးကျေးဇူးတင်ရှိပါသည်။

[၆-၇-၂၀၁၉ရက် (စနေနေ့) ညနေ ၆နာရီတွင် မန္တလေးမြို့၊ ၃၁လမ်း၊ ၈၂×၈၃လမ်းကြား၊ ဝိတိုရိယဟိုတယ်၌ အောက်မေ့ဘွယ်ဆုတောင်းအစီအစဉ် ပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ကြွရောက်ပေးကြပါရန် အကြောင်းကြားအပ်ပါသည်။] **ကျန်ရစ်သူ ညီမများနှင့် မိသားစုများ**

# အောင်လအန်ဆန် International Fighter of the Year ဆု ဆွတ်ခူး

**ရန်ကုန် ဇူလိုင် ၄**

Fighter Only မဂ္ဂဇင်းက ရွေးချယ်ချီးမြှင့်သည့် World MMA Awards 2019 ဆုပေးပွဲကို ဇူလိုင် ၃ ရက် (မြန်မာစံတော်ချိန် ဇူလိုင် ၄ ရက် နံနက်ပိုင်း) က အမေရိကန်နိုင်ငံ လက်စ်ဗေးဂတ်စ်၌ ကျင်းပခဲ့ရာ ONE ဝိတ်တန်းနှစ်ခုချန်ပီယံ အောင်လအန်ဆန်က International Fighter of the Year ဆုကို ဆွတ်ခူးရရှိခဲ့သည်။

Fighter Only မဂ္ဂဇင်းသည် ယင်းဆုများကို ၂၀၀၈ ခုနှစ်က စတင်ချီးမြှင့်ခဲ့ပြီး ဘက်စုံကိုယ်ခံပညာသုံး MMA အားကစားလောကတွင် ဂုဏ်သိက္ခာမြင့်မားသည့် ဆုချီးမြှင့်ပွဲလည်းဖြစ်သလို အဖွဲ့အစည်းအသီးသီးက ကျင်းပနေသည့် ဘက်စုံကိုယ်ခံပညာသုံးပြိုင်ပွဲများအားလုံးမှ အကောင်းဆုံးကစားသမားများကို ရွေးချယ်ချီးမြှင့်ခြင်းဖြစ်သည်။ ONE Championships မှ ကျင်းပနေသည့် ပြိုင်ပွဲများတွင် အောင်မြင်မှုရပြီး ဝိတ်တန်းနှစ်ခု ချန်ပီယံဖြစ်ခဲ့သည့် အောင်လအန်ဆန်သည် ယခုနှစ် အနည်းငယ်အတွင်း အောင်မြင်မှုများ ဆက်တိုက်ရလာပြီး ယခုဆုပေးပွဲတွင် ဆုနှစ်ခုအတွက် ဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့ကာ International Fighter of the Year ဆုကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် International Fighter of the Year ဆုဆန်ခါတင်စာရင်းတွင် UFC တွင် ရှုံးပွဲမရှိသေးသည့် ဝှေခါးပတ်ချန်ပီယံ နာမည်ကြီး ရုရှားနိုင်ငံသား ခါဘစ် (UFC)၊ မူဆာဆီ (Bellator)၊ အူစမန် (UFC)၊ အာဒေးဆန်ညာ (UFC) တို့နှင့်အတူ ပါဝင်ခဲ့ပြီး ၎င်းတို့ကို ကျော်ဖြတ်ကာ ဆုရရှိခဲ့ခြင်းဖြစ်သည်။ Charles "Mask" Lewis Fighter of the Year ဆုကိုမူ ကော်မီယာ (UFC) က ရရှိခဲ့ပြီး အောင်လအန်ဆန်နှင့်အတူ ခါဘစ်၊ မူဆာဆီနှင့် ပွဲုင်ရီယာတို့မှာ ဆန်ခါတင်စာရင်းဖြင့်ပင် ကျေနပ်ခဲ့ရသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ◆




အောင်လအန်ဆန်အား ယခုနှစ်ကျင်းပသည့် မစ်ဒယ်ဝိတ်တန်း ချန်ပီယံဆုကာကွယ်ပွဲအပြီး တွေ့ရစဉ်။
ဓာတ်ပုံ- အောင်လအန်ဆန် Facebook

မြဝတီမြို့တွင် မိန်းကလေးငယ်တစ်ဦးကို အဘွားနှင့်အဒေါ်များက တရုတ်နိုင်ငံသို့ ရောင်းစားမှုဖြစ် စာ » ၁၃

ကားမောင်းခွင့်ရသော်လည်း နောက်ထပ်အခွင့်ရေးတွေ လိုအပ်နေဆဲဖြစ်သည့် ဆော်ဒီအမျိုးသမီးများ စာ » ၁၅



ရတနာပုံနှင့် ရန်ကုန်အသင်း ပထမအကျော့ တွေ့ဆုံခဲ့စဉ်။ ဓာတ်ပုံ-စိုးညွန့်

## MNL ပွဲစဉ် (၁၅) တွင် ရန်ကုန်နှင့် ရတနာပုံ ထိပ်တိုက်တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၄

**၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၅) ကို ဇူလိုင် ၆၊ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အစဉ်အလာရှိသည့် ပြိုင်ဘက်များဖြစ်သော လက်ရှိချန်ပီယံ ရန်ကုန်နှင့် ရတနာပုံ အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။**

ပွဲစဉ် (၁၅) အဖြစ် ဇူလိုင် ၆ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ရတနာပုံအသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံအသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ဟံသာဝတီအသင်း၊ ဇူလိုင် ၇ ရက်တွင် မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် စစ်ကိုင်းအသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် Chinland အသင်း၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ် (၁၄) အပြီးတွင် ရန်ကုန်အသင်း က ၂၇ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၂၆ မှတ်၊ ဟံသာဝတီအသင်းက ၂၅ မှတ်၊ ဧရာဝတီအသင်းက ၂၄ မှတ်၊ စစ်ကိုင်းအသင်းက ၂၃ မှတ်၊ ရတနာပုံအသင်းက ၂၀ မှတ်၊ ရခိုင်အသင်းက ရမှတ် ၂၀၊ ဇွဲကပင်အသင်းက ၁၅ မှတ်၊ ဒဂုံအသင်းက ၁၃ မှတ်၊ Southern အသင်းက ၁၂ မှတ်၊ မကွေးအသင်းက ၁၁ မှတ်၊ Chinland အသင်းက ကိုးမှတ်ရထားသည်။ ရတနာပုံအသင်းသည် ငါးပွဲဆက်တိုက်နိုင်ပွဲပျောက်ဆုံးနေသော်လည်း ပြိုင်ဘက်ဟောင်း ရန်ကုန်နှင့် တွေ့ဆုံနေသောကြောင့် *စာမျက်နှာ ၇ ကော်လံ ၅* ❒

## ကိုပါအမေရိကဖလား အကြိုဗိုလ်လုပွဲ၌ ပီရူးက ချီလီကို ဂိုးပြတ်အနိုင်ယူ နောက်ဆုံးဗိုလ်လုပွဲ ဘရာဇီးနှင့် ပီရူးတို့ ယှဉ်ပြိုင်မည်

**ပေါ်တိုအလီဂရီ ဇူလိုင် ၄**

တောင်အမေရိကဇုန်မှ ဖလားတစ်လုံးဖြစ်သော ကိုပါအမေရိကဖလားအကြိုဗိုလ်လုပွဲ ဒုတိယနေ့ပွဲစဉ်အဖြစ် ချီလီနှင့် ပီရူးအသင်းတို့ ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် အရီနာဒို ဂရီမီရိုကွင်းကြီး၌ ယှဉ်ပြိုင်ကစားခဲ့ကာ ပီရူးအသင်း သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် ချီလီအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ပီရူး အသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်လာကာ ကွင်းလယ်ဒိုင်အဖြစ် ကိုလံဘီယာနိုင်ငံသား ဝီလ်မာရိုဒန်ကတာဝန်ယူကိုင်တွယ်ခဲ့သည်။ ပထမပိုင်းတွင် ပီရူးတောင်ပံကစားသမား ကာရီလို၏ ဖန်တီးမှုများဖြင့် ပွဲချိန် ၂၁မိနစ်၌ အက်ဒီဆန် ဖလောရက်စ် က အဖွင့်ဂိုးသွင်းယူခဲ့ပြီး ၃၈မိနစ်တွင် ရိုချီမာယိုတွန်က ဒုတိယအနိုင်ဂိုး သွင်းယူပေးခဲ့သည်။ ပီရူးအတွက် တတိယမြောက်ဂိုးကို ပွဲပြီးခါနီး မိနစ်ကိုးဆယ်တွင် တိုက်စစ်မှူး ဂွါရဲယိုးကသွင်းယူခဲ့ပြီး နာကျင်အချိန်ပိုတွင် *စာမျက်နှာ ၇ ကော်လံ ၅* ❋



ချီလီနှင့် ပီရူးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ဂရန်း(ဒ်)ဟံသာ အင်တာနေရှင်နယ်ဆေးရုံကြီး ဖွင့်ပွဲ အထိမ်းအမှတ် အထူးအစီအစဉ်
GRAND HANTHA INTERNATIONAL HOSPITAL
ဇူလိုင် (၇) ရက်၊ ၂၀၁၉ တစ်ရက်တည်းသာ
(၁)ခုဝယ်လျှင် (၂)ခုလက်ဆောင်
DIAMOND GOLD
Member Card တစ်ကတ်လျှင် ကျပ် (၂၃) သိန်းမှ (၃၃) သိန်းကျော်တန်ဖိုးရှိ ကျန်းမာရေးစစ်ဆေးမှု အစီအစဉ်လက်ဆောင်များ ပါဝင်ပါသည်။
အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ✆ 01 231 7617, 01 523 000, 01 523 111